www.burmeseclassic.com

# စံ–ဇောတိစိုး

## သင့်မွေးရက်နှင့် အချစ်ကံကြမ္မာ




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးခင်မောင်ကြွယ် (မြ-၀၃၇၅၀)
ခြံအမှတ် (၂၇)
ယောမင်းကြီးလမ်းသွယ်
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်ဝင်းဝင်းအေး (မြ-၀၆၇၄၉)
ကောင်းသန့် ပုံနှိပ်တိုက်
အ-ထ-က(၆)၊
ဗိုလ်တထောင်ကျောင်းဝင်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း - နန်းစိုးဝင်း၊ အောင်မင်းဟန်

အတွင်းဖလင် - Colour King

ပုံနှိပ်ခြင်း - ပထမအကြိမ်

ပြီးစီးသည့်ကာလ - ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ

ဖြန့်ချိရေး
ကောင်းသန့်စာပေ
အမှတ် ၂၀၉၊ ပ -ထပ် (ယာ)
၃၈ လမ်း(ထက်)၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၄ ၂၃၊ ၃၈၁၄၃၁

အုပ်ရေ

တန်ဖိုး 1800

စံ-ဇာဏီဘို
၁၃၃.၅
သင့်မွေးရက်နှင့် အချစ်ကံကြမ္မာ/ စံဇာဏီဘို။- ရန်ကုန်၊
ကောင်းသန့်စာပေ၊ ၂၀၁၂။
၁၅၁ - စာ ၊ ၁၀ စင်တီ× ၁၆ စင်တီ
(၁) သင့်မွေးရက်နှင့် အချစ်ရေးကံကြမ္မာ

BURMESE CLASSIC .com

# သင့်မွေးရက် နှင့် အချစ်ရေးကံကြမ္မာ



## စံ-ဇာဏီဘို

www.burmeseclassic.com

www.burmeseclassic.com



ရှေးလွန်လေပြီးသော ဘီစီ ၄၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ တနင်္လာနေ့တွင် အနီရောင် ပန်းသီးတစ်လုံးကို သူနှင့်သူမအတူတကွ စားသုံး ခဲ့ရာမှ အချစ်ဟူသောအရာ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်ဟူ၍ ကျမ်းပြုပညာရှင်ကြီး "James Ussher" ကိုမ်းစ်အာရှာက "Trace Back To The Origin Of The World" "ကမ္ဘာအစသို့ ခြေရာခံခြင်း"ဟူ၍ အနက်ရှိသော ကျမ်းစာအုပ်ကို အေဒီ-၁၆၅၀ တွင် ရေးသားခဲ့သည်။

ထိုကာလမှစ၍ "သူပေါင်း" မြောက်မြားစွာနှင့် "သူမပေါင်း" မြောက်မြားစွာတည်ရှိသော မျက်မှောက်ကာလတိုင် ချိုမြိန်သောအနီရောင်သစ်သီးမှ စတင်သော အချစ်သည် နှလုံးသားဝန်းကျင် တစ်နေရာ၌ တိုးတိတ်ညင်သာစွာ ရှိချေသည်။ အကြောင်းတိုက်ဆိုင်သောကာလများတွင် နှလုံးသားတွင် ဓိုအောင်းငြိမ်သက်နေသောအချစ်သည် လှုပ်ခါသက်ဝင်လာ ထုထည်ကြီးမားပြီး နှိုင်းဆခြင်းငှာ မစွမ်းသာသော သံယောဇဉ်အနှောင်အဖွဲ့များနှင့် အခြားသောနှလုံးသားဆီသို့ စီးဝင်သွားကာ မည်သို့သော အရာကမှ တားဆီး ပယ်ဖျက် မရသော "LOVE" "အချစ်"ဟူသောအရာကို ဖြစ်တည်စေသည်။


အချစ်ရေး၊ မေတ္တာရေး၊ ကံကြမ္မာအနေ အထားနှင့် မေတ္တာရေးရာဖြစ်စဉ်၊ အခြေအနေအရပ်ရပ်နှင့်တကွ အချစ်ကံကြမ္မာအကောင်းအဆိုးတို့ကို အုပ်စု(၉)စု ခွဲခြားသည်။ အုပ်စုအသီးသီးကို ဂဏန်းနံပါတ်တပ် နံပါတ်(၁)မှ နံပါတ်(၉)အထိ ဝိသေသပြုခွဲခြားခဲ့ရာမှ အချစ်နံပါတ်(၁)မှ (၉)ဟူ ခွဲခြားခြင်းဖြစ်သည်။

ဤကဲ့သို့ အုပ်စု(၉)စုအား စနစ်တကျခွဲခြား သုံးသပ်ခဲ့သူကား ကမ္ဘာကျော်ဂရိအတွေးအခေါ် ပညာရှင်ကြီး "ပိုက်သာဂိုရပ်စ်" "Pythagoras" (BC 582-507)မှ စတင်သုံးသပ်ခဲ့ခြင်းဖြစ်သည်။ "ပိုက်သာဂိုရပ်စ်" သည် "သီးဗီးစ်" "Thebes" တွင်ရှိသော "အိုင်စစ်" "Isis" နတ်ဘုရားကျောင်းမှ ရှေးအီဂျစ်ဖာရို- "Pharaoh" ဘုရင်များသာ လေ့လာခွင့်၊ ဖတ်ခွင့်ရှိသောအလွန်ရှေးကျလှသည့် ကမ္ဘာဦးလောကီအတတ်ပညာကျမ်းတစ်ခုဖြစ်သော "Look for the Hidden Light"ဟူသော အင်္ဂလိပ်ဘာသာနှင့် အနက်ပြန်နိုင်သော ...."ပျောက်ကွယ်သော၊ ကွယ်သော အလင်းတန်းကို ရှာဖွေခြင်း"ဟူသောကျမ်းကို လေ့လာရာမှ

www.burmeseclassic.com

www.burmeseclassic.com

ဂဏန်း အသီးသီးတို့၏အနှစ်သာရနှင့် လူသားတို့ဆက်နွယ်မှုကို သိရှိလာသည်။ ထိုမှတစ်ဆင့် ဘီစီ ၇၃၈ တွင် ရောမကေရာဇ်"Romulus" "ရိုးမျုလပ်စ်" က စတင်ခဲ့သော ရှေးဟောင်းရောမပြက္ခဒိန်ကို အခြေတည် ပြက္ခဒိန်ရက်လများ အသီးသီးအလိုက် မွေးဖွားသောလူသားတို့၏ကံကြမ္မာကို ဟောပြောသည့်နည်းစနစ်ကို တီထွင်ခဲ့သည်။ ဂဏန်း ၉ ခုနှင့် အုပ်စု ၉ စုခွဲ ဂရိ-ရောမနတ်ဘုရားတို့၏ဒဏ္ဍာရီ ဖြစ်စဉ်တို့နှင့်ယှဉ်တွဲကာ လောကအကြောင်း၊ ချစ်ခြင်းမေတ္တာအကြောင်းနှင့် ဖြစ်ရပ်စုံတို့ကို သုံးသပ်ဟောပြောခြင်း ပြုလေတော့သည်။





## အချစ်နံပါတ်(၁)

မည်သည့်လတွင်မဆို ၁၊ ၁၀၊ ၁၉၊ ၂၈ ရက်နေ့တွင် မွေးသောသူများကို အချစ်နံပါတ် ၁ သမားများ ဟူ၍ သတ်မှတ်သည်။

"Apollo" အပိုလိုအချစ်ဟူ၍လည်း ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

မည်သည့်လတွင်မဆို(၁၊ ၁၀၊ ၁၉၊ ၂၈) ရက်တွင် မွေးသောသူတို့သည် (၁) ဂဏန်းသမားများဖြစ်သည်။ ကောင်းကင်ထက်မှ ထွန်းလင်းတောက်ပသော နေမင်း "Apollo" ကိုကိုယ်စားပြုသောသူများ ဖြစ်သည်။ ပြင်းထန်သော မေတ္တာစိတ်နှင့် အချစ်ကိုတန်ဖိုးထားသော သူများ ဖြစ်သည်။ စိတ်ခံစားချက်ကို ဦးစားပေးသည်။ အချစ်ကျိန်စာသင့်သောသူများဟုလည်းဆိုသည်။ "The Proud Lover" များဟုလည်း သတ်မှတ်သည်။ မာန်မာနများနှင့် ရောထွေးနေသောအချစ်ကို ပိုင်ဆိုင်သူများဖြစ်သည်။ အချစ်နှင့်အတ္တမာန ရောထွေးနေသော သဘာဝရှိသည်။

(၁)ဂဏန်းသမား ကျား/မ မရွေးတို့သည် ချစ်ခင်မြတ်နိုးမှု အနက်ရှိုင်းဆုံးသောသူထံမှ တုံ့ပြန်မေတ္တာကိုမရ။ အခြားအခြားသောသူထံမှ အချစ်မေတ္တာကို ရယူရသောသူ ဖြစ်သည်။

အချစ်ဆုံးသူနှင့် မေတ္တာမျှကိန်းမရှိ။ နီးလျက်နှင့် ဝေးလိမ့်မည်။ သုံးကြိမ်မှအထက် အချစ်ကံခေအသည်းကွဲပြီးမှ ဘဝအေးချမ်းမှုမေတ္တာနှင့် ကံကောင်းမှုကို ရရှိကြကုန်သည်။ စိတ်ဆတ်ခြင်း၊ ကြင်နာတတ်သော်လည်း ရက်စက်ရန် ဝန်မလေးခြင်း ဆင်ခြင်တုံတရားရှိလင့်ကစား ထင်ရာတဖွတ်ထိုးလုပ်တတ်ခြင်း၊ အချစ်ကိုရရှိလင့်ကစား တန်ဖိုးမထားတတ်ခြင်း၊ သဘာဝများကြောင့် မကြာခဏစိတ်အနှောင့်အယှက်ကြုံမည်။ အသည်းကွဲကိန်း သုံးကြိမ်မကကြုံပြီးနောက်ပိုင်း နှလုံးသားသည် တစ်စတစ်စတည်ငြိမ်မည်။ မေတ္တာအပေါ် တန်ဖိုးထားမည်။ ခွင့်လွှတ်နားလည်ခြင်းနှင့် မြင့်မြတ်သောအချစ်ကို ဖော်ဆောင်လိမ့်မည်။ ချစ်သူအပေါ် ဦးစားပေးမည်။ အလိုလိုက်အကြိုက်ဆောင်မည်။ အနိုင်ယူလာမှုအပေါ် ပေးဆပ်အရှုံးပေးမှု ဖြစ်မည်။ တစ်စစီကွဲကြေသွားသော တဖွတ်ထိုးနှလုံးသားအကာအရံအောက်မှ သိမ်မွေ့သော၊ အေးချမ်းသောအချစ်စစ်ပေါ်ထွန်းလာသူများဟု သတ်မှတ်သည်။ ကိုယ်က အချစ်ကံခေပြီးမှ ကိုယ်နှင့်တွေ့သူ အချစ်ကံကောင်းမည်။

## (၁) ဂဏန်းသမား ၄ မျိုး

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၁) ရက်နေ့တွင်** မွေးသောသူများကို "Magician" ပဥ္စလက်ဆရာများဟု သတ်မှတ်သည်။ ပရိယာယ်မာယာကို အသုံးချတတ်သည်။ လှည့်စားမှုအပေါ် အစစ်အမှန်ဟုထင်မြင်စေသည်။ မူလပကတိ သန့်ရှင်းသောနှလုံးသားအပေါ် အချစ်အသည်းခွဲလက်ဦးဆရာတို့၏ လှည့်စားမှု၊ မာယာများမှု၊ ရှေ့တစ်မျိုး၊ ကွယ်ရာတစ် မျိုး၊ အသည်းခွဲပညာပေးခြင်းများကို ခံယူပြီး အတွေ့အကြုံများမှ ကိုယ်တိုင် သည်လည်း သူတစ်ပါးအပေါ် ပါးပါးနပ်နပ်ပညာပြ၍ ချစ်တတ်သူများဖြစ်သည်။ ချစ်သူကို ပျော်ရွှင်ချမ်းမြေ့အောင်ဆောင် ရွက်နိုင်သည်။ မှော်ပညာရှင်အလား ချစ်သူ ကို ညှို့ယူနိုင်စွမ်းရှိသည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၁၀) ရက်နေ့တွင်** မွေးသောသူများကို "The Loner" အထီးကျန်ဆန်သောသူများဟု သတ်မှတ်သည်။ စိတ်ခံစားမှုပြင်းထန်သည်။ စိတ်



www.burmeseclassic.com

www.burmeseclassic.com

တက်လွယ်၊ ကျလွယ်သည်။ ချစ်ခြင်းမေတ္တာအပေါ် တန်ဖိုးထားသည်။ အချစ်ဘဝလမ်းကြောင်း ဖြောင့်ဖြူးသည်ဟူ၍ မရှိ။ ချစ်သူများမယောင် ပျော်ရွှင်သောဝန်းကျင် ရှိမယောင်နှင့် မိမိအပေါ် အမှန်တကယ်နားလည်သောသူများနှင့် တွေ့ရန်မရှိ၊ ကိုယ်ကသာလျှင် သူတစ်ပါးကို ပေးဆပ်ရမည်။ ကိုယ့်အပေါ် အကြောင်းပြု၍ သူတစ်ပါးတို့ ပျော်ရွှင်သွားလိမ့်မည်။ ပေးဆပ်မည့်နှလုံးသား ပိုင်ရှင်များဖြစ်သည်။ ကိုယ်က ချစ်သလောက် ကိုယ့်အပေါ် ပြန်ချစ်သောသူ တွေ့ရန် ခဲယဉ်းမည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၁၉) ရက်တွင်** မွေးသောသူများကို "Lucky Boss" များဟု ခေါ်သည်။ ချစ်ကံကောင်းသည်။ စိုးမိုးနိုင်သည်။ စိတ်ချမ်းမြေ့မှုများစွာနှင့် ဘဝကို ကျော်ဖြတ်နိုင်မည်။ အချစ်ကြောင့် ဘဝတစ်ဆစ်ချိုး ပြောင်းလဲမည်။ ကိုယ်သာချစ်တတ်သောသူများနှင့် ကြုံတွေ့ရမည်။ ချစ်သူများမည်။ ကိုယ့်အပေါ်အလိုလိုက် အကြိုက်ဆောင်သော တုံ့ပြန်မေတ္တာရှင်များနှင့်တွေ့၍ ဘဝ အေးချမ်းမည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၂၈) ရက်တွင်** မွေးသောသူများကို "Tear Eyes" မျက်ရည်စများနှင့် စွတ် စိုနေသောမျက်ဝန်းရှင်များဟု သတ်မှတ်သည်။ စိတ်ခံစားမှု ပြင်းထန်သည်။ သိမ်မွေ့သောနှလုံးသားကို ပိုင်ဆိုင်သည်။ ကြည်နူးသောအခါ၌ မျက်ရည်ယိုစီးကျလာတတ်သည်။ အချစ်ရေးတွင်ကား ငိုကြွေးခြင်းများစွာ၊ မျက်ရည်စက် သိန်းသန်းများစွာကျပြီးမှ စစ်မှန်သောအချစ်ကို ရရှိပိုင်ဆိုင်မည်။ ကိုယ့်အတွက်လည်း တစ်ပါးသူမျက်ရည်ကျတတ်သည်။ အေးတိအေးစက်နှင့် ခေါင်းမာထင်ရာစိုင်းမှုကြောင့် အချစ်ရေး၊ မေတ္တာရေးတွင် စိတ်အနှောင့်အယှက် ကြုံပြီးမှ အဆင်ပြေမှုများ ရရှိမည်။



**ဖွားစာကံ**

(၁)ဂဏန်းသမား(၄)မျိုး တို့၏ ဖွားစာ ကံအနေအထား ကံဆုံမည့်သူများ၊ မိမိ အသည်းခွဲမည့်သူများကို အသေးစိတ် တင်ပြရသော်....

**(၁) ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို(၁၊ ၆၊ ၁၃) ရက်တွင်** မွေးသောသူများသည် Soul Mate ဝိညာဉ်ချင်း ပေါင်းစည်း ဆက်နွယ်ခွင့်ရှိသောသူများဟု သတ်မှတ်သည်။ ဖွားစာ ဆုံမှု အမြင့်မားဆုံးသောသူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃၊ ၁၂၊ ၂၀)ရက်နေ့တွင် မွေးသောသူများနှင့် မေတ္တာမျှက အခက်အခဲများ ကြုံမည်။ ပြီးမှပြန်လည် ဆက်စပ်ကာ အလွန်ချစ်ကြည်ပြီး ဖူးစာဆုံမည်။

(၂၊ ၈၊ ၁၀)ရက်နေ့တွင် မွေးသောသူများသည်ကား ကိုယ့်အပေါ် အသည်းခွဲမည့်သူများ ဖြစ်သည်။ ဆုံစည်းကိန်းလည်း မရှိ။ စိတ်ညစ်ရမည်။ သောကပွေမည်။ ကျန်ရက်တွင် မွေးသောသူများသည်ကား ဖူးစာဆုံရန် ပုံမှန်ကံသာ ရှိသည်။ ပတ်ဝန်းကျင်ကြောင့် ဖြစ်စေ၊ မိဘလုံ့ဆော်မှုကြောင့်ဖြစ်စေ ဆုံစည်း ခြင်းကြုံမည်။ ချိုမြိန်သော မေတ္တာကိုလည်း ရမည်မဟုတ်။ ရက်စက်ခါးသီးမှုကိုလည်း မပြု။ ပုံမှန်သာအကျိုးပေးသော သဘာဝရှိသည်။

## (၁၀)ရက်နေ့တွင်မွေးသောသူများ

❖ **မည်သည့်လတွင်မဆို (၁၊ ၂၊ ၂၄)ရက်နေ့တွင်** မွေးသောသူများနှင့် ဖူးစာဆုံကိန်း အမြင့်မားဆုံးဖြစ်သည်။ အပြန်အလှန် သံယောဇဉ်နှောင်ဖွဲ့ခြင်း၊ သမားရိုးကျဆုံစည်းမှုမဟုတ်။ ရှေးရေစက်ကြောင့်ဆုံခြင်းဖြစ်သည်။ Soul Mate ဝိညာဉ်ချင်းဆုံမှု အမြင့်ဆုံးဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှတ မပျက်ယွင်းသော မေတ္တာအထိဆုံစည်းရကိန်းရှိသည်။

(၁၄၊ ၂၂၊ ၃၀)ရက်နေ့တွင် မွေးသောသူများနှင့် ဒုတိယအဆင့် ဆုံစည်း မှုကံပါပေသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မေတ္တာမျှပြီးနောက် ဖြတ်သန်းရသော မေတ္တာလမ်းကြောင်းကြမ်းတမ်းမည်။ ဝေးကွာသွားမည်။ ပြီးမှပြန်လည်ဆုံစည်းမည်။





(၆၊ ၉၊ ၁၂)ရက်နေ့တွင် မွေးသောသူများသည် မိမိအားအသည်းခွဲလိမ့်မည်။ အချစ်ရေး အဆင်ပြေမည်မဟုတ်။ ဆုံစည်းမည်မဟုတ်။ ဆုံစည်းခွင့်မရှိ။

အခြားရက်များတွင် မွေးသောသူများ သည်ကား မိဘများစီစဉ်မှုကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်စီစဉ်မှုကြောင့် လည်းကောင်း ဆုံစည်းမည်။ မမျှော်လင့်ဘဲ ရုတ်တရက် အိမ်ထောင်ကျခြင်းမျိုးလည်း ရှိတတ်သည်။ သူ့တွင်လည်း ချစ်သူရှိ၊ ကိုယ့်တွင်လည်း ချစ်သူရှိ မမျှော်လင့်ဘဲ ဆုံစည်းခြင်းမျိုးဖြစ်မည်။

## (၁၉)ရက်နေ့တွင်မွေးသောသူများ

❖ **လစဉ်လတိုင်း၏ (၁၂၊ ၁၆၊ ၁၉)ရက်နေ့**တွင်မွေးသောသူများနှင့် ဖူးစာဆုံကိန်း အမြင့်ဆုံးဖြစ်သည်။ အပြန် အလှန်ဆုံစည်း ချစ်ခင်မည်။ ဝိညာဉ် မိတ်ဖက် "Soul Mate" များဖြစ်သည်။

(၃၊ ၇၊ ၁၅)ရက်နေ့တွင် မွေးသူများ သည်ကား မိမိအတွက် သင့်တင့်လျော်ညီသော "Compatible Partners" များဖြစ်သည်။ ဒုတိယအဆင့် ဆုံစည်းကိန်းရှိသူများဖြစ်သည်။

(၄၊ ၂၅၊ ၂၇)ရက်နေ့ မွေးသူများနှင့် ဖူးစာဆုံစည်းကိန်းမရှိ။ ကိုယ့်အပေါ် သစ်စိမ်းချိုးချိုး၍ အသည်းခွဲသောသူများ ဖြစ်မည်။

အခြားနေ့ မွေးသောသူများနှင့် မေတ္တာမျှ ပုံမှန်အကျိုးပေးသည်။ ကောင်းခြင်းဆိုးခြင်း ထူးထူးပြားပြား ဝေဖန်ရန်မရှိပါ။ ဆုံစည်းရန် ပုံမှန်အနေ အထားရှိသည်။ အချစ်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



အရာထက် အပြန်အလှန်သံယောဇဉ်တစ်စုံတစ်ရာ နှယ်ယှက်မှုပေါ် အခြေတည်၍ ဆုံစည်းမှုသာ ဖြစ်သည်။

**(၂၈)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၇၊ ၁၄၊ ၂၈) ရက်နေ့** မွေးသောသူများနှင့် ဆုံစည်းရန်ဖူးစာကံ အမြင့်မားဆုံး ဖြစ်သည်။ ဝိညာဉ်ချင်းဆက်နွှယ်မှုအမြင့်မားဆုံး "Soul Mate" များ ဖြစ်သည်။

(၃၊ ၁၁၊ ၂၉)ရက်နေ့တွင် မွေးသူများသည် သဘောညီမျှ၍ ညီညွတ်သင့်တင့်လျောက်ပတ်သော "Compatible Partners" များဟု သတ်မှတ်သည်။ ဖူးစာကံဆုံရန် ဒုတိယအဆင့် အားကောင်းသည်။

(၄၊ ၆၊ ၂၈)ရက်နေ့တွင် မွေးသူများနှင့် ပေါင်းစည်းကဝမ်းနည်းကြေကွဲခြင်းနှင့် အဆုံးသတ်ရမည်။ ရေရှည်အကျိုးပေးခြင်းမရှိ။

ကျန်နေ့မွေးသောသူများသည်ကား ဖူးစာကံဆုံရန် ပုံမှန်အနေအထားသာ ရှိသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ဖူးစာဆုံခြင်းမျိုး ဖြစ်တတ်သည်။ ကောင်းခြင်းဆိုးခြင်း ဝေဖန်ရန်မရှိ။ ပုံမှန်ဖူးစာရှင်မျိုးဖြစ်သည်။





## အချစ်ကံကြမ္မာ

(၁)ဂဏန်းသမား အားလုံးတို့အတွက်နှစ်စဉ် နှစ်တိုင်းတွင် –

- Mar 21st မှ Apl 28th ကြား
- July 21st မှ Aug 31st ကြား
- Oct 21st မှ Nov 27th ကြား

အချိန်ကာလများ ရောက်လေသောအခါ အထူး စန်းပွင့်မည်။ မေတ္တာရေး ကံကောင်းသည်။ လူချစ်လူခင်ပေါ်များမည်။ ပြောရေးဆိုရေးအဆင်ပြေမည်။ အချစ်ကံကောင်းကာလ "Lucky Love Preiod" ဟု သတ်မှတ်သည်။

တနင်္ဂနွေနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့များသည် (၁)ဂဏန်းသမားများအတွက် အချစ်ကံကောင်းသောနေ့များဖြစ်သည်။ "Lucky Days of Love" ဟု သတ်မှတ်သည်။ ၎င်းရက်များတွင် အချစ်ရေးတွင်ကြုံတွေ့သော အ

www.burmeseclassic.com

www.burmeseclassic.com

ခက်အခဲများ ဖြေရှင်းနိုင်မည်။ ချစ်သူနှင့်မိမိအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်မှုပြုရန်အထူးကောင်းသည်။

**(၁)ဂဏန်းသမားလေးမျိုးအလိုက် ဝိသေသကံထူးသောရက်များသည်ကား....**

တနင်္ဂနွေနေ့များသည် (၁၊ ၂၈) ရက်နေ့ မွေးသူများအတွက် အချစ်ကံ အထူးကောင်းသည်။

ဗုဒ္ဓဟူးနေ့သည် (၁၀)ရက်နေ့ မွေးသူများအတွက် ချစ်ကံကောင်းသောရက် ဖြစ်သည်။

သောကြာနေ့သည် (၁၉) ရက်နေ့ မွေးသူများအတွက် အချစ်ရေးကံ အထူးကောင်းမည်။

(၁)ဂဏန်းသမားများ အားလုံးအတွက် လစဉ်လတိုင်းတွင် အချစ်ကံခေရက်များရှိသည်။ ထိုရက်များတွင် ချစ်ရေးဆိုက ခါးသီးစွာငြင်းပယ်ခံရမည်။ အချစ်ကို အသိအမှတ်ပြုမှု၊ အချစ်အဖြေ ပေးမှုခံယူက ထိုအချစ်သည်မြဲမည် မဟုတ်။ ကာလရှည်မည်မဟုတ်။ ချစ်သူနှင့် ပဋိပက္ခ ထိုရက်များတွင်ဖြစ်ကဖြေရှင်းရန်ခက်မည်။ ပြန်လည်ပေါင်းစည်းရန် ခက်မည်။

**အချစ်ကံခေရက်များသည်ကား....**

(၁) ရက်နေ့တွင်မွေးသောသူများသည် လစဉ်လတိုင်း၏ (၄၊ ၉၊ ၂၁) ရက်နေ့များတွင် အချစ်ကံမကောင်း။

၁၀ ရက်နေ့တွင် မွေးသူများသည် လစဉ်လတိုင်း၏ (၈၊ ၁၄၊ ၂၃)ရက်နေ့များတွင် မေတ္တာရေးကံခေတက်သည်။

၁၉ ရက်နေ့တွင်မွေးသူများသည် လစဉ်လတိုင်း၏ (၇၊ ၁၈၊ ၂၄)ရက်နေ့များတွင် မေတ္တာရေးအညံ့ရှိသည်။

၂၈ ရက်နေ့တွင်မွေးသူများသည် လစဉ်လတိုင်း၏ (၁၇၊ ၂၁၊ ၂၄)ရက်နေ့များတွင် အချစ်ရေး ကံခေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com


## ချစ်နိမိတ်ဒဏ္ဍာရီ

ဂရိဒဏ္ဍာရီမှနေနတ်သား အပိုလိုသည် (၁)ဂဏန်း သမားအားလုံးကို ကိုယ်စားပြုသတ်မှတ်သည်။ (၁)ဂဏန်း သမား အားလုံးတို့၏ ဘဝဖြစ်စဉ်ကံကြမ္မာနှင့်တကွ အချစ်ရေး၊ မေတ္တာရေးရာ အလုံးစုံသည် အပိုလိုနတ် ဒေဝတာ၏ ဖြစ်ရပ်ကို နိမိတ်ပုံနှိုင်းနှိုင်း၍ ဟောပြောသုံးသပ်ခြင်းပြုသည်။

ရှေးလွန်လေပြီးသောအခါက ကောင်းကင်ဘုံရှိ နတ်ဒေဝတာတို့အား "Zeus" ဇုနတ်မင်းကြီးက ကေရာဇ်အဖြစ် အုပ်ချုပ်သည်။ "ဇု" နတ်မင်းကြီးသည် ညကာလကို ပိုင်စိုးသော နတ်မိမယ် "Goddess of Night" လီတို "Leto" နတ်မိမယ်က ကြည်ဖြူလေသော် "လီတို" "Leto" ၌ သန္ဓေတည်လေ၏။ သန္ဓေသည်ကား အလွန်ဘုန်းကံကြီးစေမည့် နေနတ်သားနှင့် လနတ်သမီးတို့ ဖြစ်သည်။ နေနတ်သားဖြစ်သော "Apollo" "အပိုလို" နှင့် လနတ်သမီးဖြစ်သော "Artemis" "အာတီးမစ်"တို့အား မွေးဖွားပေမည်။ ဤသတင်းကို ကြားလေသော် "Hera" "ဟီရာ" အမည်ရှိသော နတ်ဘုရင်မကြီးသည် သဝန်တိုခြင်း၊ မနာလိုခြင်းနှင့် အမျက်ခြောင်းခြောင်း ထလေတော့သည်။ ဟီရာသည် ဇုနတ်မင်းကြီး၏ ကြင်ယာတော် ဖြစ်သည်။ သူမနှင့်ပေါင်းဖက်စဉ် ဘုန်းကံကြီးသော သားသမီးမွေးဖွားခြင်း မရှိ။ ယခု သူမထက်လှပနုနယ်တင့်တယ်ပြေပြစ်လှသော ညနတ်မိမယ် "လီတို" "Leto" အပေါ် ဇု နတ်မင်းကြီး မေတ္တာထားမှုသည် ပိုလွန်ကဲလှသည်ဟု ခံစားမိလေတော့သည်။





တစ်ခုသောကာလ ကမ္ဘာကို ရေလွှမ်းမိုးပြီး ရေများပြန်လည်ကျဆင်းသွားသောအခါတွင် မြင့်မားလှသော တောင်ထိပ်တွင် ရေကြီးစဉ်က ပြည့်ခဲ့သော ရေကန်ကြီးတွင် အဆိပ်အလွန်ပြင်းသော မြွေတစ်ကောင်ပေါက်ဖွားလေ၏။ ၎င်း မြွေဆိုးကိုယူ၍ ဟီရာသည် မြွေနဂါးတစ်ကောင် အလား ကြီးမားအောင် ဖြည့်စွက်ဖန်တီးကာ "Python" ပိုက်သွန်ဟု အမည်ဘွဲ့ပေးကာ ညနတ်သမီး "လီတို" နှင့်တကွ သူမသန္ဓေဆောင်ထားသော နေနတ်သားနှင့် လနတ်သမီးတို့အား ညှဉ်းဆဲသတ်ဖြတ်ရန် စေလွှတ်လေ၏။ ဇုနတ်မင်းကြီးအားလည်း မကာယ်နိုင်အောင် ဖယ်ရှားထိန်းချုပ်ထား၏။

"Poseidon" "ပိုဆိုက်ဒွန်" အမည်ရှိသော နတ်မင်းကြီးသည် ပင်လယ်သမုဒ္ဒရာအလုံးစုံနှင့်ရေပြင်ကို ပိုင်စိုးသည်။ 'ဇု' နတ်မင်းကြီးနှင့် တစ်အူထုံ့ဆင်း ညီအစ်ကို ဖြစ်သည်။ "ဟီရာ"၏ အမျက်သင့်၍ အန္တရာယ်ပေးခံရသော လီတိုကို ခေါ်ယူကာကွယ်ပေးသည်။ "Delos" "ဒီလော့စ်"ကျွန်းပေါ်တွင် နေလနှစ်ပါးတို့အား ညနတ်သမီး "လီတို" မှ မွေးဖွား၏။ နေနတ်သား "Apollo" သည်ကား မွေးလျှင်မွေးချင်း အခြားသောနတ်သူငယ်များကဲ့သို့ မိခင်နို့သောက်၍ ကြီးထွားသူ မဟုတ်။ အပိုလိုသည် အင်အားကြီးမားသူဖြစ်၍ မွေးဖွားသော အချိန်မှစ၍ နတ်ဒေဝတာတို့က ဝတ်ရည်နှင့် အထူးပြုလုပ်ထားသော နတ်သုဒ္ဓါတို့ကို ကျွေးမွေး၏။ စားသုံးပြီးလေသော် တစ်မုဟုတ်ချင်း အရွယ်ရောက်လေ၏။ ယခင်ရှိနှင့်ပြီးသော နတ်ဘုံနတ်နန်းမှ နတ်သား အားလုံးတို့ထက် ဉာဏ်ပညာကြီးမားသည်။

www.burmeseclassic.com

www.burmeseclassic.com


လက်ရုံးရည် အရည်အသွေး ပြိုင်ဘက်မရှိ အောင်မြင်ထက်မြက်သည်။ အရှိန်အဝါအလွန်မြင့်မားသူဖြစ်သည်။ အနာဂတ်ကို သိမြင်နိုင်သော ဦးနှောက်နှင့် ရှုစားနိုင်သော မျက်ဝန်းတို့ကို ပိုင်ဆိုင်သည်။ လက်နက်ပစ်ခတ်မှုတွင်လည်း အလွန်ထက်မြက်သည်။ လက်နက်ထုတ်လုပ်သော ပန်းပဲနတ်မင်းကြီး "Hephaestus" "ဟဖေးစ်သီးရပ်စ်" မှ လေးနှင့်မြားကို ဖန်ဆင်းထုတ်လုပ်ပေးသည်။ ထိုလက်နက်ကို အသုံးပြု၍ "Python" ပိုက်သွန်အား ပစ်ခတ်ချေမှုန်းပြီး မိခင်နတ်သမီးနှင့်ညီမဖြစ်သူ လနတ်သမီးတို့အား ကယ်တင်၏။ အိုလံပီယာနတ်မင်းကြီး (၁၂)ပါးအနက် နေနတ်မင်းလည်း ပါဝင်မင်းမူ၏။

အပိုလိုနေနတ်သားသည် ဝမ်းနည်းကြေကွဲခြင်း၊ စိတ်ဆင်းရဲမှုများနှင့် သေလုမတတ် သောကရောက်နေသူများ၊ စိုးရိမ်ခြင်းနှင့် ကြောက်ရွံ့ခြင်းပြည့်နှက်နေသူများမှ သယ်





ဆောင်လာသော အပူသောက အလုံးစုံကို လက်ခံယူကာ "Lyre" "လိုင်ယာ"အမည်ရှိသော ဂီတအသွင်သို့ ပြောင်းကာ ဂီတသံစဉ်များမှတစ်ဆင့် အလင်းတန်းများ အဖြစ်ကို ဖြစ်ပေါ်စေသည်။ သဘာဝသံစဉ်များနှင့် အလင်းတန်း အလုံးစုံတို့ဖြင့် လူသားတို့အား တက်ကြွပျော်ရွှင်ခြင်းကိုဖြစ်စေ၏။

ဤမျှ အစွမ်းကြီးမားလှသော အပိုလိုသည်ကား "Cupid" မြားနတ်မောင်၏ကျီစယ်မှုဖြင့် အချစ်ကျိန်စာသင့် အမုန်းမြား "Arrow of Hate" ကို ထိမှန်ခဲ့လေသည်။ ကိုယ်က ချစ်ရေးဆိုတိုင်း အမုန်းခံရလေသည်။

အပိုလို၏အချစ်ဦးသည် "Daphne" "ဒက်ဖနီ" ဖြစ်၏။ မြစ်စောင့်နတ်သမီးလေး ဖြစ်၏။ အလွန်ချော့မော၏။

အပိုလိုသည် အချိန်နှင့်အမျှ မရက်မကြောက်ဘဲ "ဒက်ဖနီ" ထံမှ အချစ်ရရန် ကြိုးပမ်းသည်။ "ဒက်ဖနီ" သည် ကား အပိုလိုလက်မှ လွတ်မြောက်ရန် ကြိုးစားသည်။ နောက်ဆုံး မိမိကိုယ်မိမိ သစ်ပင်ဖြစ်စေရန် ဆုတောင်း၍ အချစ်စိတ်ကို အမုန်းနှင့် တုံ့ပြန်သွားသည်။"Laurel" "လောရယ်" အမည်ရှိသော သစ်ပင်အဖြစ် ကူးပြောင်းသွားသည်။ ထို "လော်ရယ်" ရွက်တို့နှင့် ပြုလုပ်ထားသောသရဖူ "Laurel Leaves Crown" ကို အပိုလိုသည် "ဒက်ဖနီ" အား အမှတ်တရအဖြစ် ထာဝရဆင်မြန်းသည်။ ထိုသို့ အချစ်စိတ်ကို ဖော်ကျူးသည့်သစ်ရွက်သရဖူကို ဆောင်းမှုသည့်အချိန်မှစ၍ အချစ်ကံခေမှုမှ ကင်းဝေးသွားသည်။ ဖောကျာ ရီစာရင်းပေါင်းအရ အလွန်ချစ်ရသူ (၉)ဦးနှင့် အခြားအခြားသော ချစ်သူပေါင်းများစွာကိုရသည်အထိ အချစ်ပီယစန်းပွင့်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





ဤဒဏ္ဍာရီအရ ပုံတွင်ဖော်ပြထားသော လော်ရယ် သစ်ရွက် သရဖူပုံကို ဆောင်ယူခြင်းဖြင့် (၁)ဂဏန်းသမား အားလုံးတို့သည် အချစ်ကံခေခြင်းမှ ကင်းလွတ်ကာ ပီယ ကောင်းခြင်းနှင့် အချစ်ရေး အချစ်ရာ အပြာဖြာတွင်အသည်း ကွဲခြင်းမှ ကင်းဝေးကုန်ကြလေသည်။





## အချစ်နံပါတ်(၂)

မည်သည့်လတွင်မဆို ၂၊ ၁၁၊ ၂၀၊ ၂၉ ရက်နေ့တွင် မွေးသောသူ များကို အချစ်နံပါတ် ၂ သမားများ ဟူ၍ သတ်မှတ်သည်။

''Diana'' ဒိုင်ယာနာအချစ်ဟု လည်း ဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်လတွင်မဆို (၂၊ ၁၁၊ ၂၀၊ ၂၉) ရက်နေ့တွင် မွေးသောသူများကို (၂) ဂဏန်းသမားများဟု သတ်မှတ် သည်။ ညအခါမိုးယံထက်၌ သာတစ်လုည့် မှောင်တစ်ခါ၊ ဆန်းတစ်လှည့် ဆုတ်တစ်ခါ တည်ရှိနေသော လမင်း "Moon" "တနင်္လာဂြိုဟ်" ကို ပိုင်စိုးသည့် လနတ်သမီး ဒိုင်ယာနာ "Diana" ကို ကိုယ်စားပြုသောသူများ ဖြစ်သည်။

"The Eternal Feminine Lovers" များဟူ၍ သတ်မှတ်သည်။ ထာဝရမေတ္တာရှင်များဟူ၍ ဆိုသည်။ စမိလျှင် အဆုံးမရှိသောအချစ်နှင့် အမြဲတစေချစ်တတ်သော သူများဟုလည်း ဆိုသည်။ စိတ်အခန့်မသင့်၍ လမ်းခွဲရသည့်တိုင် အချစ်စိတ်ရင်းတွင် ပေါ့ပါးသွားခြင်းမရှိဘဲ စွဲမြဲစွာ ချစ်တတ်သော စရိုက်ရှိသည်။ ပေးဆပ်သောမေတ္တာ၊ ထာဝရချစ်တတ်သောသဘာဝအပေါ် တစ်ဖက်လူမှ အခွင့်အရေးယူခြင်းကိုလည်း မကြာခဏကြုံတတ်သည်။ အကြောင်းမသင့်၍ ချစ်သူနှင့် ကွေကွင်းရသောသူများသည် တသသခံစားချက်များနှင့် ဘဝကိုရပ်တည်ရင်း အချစ်သစ်ကို ကြုံရသည့်တိုင် အချစ်ဟောင်းနှင့် အမူအကျင့်၊ စရိုက်၊ စိတ်နေသဘာဝ၊ ဟန်ပန်အမည် အစရှိသည်တို့တူ သောသူကို အစားထိုး၍ ချစ်လေ့ချစ်ထရှိသည်။ (၂) ဂဏန်းသမား အများစုသည် အချစ်ရေး၊ မေတ္တာရေး၊ နှလုံးသားခံစားချက်ကို လက်ခံကျင့်သုံးလင့်ကစား အိမ်ထောင်ပြုသောအခါ၌ ဦးနှောက်၏ ဆုံးဖြတ်ချက်ကို အလေးထားသည်။ (၂) ဦးယှဉ်က အချစ်ပိုခြင်း၊ သံယောဇဉ်ပိုခြင်း စသည်တို့သည် ဦးနှောက်၏စေစားမှုမှ လွှမ်းမိုးခြင်းရှိသည်။ ကိုယ်၏အချစ်ကို နားလည်တန်ဖိုးထားသည့်အပြင် ဘဝပြည့်စုံမှုချမ်းသာ သုခကိုပေးစွမ်းအာမခံနိုင်သူအပေါ် ဦးစားပေးရွေးချယ်တတ်သည်။

## (၂)ဂဏန်းသမား ၄ မျိုး

❖ **မည်သည့်လတွင်မဆို (၂)ရက်** နေ့တွင်မွေးသောသူများကို "MOONSHINE" လင်းလဲ့ တောက်ပသော လမင်းနှင့် အလားတူသူများဟု သတ်မှတ်သည်။ ဆွဲဆောင်ညှို့အားကောင်းသည်။ ယစ်မူးစေသည်။ သာယာမှု၊ အေးချမ်းမှု အလုံးစုံကိုပေးစွမ်းသည်။ ချစ်သူအပေါ် ရင်အေးငြိမ်းခြင်းကို ထာဝရဖြစ်စေသောသူများဖြစ်သည်။ အရာရာပေးဆပ်ရန် ဝန်မလေး။ စိတ်ထိခိုက်ခံစားလွယ်သည်။ ကိုယ့်အပေါ်ဦးစားပေးမှုကို လိုလားသည်။ အလွန်စိတ်အကဲဆတ်၍ စိတ်အပြောင်းအလဲ လွယ်သူများဖြစ်ပေရာ တစ်စုံတစ်ရာ ခွင့်မလွှတ်နိုင်လောက်အောင် သဲသဲလှုပ်လှုပ် ခံစားလေ့ရှိသည်။ အခြားသောသူများ အလွယ်တကူခွင့် လွှတ်နိုင်သည့်အဖြစ်များကို ဆက်ပင်ကိုယ်ကခွင့်မလွှတ်တတ်။ ချက်ချင်း လမ်းခွဲတတ်သော သဘာဝရှိသည်။ လမ်းခွဲပြီးလည်း ပြန်လည်၍ ချစ်သူအပေါ် လက်ခံခြင်းကြုံပြန်သည်။ "ကွာ-စေ့" ဇာတ်လမ်းပိုင်ရှင်များဟုပင် ဆိုရမလောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

❖ မည်သည့်အင်္ဂလိပ်လတွင်မဆို (၁၁)ရက် နေ့တွင် မွေးသောသူများကို "Enigma" များဟု သတ်မှတ်သည်။ အလွန်ထူးဆန်းသော စိတ်သဘာဝကိုပိုင်ဆိုင်သည်။ ပဟေဠိဆန်သောသူများဟုလည်း သတ်မှတ်သည်။ အကဲခတ်ရခက်လောက်အောင် အပြောင်းအလဲများသောသူများ ဖြစ်သည်။ အပြောင်းအလဲမြန်သော စိတ်ဆန္ဒအပေါ် ဦးစားပေးသည်။ တွေဝေခြင်း၊ ဒွိဟဖြစ်ခြင်း၊ ဆုံးဖြတ်ပြီးသောအရာအပေါ်၌ ပြန်လည်သုံးသပ်ခြင်းတို့ကို အမြဲတစေပြုဆောင်တတ်သည်။ နှလုံးသားခံစားချက်ကို ဦးစားပေးပြီးမှ တဖန်ဦးနှောက်၏ဆုံးဖြတ်ချက်နှင့် ဝေဖန်သုံးသပ်မှုကြောင့် တွေဝေဝေဝါးမှုများ ဖြစ်ပေါ်တတ်သည်။ စဉ်းစားမှုလွန်ကဲ၍ အိမ်ထောင်ပြုနောက်ကျရသည်အထိ ဖြစ်တတ်သည်။

မည်သည့် အင်္ဂလိပ်လတွင်မဆို (၂၀)ရက်နေ့တွင် မွေးသောသူများကို "The Dreamers" စိတ်ကူးအိပ်မက်ပိုင်ရှင်များဟူ၍ သတ်မှတ်သည်။ ချစ်ခြင်းမေတ္တာအပေါ် လက်တွေ့နှင့်ကင်းကွာ၍ ဆုံးဖြတ်ခြင်းများပြုတတ်သည်။ မိသားစုကဖြစ်စေ၊ ပတ်ဝန်းကျင်ကဖြစ်စေ လက်ခံခြင်းမရှိသူအပေါ် မေတ္တာထားသောသဘာဝရှိသည်။ ဆွဲဆောင်မှုအား မြင့်မားသည်။ တစ်ဦးထက်ပိုသော ချစ်သူများအကြားဗျာများရမည်။ ကာလရှည်ကြာ ပိုးပန်းသောသူများအားကျော်၍ အချိန်တိုအတွင်း ပိုးပန်းသူအား အဖြေပေးတတ်သောသဘာဝကို မိန်းမသားများက ဆောင်ရွက်တတ်သည်။ အမျိုးသားများအဖို့ကား ဒီတစ်ယောက်ကိုလည်းချစ်၊ နောက်တစ်ယောက်ကို သဘောကျ။ ဟိုတစ်ယောက်ကိုလည်းကြိုက် စသည်ဖြင့်ဗျာများရမည်။





❖ မည်သည့်အင်္ဂလိပ်လတွင်မဆို (၂၉)ရက်နေ့တွင် မွေးသောသူများကို "Emotionist" စိတ်ခံစားချက်ကို ဦးစားပေး သောသူများဟု သတ်မှတ်သည်။ အလွန်ချစ်တတ်သောသူများ ဖြစ်သည်။ စိတ်စေရာမေတ္တာဦးတည်တတ်သော သဘာဝရှိသည်။ လွမ်းမောတွေဝေတတ်သောသဘာဝရှိသည်။ အချို့သောအခါများတွင်အဆင်ပြေသောမေတ္တာများကို အဆင်မပြေအောင် ကိုယ်ကဖန်တီး၍ အလွမ်းသမားဘဝကိုခံယူကာ အချစ်ရေးကံမကောင်းဟူ၍ ကြွေးကြော်တတ်သော သဘာဝရှိသည်။ ကိုယ့်စိတ်ခံစားချက်အတွက် တစ်ပါးသူအား အသည်းခွဲရန် ဝန်မလေးတတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com


ဖူးစာကံ

(၂)ဂဏန်းသမား (၄) မျိုးတို့၏ ဖူးစာကံအနေအထားကံဆုံမည့်သူများ၊ မိမိအား အသည်းခွဲမည့်သူများကို အသေးစိတ်တင်ပြရသော်....

**(၂)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၂၊ ၁၀၊ ၁၅)ရက်**တွင် မွေးသောသူများသည် Soul Mate ဝိညာဉ်ခြင်း ပေါင်းစည်းဆက်နွယ်ခွင့်ရှိသောသူများဟု သတ်မှတ်သည်။ ဖူးစာကံဆုံမှု အမြင့်မားဆုံးသောသူများဖြစ်သည်။

(၈၊ ၁၁၊ ၂၂)ရက်တွင်မွေးသောသူများနှင့် မေတ္တာမျှက အခက်အခဲများရှိမည်။ တစ်ဦးနှင့်တစ်ဦး ဝေးကွာသွားပြီးမှ ပြန်လည် ဆုံစည်းရမည်။ အလွန်ပြန်လည်ချစ်ခင်ကြမည်။

(၁၂၊ ၂၃၊ ၃၁)ရက်တွင် မွေးသောသူများသည် မိမိအပေါ်အသည်းခွဲမည့်သူများဖြစ်သည်။ ဆုံစည်းရန်ကိန်းလည်း အလွန်နည်းပါးမည်။ စိတ်ညစ်ရမည်။ သောကပွေမည်။

**(၁၁)ရက်တွင်မွေးသောသူများ....**

❖ **မည်သည့်လတွင်မဆို (၂၊ ၂၄၊ ၂၆) ရက်**တွင် မွေးသော သူများသည် Soul Mate ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွယ်ခွင့်ရှိသောသူများဟု သတ်မှတ်သည်။ ဖူးစာကံဆုံမှု အလွန်မြင့်မားသောသူများ ဖြစ်သည်။

(၁၆၊ ၂၃၊ ၂၈)ရက်တွင် မွေးသောသူများနှင့် မေတ္တာမျှက အခက်အခဲအနှောင့်အယှက်များနှင့် ကြုံမည်။ ကွဲကွာပြီးမှ ပြန်လည်ဆုံစည်းကာ ပိုမို၍ချစ်ကျွမ်းဝင်ကြမည်။

(၁၁၊ ၂၁၊ ၂၉)ရက်တွင် မွေးသောသူများနှင့် မေတ္တာမျှက ကိုယ့်အပေါ်မကောင်း။ အသည်းခွဲမည့်သူများ ဖြစ်သည်။ ဆုံစည်းရန်ကိန်းလည်းနည်းပါးမည်။ စိတ်အနှောင့်အယှက်ပေးမည်။ သောကများရမည်။

**(၂၀)ရက်နေ့တွင်မွေးသောသူများ....**

❖ **မည်သည့်လတွင်မဆို(၄၊ ၂၀၊ ၂၉)ရက်**နေ့တွင် မွေးသောသူများသည် Soul Mate ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွယ်ခွင့်ရှိ သောသူများဟု သတ်မှတ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မည်။ ဖူးစာကံဆုံမှုအားအလွန်ကောင်းမည်။

(၁၄၊၂၄၊၂၈) ရက်နေ့တွင် မွေးသောသူများနှင့် မကြာခဏ ပဋိပက္ခဖြစ်မည်။ ဝေးကွာပြီးမှ ပြန်လည်ဆုံစည်းမည်။ ခိုင်မြဲသောအချစ်နှင့် ပြန်လည်ချစ်ကြမည်။

(၅၊ ၂၇၊ ၃၁)ရက်နေ့တွင် မွေးသောသူများသည်ကားကိုယ့်အသည်းအား ခွဲမည့်သူများဖြစ်သည်။ ဆုံစည်းရန်အခွင့်အရေးလည်း အလွန်နည်းပါးမည်။ စိတ်အနှောင့်အယှက်များပေးမည်။

**(၂၉)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၈၊ ၁၇၊ ၁၉)**တွင် မွေးသောသူများသည် Soul Mate ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွယ် ခွင့်ရှိသောသူများဟု သတ်မှတ်သည်။ ဖူးစာဆုံ


www.burmeseclassic.com

www.burmeseclassic.com


ရန် အခွင့်အရေးအမြင့်မားဆုံးသောသူများ ဖြစ်သည်။

(၆၊ ၁၃၊ ၂၅)ရက်တွင်မွေးသောသူများနှင့် မေတ္တာမျှကအခက်အခဲများမည်။ ပြီးမှပြန်လည်ဆက်စပ်မိကာ အလွန်ချစ်ကြလိမ့်မည်။

(၇၊ ၁၆၊ ၃၁)ရက်တွင် မွေးသောသူများသည် မိမိအားအသည်းခွဲမည်။ ဒုက္ခပေးမည်။ ဆုံစည်းကိန်းလည်းမရှိ။ စိတ်ရှုပ်ရမည်။ သောကများမည်။





## အချစ်ကံကြမ္မာ

(၂)ဂဏန်းသမားအားလုံးတို့အတွက် နှစ်စဉ်နှစ်တိုင်းတွင်

- Feb 19th မှ Mar 20th ကြား
- June 20th မှ July 27th ကြား
- Nov 11th မှ Dec 25th ကြား

အချိန်ကာလများ ရောက်လေသောအခါ အထူးစန်းပွင့်မည်။ မေတ္တာရေး ကံကောင်းသည်။ လူချစ်လူခင်ပေါများမည်။ ပြောရေးဆိုရေး အဆင်ပြေမည်။ အချစ်ကံကောင်းသောလ "Lucky Love Periods" ဟု သတ်မှတ်သည်။

တနင်္လာနေ့၊ ကြာသပတေးနေ့၊ စနေနေ့များသည် (၂)ဂဏန်း သမားများအတွက် အချစ်ကံကောင်းသောနေ့များ ဖြစ်သည်။ "Lucky Days of Love" ဟု သတ်မှတ်သည်။ ၎င်းရက်များတွင် အချစ်ရေးတွင်ကြုံတွေ့နေရသော အခက်အခဲများ ဖြေရှင်းနိုင်မည်။ ချစ်သူနှင့်မိမိအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်မှုပြုရန်အထူးကောင်းသည်။


www.burmeseclassic.com

www.burmeseclassic.com

**(၂)ဂဏာန်းသမားလေးမျိုးအလိုက် ဝီသေသကံထူးသော ရက်များသည်ကား....**

(၂)ရက်နေ့တွင် မွေးသော သူများအတွက် (၂၊ ၁၇၊ ၁၈၊ ၂၈)ရက်နေ့များဖြစ်သည်။

(၁၁)ရက်နေ့တွင် မွေးသောသူများအတွက် (၄၊ ၁၃၊ ၂၁၊ ၃၁)ရက်နေ့များဖြစ်သည်။

(၂၀)ရက်နေ့တွင် မွေးသောသူများအတွက် (၉၊ ၁၁၊ ၁၈၊ ၂၄၊ ၃၀) ရက်နေ့များ ဖြစ်သည်။

(၂၉)ရက်နေ့တွင် မွေးသောသူများအတွက် (၈၊ ၉၊ ၁၃၊ ၁၉)ရက်နေ့များဖြစ်သည်။



sanzambo


## ချစ်နိမိတ်ဒဏ္ဍာရီ

(၂) ဂဏာန်းသမားအားလုံးတို့၏ မေတ္တာရေးရာကံကြမ္မာအခြေခံအလုံးစုံတို့သည် "Diana" "ဒိုင်ယာနာ" နတ်မိမယ်၏ ဘဝအနေအထားနှင့် တင်းစားနိုင်းနှိုင်း၍ ဟောဆိုခြင်းပြုသည်။ "ဒိုင်ယာနာ"သည် မျက်နှာများ၏။ ကျမ်းဂန်များတွင် လနတ်သမီးကို "Three Faces Goddness" မျက်နှာသုံးခုကိုပိုင်ဆိုင်သော နတ်ဒေဝီဟူ၍ သတ်မှတ်သည်။ တစ်ဦးတည်းပင် စိတ်အမျိုးမျိုးပြောင်းလဲတတ်သော သဘာဝရှိသည်ဟူ၍လည်းဆိုသည်။ ထို့ကြောင့် ဂရိ ဒဏ္ဍာရီတွင် လနတ်သမီးကို "Tri-via" လမ်းသုံးသွယ်ကို ရွေးချယ်စေသောနတ်ဒေဝီဟု သတ်မှတ်သည်။

မျက်နှာသုံးခုရှိလေသော် အမည်သုံးခုကိုပိုင်ဆိုင်သည်။ "Artemis" "အာတီးမစ်"၊ "Phoebe""ဖိုဘီ" ဟူသော မျက်နှာကတစ်မျိုး၊ "Diana" "ဒိုင်ယာနာ" ဟူသော အမည်ကတစ်မျိုး၊ ဤအမည်သုံးမျိုးနှင့် အမည်တွင်သော နတ်မိမယ်ဖြစ်သည်။ ဤသို့မျက်နှာသုံးခုဖြစ်ရခြင်း၏နောက်ကြောင်းကို ပြန်လည်စစ်ဆေးလေသော် "ဒိုင်ယာနာ"၏ မိခင်ဖြစ်သူသည် ရှေးအစဉ်အဆက် နတ်ဒေဝါတို့မှ ဆင်းသက်သူဖြစ်သည်။ "Leto" "လီတို" အမည်ရှိ နတ်ဒေဝီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ညအမှောင်၏ နတ်မိမယ် "Goddess Of Night" ဖြစ်သည်။ နတ်ကေရာဇ် "Zeus" "ဇု" နှင့် မေတ္တာမျှသည်။ ထို့နောက် နေနှင့်လအမြွှာမောင်နှမကို မွေးဖွားသည်။ နေမင်းသည်ကား "Apollo" "အပိုလို"အမည်ရှိ သားတော်ဖြစ်၍၊ လမင်းသည်ကား "Diana" "ဒိုင်ယာနာ" အမည်ရှိ သမီးငယ်ဖြစ်၏။ လနတ်သမီးဖြစ်၏။ ညနတ်သမီး "Leto" "လီတို" နှင့် အမြွှာကလေးနှစ်ဦးဖြစ်သော နေလနှစ်ပါးတို့သည် ငယ်စဉ်ကာလက ကြီးစွာဒုက္ခရောက်ခဲ့ကြရသည်။

"Zeus" "ဇု"နတ်မင်းကြီးတွင် အလွန်စိတ်ကြီးသော စိတ်ထက်သော ကေရီမိဖုရားရှိသည်။ နတ်ဘုံတွင် နတ်မင်းကေရိသည် တစ်ဦးထက်မကသော ဇနီးမယားများကို ယူခွင့်ရှိလင့်ကစား ကေရီမိဖုရားသည် သူမတစ်ဦးတည်းကိုသာ လက်ထပ်စေလိုသည်။ "ဇု" နတ်မင်းကြီးကို အခြားသူများနှင့် လက်မထပ်စေလို။ သဝန်ကြောင်သည်။ "ဇု" နတ်မင်းကြီး၏ ကေရီ "ဟီရာ"သည် ဒေါသကြီးသည်။ မနာလိုစိတ်များသည်။ ထာဝရမယုံသင်္ကာစိတ်နှင့် ရှင်သန်သည်။ "ဇု" နတ်မင်းကြီးနှင့် မေတ္တာမျှသူအားလုံးတို့အား အတိဒုက္ခရောက်အောင် ဖန်တီးသည်။ "ဇု" နတ်မင်းကြီးနှင့် "လီတို"မှ ပေါက်ဖွားသော ဘုန်းကံကြီးမားသည့် သားသမီးများအပေါ် မနာလိုမရှုဆိတ်ဖြစ်သည်။ "ပိုက်သွန်" "Python" အမည်ရှိ မြွေဆိုးနှင့် လိုက်လံသတ်ဖြတ်စေသည်။ "ဇု" နတ်မင်းကြီးအကူအညီတောင်း၍ "ပိုဆိုက်ဒွန်" "Poseidon" နတ်ဘုရားမှ ကာကွယ်စောင့်ရှောက်စေသည်။ "ဇု"နတ်မင်းကြီး၏ တမန်တော်



ဖြစ်သော "မာကျူရီ" "Mercury" နတ်သားအားကလေးတို့ကို စောင့်ရှောက်စေသည်။ နတ်သုဒ္ဓါစား၍ ကြီးထွားသော အပိုလိုကို လေးမြားတပ်ဆင်ပေးသလို လနတ်သမီးဒိုင်ယာနာကို မျက်နှာသုံးခု တပ်ဆင်ပေးသည်။ ရန်သူတို့၏ အငွေ့အသက်ကိုသိ၍ တိုက်ခိုက်ချေမှုန်းသော အမြင်အတွေ့နှင့် ပြတ်သားရက်စက်စွာ သတ်ဖြတ်သောစရိုက်ကို ပိုင်ဆိုင်သော သားလိုက်မုဆိုးတို့၏ ကေရီ "Goddess Of The Hunter" "Artemis" ၏ သဘာဝစရိုက်ကို "Poseidon" က ဖန်တီးပေးသည်။ အနာဂတ်ကို ကြိုတင်မှန်းဆနိုင်ခြင်း၊ လူသားတို့၏စရိုက်ကို ကြိုသိခြင်း၊ ထူးခြားသော စိတ်ကူးနှင့် ဆောင်ရွက်မှုကို ဖြစ်ပေါ်စေသော "Phoebe" "ဖိုဘီ"၏ မျက်နှာနှင့်သဘာဝကို "မာကျူရီ"



www.burmeseclassic.com

www.burmeseclassic.com



နတ်သားမှ ဖန်တီးပေးထားသည်။ "Goddess Of Prophecy" အနာဂတ်ကိုကြိုသိသော နတ်မိမယ်ဟုလည်းဆိုသည်။ "Diana" သည်ကား မူရင်းသဘာဝ အနေအထားရှိသည်။ ထို့ကြောင့် အချစ်ကြီးသည်။ မေတ္တာဓာတ်ကြီးမားသည်။ မိခင်စိတ်အပြည့်အဝရှိသည်။ ရောမတို့က "ဒိုင်ယာနာ" ကို ကလေးမွေးဖွားမှုကို စောင့်ရှောက်သော နတ်ဒေဝီ "Goddess Of Child Birth" "Lucina" ဟူ၍လည်းခေါ်သည်။"ဒိုင်ယာနာ" ကိုယ်တိုင်သည်ကား သမီးအယောက် (၅၀)ကို မွေးဖွားသော မိခင်ဖြစ်သည်။

လေးနှင့်မြားကိုကိုင်ဆောင်၍ သူမ၏အမဲလိုက်ခွေးများနှင့် ရန်သူအပေါ်တိုက်ခိုက်နေသော လနတ်သမီး "Diana" ၏ အချစ်ဓာတ်လမ်းသည် အလွန်အံ့သြဖွယ် ကောင်းလှသည်။ ဘဝချင်းခြားနားသော လူသားတစ်ဦးကို မေတ္တာမျှသည်။ ထိုလူသားသည်ကား "Endymion" "အန်ဒီမီယွန်" ဖြစ်သည်။ လူသူအရောက်အပေါက် နည်းလှသော "အာရှမိုင်းနား" ၏ "ကာဒီယာ"ဒေသမှာရှိသည့် "လက်တမော့" တောင် "Mount Latmos" တွင် နေထိုင်သူ ဖြစ်သည်။ သိုးကျောင်းသားတစ်ဦးဖြစ်သည်။ အလွန်ချောမောလှပသည်။ ယောကျ်ားပီသသော ဟန်၊ တင့်တယ်နုပျိုသောသဘာဝနှင့် ထူးခြားသောဥပဓိရုပ်ကို ပိုင်ဆိုင်သူဖြစ်သည်။ တစ်ခုသော ညကာလတွင် သိုးတို့အားကျောင်းရင်း တောင်ထက်၌အိပ်ပျော်နေစဉ် ကောင်းကင်ဘုံမှ လနတ်သမီး ကတွေ့လေသော် အလွန်သဘောကျလေသည်။ လနတ်သမီးသည်ကား ချစ်သူပိုင်းပိုင်းလည်နေသူ ဖြစ်သည်။

နတ်ဘုံ၌ အချောအလှစာရင်းတွင် ပါဝင်သည်။ မည်သည့်နတ်ဒေဝါကိုမှ သဘောမကျ။ တောကြိုတောင်ကြားမှ သိုးကျောင်းသားအား မေတ္တာဝေဖိတ်လေသည်။ လနတ်သမီးသည် ထူးခြားသောပန်းတစ်မျိုးကို ဖန်တီးသည်။ ထိုပန်းကို "Poppy" "ပေါ့ပီ" ဟူ၍ခေါ်သည်။ ယခု ခေတ်ကာလ၌ ဘိန်းပန်း၊ ဘိန်းပင်ဟူ၍ခေါ်၏။ ၎င်းပေါ်ပီပန်းတို့ကို မီးရှို့ကာ လုလင်ပျိုအား အိပ်စက်စေသည်။ မိန်းမူးစေသည်။ ထို့နောက် ထူးခြားသောတန်ခိုးနှင့် ထိုလုလင်အား ထာဝရ ရှင်သန်နုပျိုကာ နိုးထခြင်းမရှိသော အိပ်စက်ခြင်းအထိ ဖြစ်စေသည်။ တောင်ထိပ်ဖျားဂူအတွင်း လ အလင်းတန်းသာ ဝင်ရောက်နိုင်သောဂူအတွင်း ပိတ်ကာထားလေ၏။ "ဒိုင်ယာနာ" သည် သူမ၏ချစ်သူကို လူမဆိုထားဘိ နတ်သမီးများပင် မမြင်အောင်ထား၏။ ထာဝရ အိပ်ပျော်အောင် ဖန်တီး၏။ ထို့နောက် "Endymion" "အန်ဒီမီယွန်" အား အိပ်မက်ကမ္ဘာအတွင်း သူမနှင့်ချစ်ကျွမ်းဝင်စေသည်။ ထို့နောက် ချစ်ကျွမ်းဝင်၍ "ဒိုင်ယာနာ" တွင် သမီးအယောက်(၅၀) မွေးဖွားလေတော့သည်။


ဤအကြောင်းအရာကို ထောက်ရှု၍ (၂)ဂဏန်းသမားတို့သည် ချစ်သူအပေါ် ကိုယ်တစ်ယောက်တည်းသာ ချစ်လိုသည်။ ကိုယ့်အပေါ် အချစ်ပျောက်ပြယ်သွားမည်ကို ထာဝရစိုးရိမ်တတ်သည်။ အချစ်တည်မြဲမှုအတွက် ချစ်သူအပေါ် စိုးမိုးထိန်းချုပ်လိုသော သဘာဝကို ပိုင်ဆိုင်သည်။ အချစ်အတွက် အရာရာကိုရင်ဆိုင်ရန် ဝန်မလေး။ အချစ်အတွက် ကြိုတင်တွေးမြင်နိုင်သော သဘာဝရှိကြကုန်သည်။

(၂)ဂဏန်းသမားအားလုံးအတွက် ချစ်ကံကောင်းစေ

www.burmeseclassic.com



ရန်အလို့ငှာ နတ်သမီးသုံးဖော်ဟု အဓိပ္ပာယ်ရှိသော လဆန်း၊ လပြည့်၊ လဆုတ် အဆောင်ကို ဆောင်သင့်သည်။ ဆောင်ရန်ပုံကိုလည်း တစ်ပါတည်း ဖော်ပြပေးလိုက်ပါသည်။



ပုံတွင်ဖော်ပြထားသော "Triple Goddess" အဆောင်ပုံကို စက္ကူဖြူပေါ်၌ မင်စိမ်းနှင့် တနင်္လာနေ့၊ ကြာသပတေးနေ့၊ စနေနေ့နေ့ တစ်နေ့နေ့တွင် ရေးဆွဲ၍ လူနှင့်အတူ ဆောင်ယူပါ။ လအလင်းရောင်အောက်၌ ရေးသား၍ ဆောင်ပါ။





## အချစ်နံပါတ်(၃)

မည်သည့်လတွင်မဆို ၃၊ ၁၂၊ ၂၁၊ ၃၀ ရက်နေ့တွင် မွေးဖွားသော သူများကို အချစ်နံပါတ် ၃ သမားများ ဟူ၍ သတ်မှတ်သည်။

"Jupiter" ဂျူပီတာအချစ်ဟုလည်း ဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်လတွင်မဆို (၃၊ ၁၂၊ ၂၁၊ ၃၀)ရက်နေ့တွင် မွေးသောသူများကို အချစ်နံပါတ် (၃) သမားများဟူ၍ သတ်မှတ်သည်။ "Jupiter" ဂျူပီတာအချစ်ဟုလည်းဆိုသည်။ ဂျူပီတာကို ဂရိခေါ်မတို့က "ဇု" "Zeus" နတ်မင်းကြီး ဟူ၍လည်းခေါ်သည်။ ကောင်းကင်ဘုံတွင် အမြင့်မြတ်ဆုံးသော ကြာသပတေးဂြိုဟ်ကို ကိုယ်စားပြုသည့်သူများ ဖြစ်သည်။ မြင့်မြတ်သော နှလုံးသားကိုပိုင်ဆိုင်သည်။ ခန့်ထည်၍ အစဉ်အလာကြီးသော အချစ်မေတ္တာစိတ်နှင့် အရာရာအပေါ် လုပ်ကိုင်ဆောင်ရွက်တတ်သူ ဖြစ်သည်။ အချစ်နှင့်ပိုင်စိုးလိုစိတ်၊ အနိုင်ယူလိုစိတ်တို့ ပေါင်းစပ်နေသည်။ အချစ်ဦးနှင့် ဆုံစည်းခြင်းမရှိသည့်အပြင် ချစ်ညိုးကျိန်စာကိုပင် ခံယူရသူများဟူ၍ သတ်မှတ်သည်။ ဘဝအောင်မြင်မှု၊ တိုးတက်မှုအတွက် မြင့်မားသောအောင်မြင်မှုပြည့်စုံရန်အတွက် အချစ်ကို စွန့်လွှတ်ရန်ဝန်မလေး။ မေတ္တာကို အသုံးချရန်လည်း လက်မရွံ့သူများဖြစ်သည်။ ရည်ရွယ်ချက်ကြီးစွာနှင့် ချစ်သူထားတတ်သူဖြစ်သည်။ ဦးတည်ချက်၊ ဘဝရည်မှန်းချက်တူသူများကို ဦးစားပေးသည်။ ထူးခြားချက်သည်ကား အိမ်ထောင်ရေး၊ အချစ်ရေးနှင့်ပတ်သက်၍ မိတ်ဆွေ၊ ပတ်ဝန်းကျင်၊ မိဘတို့မှ စိုးမိုးချုပ်ကိုင်မှုကို လုံးဝလက်မခံ။ ကိုယ်တိုင် စိတ်တိုင်းကျအချစ်ကို ရွေးချယ်တတ်သည်။ အနီးကပ်ဖြစ်ပေါ်လာသည့် ချစ်ခြင်းမေတ္တာ၊ သံယောဇဉ်အပေါ် ကြီးမားသောမေတ္တာထုနှင့်အချစ်ကမ္ဘာကို ဖန်တီးသည်။ ရွေးချယ်ထားသော ချစ်သူသည် အချစ်ဟူသော အရာ တစ်ခုကိုသာသိ၍ ဘဝဟူသောအကြောင်းကို နားလည် သဘောပေါက်မှုမရှိက လက်တွဲဖြုတ်ရန် ဝန်မလေး။ အချစ်သစ်အစားထိုးရန် အဆင်သင့်။ ချစ်နေဆဲ၊ ချစ်နေသောသူ အပေါ်၌ သစ္စာတရားအပြည့်နှင့် ခွင့်လွှတ်ခြင်း၊ မြင့်မြတ်စွာ ပေးဆပ်သူများ ဖြစ်သည်။ ချစ်ခဲသည်။ အချစ်မြဲသည်။ ကွဲကွာပြီဆိုကလည်း စွဲလမ်းကြေကွဲနေမည့်သူ မဟုတ်။

**(၃)ဂဏန်းသမား (၄)မျိုး။**

**❖ မည်သည့်အင်္ဂလိပ်လတွင်မဆို (၃)ရက်နေ့တွင် မွေး**သောသူများကို "The Majestic" "တော်ဝင်နန်းဆန်သူများ" ဟု ခေါ်သည်။ ဘဝအတွက်အထောက် အကူပြုသူကို ဦးစားပေးရွေးချယ်တတ်သည်။ ရည်ရွယ်ချက်မြင့်မြင့်မားမားနှင့် အိမ်ထောင်ရေးကို ဆုံးဖြတ်တတ်သည်။ ဆုံးဖြတ်ပြီး အိမ်ထောင်ကိုလည်း အနိုင်ယူစိုးမိုးရသောသူကိုမှ ရွေးချယ်ဆုံးဖြတ်တတ်သော သဘာဝရှိသည်။ ခံ့ခံ့ထည်ထည်နှင့် တည်ငြိမ်စွာ အချစ်ကိစ္စကိုဆုံးဖြတ်ခြင်း၊ ဆောင်ယူခြင်းပြုမည်။ ကိုယ်ကျင့်တရား၊ သိက္ခာ၊ အတတ်ပညာ ဘဝမြင့်မားသောသူကိုမှ အိမ်ထောင်ရေးရာ၊ အချစ်မေတ္တာရေးရာကိစ္စ စီစဉ်ဆောင်ရွက်သူဖြစ်သည်။

**❖ မည်သည့်အင်္ဂလိပ်လတွင်မဆို (၁၂) ရက်**နေ့တွင် မွေးသောသူများသည် "Disciplinary Lover"



www.burmeseclassic.com

www.burmeseclassic.com



စောင့်ထိန်းသော သဘာဝ၊ စည်းကမ်းတကျချစ်တတ်သော အချစ်တို့ကို ပိုင်စိုးသောသူဖြစ်သည်။ မေတ္တာအပေါ် အလေးအနက် တန်ဖိုးထားသူလည်းဖြစ်သည်။ အချစ်ရေး မေတ္တာရေးရာ ကိစ္စမှန်သမျှကို လွယ်လွယ်ကူကူ ပေါ့ပေါ့ တန်တန် သဘောမထား။ စနစ်တကျ စီစဉ်သုံးသပ်ပြီးမှ အိမ်ထောင်ကို ဆုံးဖြတ်တတ်သည်။ လေးနက်သော မေတ္တာထားတတ် သူများဖြစ်သည်။ သို့သော် အချစ်ရေး၊ မေတ္တာရေးရာတွင် မိမိက အမှန်တကယ်ချစ်ကြိုက်နေကြောင်း၊ သံယောဇဉ်ရှိကြောင်း၊ မြတ်နိုးကြောင်း ပြောဆိုဝန်ခံရန် အလွန် ရှက်ကြောက်တတ်သည်။ ချစ်ရေးဆိုလျှင် အဖြေပေးရန်လည်း အရှက်တရား ဦးဆောင်ကာနှောင့်နှေးတတ်သည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၂၁)ရက်**နေ့တွင် မွေးသောသူများကို "Universal Lover" ဟု ခေါ်သည်။ အကြွင်းမဲ့ဖြစ်သောချစ်မေတ္တာနှင့် လေးနက်စွာချစ်တတ်သူများ ဖြစ်သည်။ မေတ္တာရေးတွင် အလုံးစုံအပေါ် အလွန်ခွင့်လွှတ်နားလည်တတ်သည်။ မိမိအပေါ် စိတ်ဒုက္ခပေးနှောင့်ယှက်သူများကိုပင် ခွင့်လွှတ်၍ ပြန်လည်ကျေအေး မေတ္တာထားချစ်ခင်ရန် ဝန်မလေးတတ်သော သူများဖြစ်သည်။ ပတ်ဝန်းကျင်အပေါ် မိမိမှန်သည်ထင်က လုံးဝဂရုမစိုက်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၃၀) ရက်**နေ့တွင် မွေးသောသူများကို "The Sacrificial" ပေးဆပ်စွန့်လွှတ်





သော မေတ္တာရှင်များဟု သတ်မှတ်သည်။ မေတ္တာထုထည်ကြီးမားစွာနှင့် ချစ်ခင်တတ်သောသူများ ဖြစ်သည်။ သမားရိုးကျနေထိုင်တတ်သည်။ အချစ်မေတ္တာ မှန်သမျှအပေါ် အလွန်သစ္စာကြီးသည်။ ကိုယ်ကစ၍ သစ္စာမဲ့ခြင်း၊ ပစ်ခွာသွားခြင်း၊ စိတ်အတွင်း သဏ္ဌာန်ပြောင်းလဲသွားခြင်း ဘယ်သောအခါမှ မရှိ။ ချစ်သူအပေါ် အမြဲပေးဆပ်နားလည်ခွင့်လွှတ်တတ်သောသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ဖူးစာကံ**

(၃)ဂဏန်းသမား ၄ မျိုးတို့၏ ဖူးစာကံဆိုကာ ကောင်းကျိုးပေး စိတ်ချမ်းမြေ့စေမည့်သူများနှင့် အသည်းခွဲ စိတ်သောကရောက်၍ ကြေကွဲဝမ်းနည်းခြင်းကိုဖြစ်စေသော ချစ်ဒုက္ခပေးမည့်သူများကို အသေးစိတ်ဖော်ပြရသော်....

**(၃)ရက်နေ့တွင်မွေးသောသူများ**

**❖ မည်သည့်လတွင်မဆို (၁၁၊ ၂၃၊ ၂၄)ရက်တွင်** မွေးသောသူများသည် "Soul Mate" ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွယ်ခွင့်ရှိသောသူများဟု သတ်မှတ်သည်။ ဖူးစာဆုံမည့်ကံမြင့်မားသောသူများ ဖြစ်သည်။

(၉၊ ၁၆၊ ၁၇)ရက်တွင် မွေးသောသူများနှင့်မေတ္တာမျှက အခက်အခဲများကြုံမည်။ တစ်ဦးနှင့်တစ်ဦး ဝေးကွာသွားမည်။ ပြီးမှပြန်လည် ဆက်စပ်မိကာ အလွန်ချစ်ကြည်ပြီး ဖူးစာဆုံမည်။

(၁၊ ၁၄၊ ၂၃)ရက်နေ့တွင် မွေးသောသူများသည် မိမိအားအသည်းခွဲမည့်သူများ ဖြစ်သည်။ ဆုံစည်းကိန်းလည်းမရှိ။ စိတ်ညစ်ရမည်။ သောကပွေမည်။ ကျန်ရက်မွေးသောသူများသည် ဖူးစာဆုံရန် ပုံမှန်သာရှိသည်။

**(၁၂)ရက်နေ့တွင်မွေးသောသူများ**

**❖ မည်သည့်လတွင်မဆို (၁၄၊ ၁၆၊ ၂၁) ရက်**နေ့တွင် မွေးသောသူများသည် ဖူးစာဆုံရန်အမြင့်မားဆုံးသောသူများ ဖြစ်သည်။ အပြန်အလှန် မေတ္တာသက်ဝင်ချစ်ခင်ကြသည်။ ရှေးရေစက်ကြောင့် ဖူးစာဆုံခြင်းမျိုးဖြစ်သည်။ Soul Mate ဝိညာဉ်ချင်း ဆက်နွယ်ပေါင်းစည်းမှု မြင့်မားသောသူများ ဖြစ်သည်။

(၁၊ ၁၁၊ ၂၄)ရက်တွင် မွေးသောသူများသည် ဒုတိယအဆင့် ဆုံစည်းမှု မြင့်မားသောသူများ ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ခင်ကြမည်။ ဖြတ်သန်းရသောမေတ္တာရေးလမ်းကြောင်း ခက်ခဲသော်လည်း ဆုံစည်းနိုင်ခွင့်ရှိမည်။

(၂၊ ၁၇၊ ၁၈)ရက်တွင်မွေးသော သူများသည် မိမိအားကောင်းကျိုး ပေးမည်မဟုတ်။ အသည်းခွဲလိမ့်မည်။ အချစ်ရေး အဆင်ပြေမည် မဟုတ်။ ဆုံစည်းခွင့်လည်း မရှိပါ။ အခြားရက်တွင် မွေးသောသူများ သည် မိဘ၊ မိသားစု၊ ပတ်ဝန်းကျင်၏လှုံ့ဆော်မှုကြောင့် ဆုံစည်းမည်။ ရုတ်တရက် အိမ်ထောင်ကျခြင်းမျိုးလည်း ဖြစ်တတ်သည်။

**(၂၁)ရက်နေ့တွင်မွေးသောသူများ**

**❖ လစဉ်လတိုင်း၏ (၁၈၊ ၁၉၊ ၂၈)ရက်**တွင် မွေးသောသူများနှင့် ဖူးစာဆုံရန်ကံအမြင့်မားဆုံးဖြစ်သည်။ ဝိညာဉ်ချင်းဆက်သွယ်မှုရှိသော "Soul Mate"များ ဖြစ်သည်။

(၄၊ ၉၊ ၂၀)ရက်တွင် မွေးသောသူများသည် မိမိအတွက် သင့်တင့်ညီမျှသော "Compatible Partners" များဖြစ်သည်။ ဒုတိယအဆင့် ဆုံစည်းခွင့်ရှိမည်။ နှစ်ဦးနှစ်ဖက်ချစ်ခင်မည်။

(၃၊ ၁၀၊ ၁၄)ရက်တွင် မွေးသောသူများသည် ဖူးစာဆုံခွင့်မရှိ။ ကိုယ့်အပေါ် သစ်စိမ်းချိုးချိုး၍ ပစ်ခွာသွားမည့်သူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အခြားရက်များတွင် မွေးသောသူများနှင့် မေတ္တာမျှက ပုံမှန် ကောင်းကျိုးပေးမည်။ သိသိသာသာကောင်းခြင်း၊ ဆိုးခြင်းမရှိ။ အလယ်အလတ် အကျိုးပေးသော သဘာဝ ရှိသည်။

**(၃၀)ရက်နေ့တွင်မွေးသောသူများ**

**❖ မည်သည့်လတွင်မဆို (၅၊ ၁၆၊ ၁၉)ရက်တွင်** မွေးသောသူများနှင့် ဖူးစာဆုံရန် ကံအမြင့်မားဆုံး ဖြစ်သည်။ ဝိညာဉ်ချင်းပေါင်းစည်းဆက်နွယ်သော "Soul Mate" များ ဖြစ်သည်။

(၈၊ ၂၀၊ ၂၆)ရက်တွင် မွေးသောသူများသည် သဘော ထားချင်း သင့်တင့်ညီမျှသော "Compatible Partners" များဖြစ်သည်။ ဖူးစာဆုံရန် ဒုတိယအဆင့် အကျိုးပေးမည်။

(၉၊ ၃၀၊ ၃၁)ရက်တွင်မွေးသောသူများနှင့် ပေါင်းစည်း မိပါက ဝမ်းနည်းကြေကွဲခြင်းနှင့် အဆုံးသတ်ရမည်။ ရေရှည် အကျိုးပေးခြင်း မရှိ။

အခြားနေ့ရက်များတွင် မွေးသောသူများသည် ဖူးစာ ဆုံရန် ပုံမှန်အနေအထားရှိသည်။ အကြောင်းတစ်စုံတစ်ရာ ဖန်တီး၍ ဖူးစာဆုံခြင်းမျိုးဖြစ်မည်။ ကောင်းခြင်းဆိုးခြင်း ထူးခြားစွာ ဝေဖန်ရန်မရှိပါ။



## အချစ်ကံကြမ္မာ

၃ ဂဏန်းသမားအားလုံးအတွက် နှစ်စဉ်နှစ်တိုင်းတွင် –

- Feb 19th မှ Mar 27th ကြား
- July 20th မှ Aug 28th ကြား
- Nov 24th မှ Dec 24th ကြား

အချိန်ကာလများသို့ ရောက်သောအခါ အထူးစန်းပွင့် မည်။ မေတ္တာရေးကံ ကောင်းမည်။ လူချစ် လူခင်ပေါ်များ မည်။ ပြောရေးဆိုရေးအဆင်ပြေမည်။ အချစ်ကံ ကောင်း သောလ Lucky Love Periods ဟု သတ်မှတ်သည်။

အင်္ဂါနေ့၊ သောကြာနေ့၊ တနင်္ဂနွေနေ့များသည် (၃) ဂဏန်းသမား များအတွက် အချစ်ကံကောင်းသောနေ့များ ဖြစ်သည်။ Lucky Days of Love ဟု သတ်မှတ်သည်။ ၎င်းရက်များတွင် အချစ်ရေးတွင် ကြုံတွေ့နေရသော အခက် အခဲများ ဖြေရှင်းနိုင်ခြင်း၊ ချစ်သူနှင့်မိမိအကြား အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန် အထူးကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

**(၃)ဂဏန်းသမား (၄)မျိုးအလိုက် ဝိသေသ ကံထူးသော ရက်များသည်ကား....**

(အင်္ဂါနေ့)များသည် (၃၊ ၃၀) ရက်နေ့တွင်မွေးသောသူများ အတွက် ချစ်ကံကောင်းသောရက် ဖြစ်သည်။

(သောကြာနေ့)များသည် (၁၂) ရက်နေ့တွင်မွေးသောသူများအတွက် ချစ်ကံကောင်းသောရက် ဖြစ်သည်။

(တနင်္ဂနွေနေ့)များသည် (၂၁) ရက်နေ့တွင် မွေးသောသူများ အတွက် ချစ်ကံကောင်းသော ရက် များဖြစ်သည်။

၃ ဂဏန်းသမားအားလုံးအတွက် လစဉ်လတိုင်းတွင် အချစ် ကံခေရက်များရှိသည်။ ထိုရက်များတွင် ချစ်ရေးဆိုက ခါးသီးစွာ ငြင်းပယ်ခံရမည်။ အချစ်ကို အသိအမှတ်ပြုမှု၊ အချစ်အဖြေပေးမှု ခံယူက ထိုအချစ်သည်တည် မြဲမည် မဟုတ်။ ပေါင်းစည်းရန် ခက်ခဲမည်။ အချစ်ရေးကံခေရက်များသည်ကား....

(၃)ရက်နေ့တွင် မွေးသောသူများသည် လစဉ်လတိုင်း၏ (၅၊ ၁၇၊ ၃၀)ရက်များတွင် အချစ်ရေးကံမကောင်းပါ။

(၁၂)ရက်နေ့တွင် မွေးသောသူများသည် (၁၅၊ ၂၆၊ ၂၇) ရက်များသည် ချစ်မေတ္တာအတွက် ကံမကောင်းသောရက်များဖြစ် သည်။

(၂၁)ရက်နေ့တွင်မွေးသောသူများသည် လစဉ်လတိုင်း၏ (၁၆၊ ၁၈၊ ၂၁)ရက်များတွင် မေတ္တာရေးကံခေမည်။

(၃၀)ရက်နေ့တွင် မွေးသောသူများသည် လစဉ်လတိုင်း၏ (၅၊ ၁၇၊ ၂၉)ရက်နေ့များတွင် အချစ်ရေးကံခေတတ်သည်။

## ချစ်နိမိတ်ဒဏ္ဍာရီ

မွေးရက်ဂဏန်းကိုကြည့်၍ ဗေဒင်ဟောပြောသော "Numberology" ဟုခေါ်သော ဂဏန်းဗေဒင်ရှုထောင့်တွင် ဂဏန်းဗေဒင်၏အလိုအရ မည်သည့်လတွင်မဆို အင်္ဂလိပ် (၃၊ ၁၂၊ ၂၁၊ ၃၀) တွင်မွေးဖွားသော (၃) ဂဏန်းသမားများကို ကြာသပတေးဂြိုဟ်မင်း "Jupiter" ၏ ကိုယ်စားပြုသူများဟု သတ်မှတ်သည်။ ရောမ "Roman"တို့က ဂျူပီတာ "Jupiter" ဟု ခေါ်ဝေါ် အသုံးပြုသည်။ "Greek" "ဂရိခေါ်မ" ဒဏ္ဍာရီတွင်ကား "Zeus" ဇုနတ်မင်းကြီး ဟူ၍ ခေါ်ဝေါ်သည်။ ခေါ်ဝေါ်မှတ်ယူသုံးစွဲခြင်းငှာ လွယ်ကူစေရန် ဇုနတ်မင်းကြီးဟူ၍ အသုံးအစွဲများသည်။

"ဇု" နတ်မင်းကြီးသည် "Cronus" "ခရိုးနပ်" ဟုခေါ်သော စနေဂြိုဟ် "Saturn"နှင့် မိခင်ရီယာ "Rhea" တို့မှ မွေးဖွားသူဖြစ်သည်။ လျှို့ဝှက်စွာမွေးဖွားရခြင်းဖြစ်သည်။ "ခရိုးနပ်" သည် အလွန်အစွမ်းကြီးလှသော တိုက်တန်နတ်မင်းဖြစ်လင့်ကစား ကျိန်စာသင့်သောသူဖြစ်သည်။ ဖခင်ဖြစ်သူ ကမ္ဘာဦးကောရာဇ် "ယူရေးနပ်စ်" "Uranus" ကို ဖယ်ရှား၍ နန်းလုနေရာယူသူ ဖြစ်သည်။ မွေးဖွားသော သားသမီးများသည် ပုန်ကန်၍ "ဖယ်ရှားနန်းစွန့်စေ" ဟူ၍ "ယူရေးနပ်စ်"၏ ကျိန်စာဝဋ်ကြွေးကို ခံယူရသူဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကေရာဇ်အဖြစ် ဆက်ခံသောအခါ ရှေ့ဖြစ်ဟောသူအားလုံးတို့ကလည်း သားသမီးမှ နေရာလု ဖယ်ရှားခံရမည်ဟူ၍ တညီတည်း ဟောကိန်းထုတ်သည်။ ထိုသောအခါ "ခရိုးနပ်" စနေဂြိုဟ်မင်းသည် မွေးဖွားသမျှသားသမီးအားလုံးကို မွေးလျှင်မွေးချင်း ဝါးမျိုပစ်၏။ "Hestia" "ဟက်စတီရှ" "Poseidon" "ပိုဆိုက်ဒွန်"၊ "Pluto" "ပလူတို"၊ "Hades" "ဟေးဒီစ်"၊ "Hera" "ဟီရာ"၊ "Demeter" "ဒီမိတာ" သားသမီး (၅) ယောက်ကို အစဉ်အတိုင်းမွေးပြီး တစ်ဦးပြီးတစ်ဦးအား ဝါးမျိုပစ်လိုက်၏။ အိမ်ထောင်သက် (၆) နှစ်ကြာသောအခါ မိခင်စိတ်ရှိသော "Rhea" "ရီရာ"သည် သူမ သန္ဓေယူမွေးဖွားသောကလေးတို့ကို တစ်ဦးပြီးတစ်ဦး ဝါးမျိုစားခြင်းအပေါ်၌ မခံမရပ်နိုင်ဖြစ်လာ၏။ ဤသို့ဖြင့် ဆဋ္ဌမမြောက် သန္ဓေတည်၏။ ဤတစ်ကြိမ်တွင်ကား "Zeus" "ဇုံ"နတ်မင်းအဖြစ် မွေးဖွားလာမည့် သန္ဓေမည်၏။

"ဇုံ"နတ်မင်းအား မွေးဖွားခြင်းသည်ကား လျှို့ဝှက်စွာ မွေးဖွားခြင်းပေတည်း။ "ရီရာ"သည် "Mount Cretan" "ခရီတန်" တောင်တန်း၏ လိုဏ်ဂူတစ်နေရာ၌ မွေးဖွားသည်။ မွေးကင်းစ ကလေးငယ်အားထားခဲ့၍ ကျောက်တုံးကို သယ်ဆောင်ကာ "ခရိုးနပ်" စေတန်နတ်မင်းအား ကျောက်တုံးကို အနှီးနှင့်ပိုက်ထွေးကာ သူမ မွေးသောကလေးဟူ၍ ပေးကာ ဝါးမျိုစေ၏။ ဤသို့ဖြင့် "ဇုံ" နတ်သားသည် လျှို့ဝှက်စွာ ရှင်သန်ခွင့်ကို စတင်ရရှိခဲ့၏။

"ဇုံ"နတ်သားကို "Amalthea" "အမ်မာလ်သီးရား" အမည်ရှိသော ဆိတ်မကြီးထံမှရရှိသော ဆိတ်နို့ကို သောက်



သုံး၍ ရှင်သန်လေသော် အလွန်အင်အားကြီးမားသည့် အစွမ်းထက်သည်။ ငယ်စဉ်ကာလ ဆိတ်နို့နှင့် မလောက်။ ဆိတ်မကြီးသည် ညာဘက်ဦးချိုကို ချိုး၍ သစ်သီးဝလံတို့ကို ပေး၏။ "Horn Of Plenty" ဟုခေါ်၏။ ထိုလိုတရ ဆိတ်ချိုအတွင်းမှ ပိုင်အရက်ချို၊ သစ်သီးဝလံနှင့် အလုံးစုံသော အစားအသောက်တို့ကို မကုန်နိုင်မခန်းနိုင် လိုသလောက်ရစေ၏။ ဤသို့ဖြင့် ဇုံ သည် အလိုရှိရာအားလုံးကို အလိုရှိသည့်အချိန်၌ အပြည့်အဝရရှိသော နတ်ဒေဝါအဖြစ် ကြီးပြင်းလာခဲ့သည်။ ဆယ်ကျော်သက်အရွယ်ကို ရောက်လေသော် မိခင်၏အကူအညီနှင့် နန်းတွင်းသို့ ဝင်ရောက်ကာ "ခရိုးနပ်" စေတန်အား ပိုင်အရက်ဆက်သူ လုလင်အဖြစ် အယောင်ဆောင်ကာ အရက်တွင် အဆိပ်ခတ်၍ အစ်ကို အစ်မတို့အား အန်ထုတ်စေသည်။ ထို့နောက် ညီအစ်ကို မောင်နှမခြောက်ယောက်စုပေါင်း၍ ယခင်ကာလ "ခရိုးနပ်" နှင့် ရန်သူဖြစ်ခဲ့သော တိုက်တန်များနှင့် ပေါင်းစည်းကာ အချိန်ကာလ ၁၀ နှစ်ကြာအောင် တွန်းလှန်ခဲ့ကာ အောင်နိုင်ခြင်းများ ရရှိခဲ့သည်။ အောင်နိုင်သောအခါ နတ်ဒေဝါတို့၏ အခေါင်အဖျားမင်းအဖြစ် ရောက်ရှိလေသတည်း။ ပြည့်စုံခြင်း၊ သြဇာကြီးမားခြင်းရလင့် ကစား "ဇုံ"သည် အချစ်ရေး ကံကောင်းသူ မဟုတ်ချေ။

"ဇုံ"နတ်မင်း၏ဘဝတွင် ပထမဦးဆုံး ချစ်သူသည်ကား "Metis" "မီတစ်" အမည်ရှိ သူဖြစ်သည်။ သမုဒ္ဒရာနတ်ဒေဝီ၏ သမီးသုံးထောင်အနက် တစ်ယောက်ဖြစ်သည်။ ခက်ခဲလှသော တိုက်တန်တို့၏ (၁၀) နှစ်ကြာတိုက်ပွဲတွင် "ဇုံ" နတ်မင်းအပါးတွင် အကြံပေးသူ၊ ကူညီသူအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်ခဲ့သူဖြစ်သည်။ ''မိတစ်'' သည် ''ဇု''ကို မေတ္တာရှိ လင့်ကစား အမြဲရှောင်ရှားသည်။ ''ဇု'' နတ် မင်းကြီး၏ အိမ်ထောင်ရေးသည် ကံမကောင်းကြောင်းကို ဂဃနဏ သိသူဖြစ်သည်။ ''မိတစ်''သည် ''ဇု''နတ်မင်း၏မိခင် ''ရီရာ'' နှင့် အလွန်ရင်းနှီးသူဖြစ်သည်။''မိတစ်'' သည် ''ဇု'' အပေါ်၌ မေတ္တာသက်ဝင်သည်ကိုသိသော် ''ရီရာ'' မှဆို၏။ သူမ၏သားဖြစ်သူ ''ဇု'' သည် အိမ်ထောင်ရေးတွင် ကံကောင်းမည်မဟုတ်။ သူကိုယ်တိုင်လည်း စိတ်ဆင်းရဲရ သလို သူ့အား မေတ္တာသက်ဝင်သူအားလုံးတို့လည်း ကံဆိုး ခြင်းနှင့် ကြုံရမည်ဟူ၍ ပြောခဲ့သည်။ ''ဇု''သည် ''ယူရေး နပ်'' ''ခရိုးနပ်''တို့၏သွေးအရင်းဖြစ်ကာ နတ်စင်စစ်ဖြစ် လျက် တိရစ္ဆာန်ဆိတ်မကြီး ''Amalthea'' ''အမ်မာလ်





sanzambo



သီးရား'' ၏ ဆိတ်နို့ကို သောက်သုံးပေရာ ချစ်စိတ်ကြီး မားသည်။ တစ်ဦးထက်မကသော အချစ်ကို လိုလားသည်။ စိုးမိုးလိုစိတ် ပြင်းထန်သည်။ အလိုရမ္မက်ဆန္ဒကြီးမားမည်ဟု ဆိုခဲ့သည်။

''မိတစ်''သည် အတန်တန်ငြင်းပယ်ရှောင်နေသည့် ကြားမှ နောက်ဆုံး ''ဇု''နှင့် အကြောင်းပါလေတော့၏။ ''ဇု''က အလွန်မြတ်နိုး၏။ အကြောင်းပါ၍ ''မိတစ်'' သန္ဓေ ရလေသော် ''ဇု'' အင်မတန်ပျော်၏။

တစ်နေ့သော ကာလတွင် ''ဇု'' ၏ အဘွားဖြစ်သူ ''ရီရာ'' ရောက်ရှိလာ၏။ သူမသည်ကား အနာဂတ်ကို ကြိုတင်သိသူ၊ အရာရာကိုဖန်ဆင်းသော နတ်မယ်တော် ကြီးဖြစ်၏။ မြေးဖြစ်သူ ''ဇု'' အား ''သင်၏ရင်နှစ်သည်း ချာသည် အစွမ်းကြီးလှ၏။ ''မိတစ်'' နှင့် ပေါင်းစပ်ပြီး ဒုတိယမြောက်သား မွေးမည်။ သင်၏နေရာကို ဖယ်ရှား ၍ လုယူမည်ဟု ပြော၏။ ''မိတစ်'' အား ခွဲခွာရမည်။ ဆက်လက်ပေါင်းသင်းက ၎င်းအား အန္တရာယ် ကျရောက်လိမ့် မည်။ နောက်ဆုံး ''ဇု''သည် သန္ဓေလွယ်ထားသော ''မိတစ်''အား ဝါးမျိုပစ်လေ၏။ ''ဇု''နှင့် ''မိတစ်''မှမွေးသော ''အေသီနာ'' သည် ''ဇု''ခေါင်းမှ ဖောက်ထွက်၍မွေး၏။

''ဇု''၏မိခင်ဖြစ်သူ ''ရီရာ'' က ''ဇု'' အား အိမ်ထောင် မပြုရန် အမိန့်ထုတ်ပြန်သည်။ ''ဇု'' သည် မခံမရပ်နိုင်ဖြစ် ကာ မိခင်ကို ရန်မူ၏။ မိခင်စကား နားမထောင်သည့်အပြင် ထပ်မံ၍ အိမ်ထောင်ပြု၏။ တရားဝင်အိမ်ထောင် (၆) ဆက် ထပ်မံပြု၏။ အိမ်ထောင်ပြုခြင်းကို အစဉ်အတိုင်း ဖော်ပြရ သော် ''Themis'' ''သီးမီး''၊ ''Eurynome'' ''ယူရင်အို

www.burmeseclassic.com

www.burmeseclassic.com





မီ"၊ "Demeter" "ဒီမီတာ"၊ "Mnemosyne" "မန်မို ဆီးနီး"၊ "Leto" "လီတို"၊ "Hera" "ဟီရာ" တို့ဖြစ်သည်။ "Hera" "ဟီရာ"သည်ကား အလွန်သဝန်ကြောင်သည်။ အမြဲတစေမသင်္ကာ ခြင်းများနှင့် စောင့်ကြည့်နေသည်။ "ဇု"သည်လည်း အိမ်ထောင်ထပ်မပြုနိုင်။ "ဟီရာ" သည်လည်း စိတ်မချမ်းမြေ့။ ရလိုသည့်အရာများကို မရရအောင် ကြံတတ်သည့် "ဇု"သည် ထပ်မံတွေ့သောအချစ်များအတွက် "နွား"အသွင်ဆောင်၍လည်းကောင်း၊ "ငန်း" အသွင် ဆောင်၍လည်းကောင်း၊ "ရွှေမိုး စက်" အသွင် ဆောင်၍လည်းကောင်း ထပ်မံ၍အချစ်ရေးနှင့် မေတ္တာရေးရာ ကိစ္စများ "ဟီရာ" မျက်ကွယ်ဆောင်ရွက်လေ၏။

ဤဂရိဒဏ္ဍာရီကို အကြောင်းပြု၍ (၃) ဂဏန်းသမားတို့သည် ဘဝတွင် အရာရာပြည့်စုံ၍ အချစ်ရေးတွင် အနှောင့်အယှက်များ ကိန်းရှိသည်။ မိဘမောင်နှမသားချင်းများကို ဘဝပေး၍စောင့်ရှောက်ရမည်။ မိသားစု၏အားကို အားထားပြုရသော အဆင့်ရောက်မည်။ မိမိအပေါ် အားကိုး အား ထားပြုသော မိသားစုက ကိုယ်တိုင်အိမ်ထောင် ပြုခြင်း အပေါ် နားလည်နိုင်စွမ်းနည်းပါးမည်။ "၅၂၈"မေတ္တာကို ဦးစားပေး၍ "၁၅၀၀"မေတ္တာတွင် အားနည်းမည်။

"အချစ်ဦးကို ချစ်လျက်နှင့် စွန့်လွှတ် ဖယ်ရှားရပြီး အမှန်တကယ် ချစ်ခြင်းမေတ္တာ အပြည့်အဝ အပြန်အလှန် ဖြည့်ဆည်းပေးနိုင်စွမ်းမရှိသော ချစ်သူထားရှိမည်။ နောက်ဆုံး အိမ်ထောင်ပြုမည်။ အနိုင်ကျင့်မည်။ သဝန်ကြောင်မည်။

၃ ဂဏန်းသမားအားလုံးတို့သည် အချစ်ကို ရယူရန် အတွက် စိတ်ရှည်သည်။ ကိုယ်လိုလားသော အချစ်ကို





မရရအောင် ဖန်တီးနိုင်သည်။ အချစ်ကိုရရှိရန်အတွက် အမျိုးမျိုး အသွင်ပြောင်း ဟန်ဆောင်ရန် ဝန်မလေး။

(၃) ဂဏန်းသမားတို့၏ နိဂုံးချုပ် ကံကြမ္မာအနေဖြင့် အချစ်ဦး နှင့်ဆုံစည်းရန် မရှိ။ လိုလားသူဆန္ဒရှိသူနှင့် အိမ်ထောင်ကျမည် ဟူ၍ရှိသည်။ (၃) ဂဏန်းသမား တို့ ကံကောင်းစေရန် "ဇု" နတ် မင်းကြီး၏ "လီတရ" ဆိတ်ချိုကို ဆောင်ယူပါ။



ပုံတွင်ဖော်ပြထားသော ဆိတ်ချိုကြီးသည် "Cornucopia" "ကော်နျူကိုပီယား"အမည်ရှိသည်။ "ဇု" နတ်မင်းကြီးအား နို့ချိုတိုက်ကျွေးသော ဆိတ်မကြီး၏ ဦးချိုဖြစ်သည်။ ဤအဆောင်ကို ဆောင်ခြင်းဖြင့် (၃)ဂဏန်း သမားတို့၏ အချစ်ရေးကံကောင်းခြင်းကိုရရှိစေရန် တင်ပြ လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





## အချစ်နံပါတ်(၄)

မည်သည့်လတွင်မဆို ၄၊ ၁၃၊ ၂၂၊ ၃၁ ရက်နေ့တွင် မွေးသော သူများကို နံပါတ် ၄ သမားများဟူ၍ သတ်မှတ်သည်။

''Uranus'' ယူရေးနပ်စ်အချစ် ဟုလည်း ဆိုသည်။



မည်သည့်လတွင်မဆို (၄၊ ၁၃၊ ၂၂၊ ၃၁) ရက်တွင် မွေးသောသူများကို (၄) ဂဏန်းသမားများဟု သတ်မှတ်သည်။ ထူးခြားလျှို့ဝှက်လှသည့် ယူရေးနပ်စ် Uranus အမည်ရှိသော ကောင်းကင်ဂြိုဟ်မှ ပိုင်စိုးပတ်သက်သည်။ ကမ္ဘာမြေထုနှင့် အရွယ်အစားနီးစပ်ကူပြီး စနေဂြိုဟ်ကဲ့သို့ ခါးပတ်ကွင်းများနှင့် ဝန်းရံထားသော ''Uranus'' ''ယူရေးနပ်စ်'' ဂြိုဟ်ကို အင်္ဂလိပ်လူမျိုး ကောင်းကင်နက္ခတ်အတတ်ပညာရှိကြီး ''ဝီလျံဟာရှယ်'' ''William Herschel''မှ ၁၇၈၁ တွင် ရှာဖွေတွေ့ရှိခဲ့သည်။ ထိုကာလမှစ၍ နံပါတ် (၄) ဂဏန်းသမားများကို ''ယူရေးနပ်စ်'' မှ ပိုင်စိုးသည်ဟု သတ်မှတ်ကာ ''AQUARIUS''''ကုမ်ရာသီ''ကို ''ယူရေးနပ်စ်'' မှ ပိုင်စိုးသော ရာသီဟူ၍ သတ်မှတ်ခဲ့ခြင်းတည်း။

ခေါင်းမာခြင်း၊ တဖွတ်ထိုးလုပ်ခြင်း၊ မာကျစ်ကျစ် ပေတေတေနှင့် ပြန်မပြောနားမထောင် ကိုယ်ထင်ရာ ကိုယ်စိုင်းကာ ကိုယ့်အပေါ်လွှမ်းမိုး ချုပ်ချယ်မှုကို လားလားမှ မနှစ်သက်သော လူ့ခွစာ (၄)ဂဏန်းသမားတို့သည် ယုတ္တကာထက် သိမ်မွေ့နူးညံ့သောပေးဆပ်သော နှလုံးသားကို ပိုင်ဆိုင်သူများ ဖြစ်သည်။ အတွင်းစိတ်အလွန်ပျော့၍ သိမ်မွေ့ကာ ပေးဆပ်သောနှလုံးသားကို ပိုင်ဆိုင်သည်။ ရင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အောင် ချစ်တတ်သည်။ ကိုယ်က ချစ်ရသူအတွက် အရာရာကို ပေးဆပ်သောသူများ ဖြစ်သည်။ ၅၂၈–၁၅၀၀ မေတ္တာ အလုံးစုံတွင် သူတစ်ပါးထက် သာလွန်သောသံယောဇဉ် နှောင်ဖွဲ့မှုနှင့် ရင်ထဲအသည်းထဲမှ ချစ်တတ်သည်။

(၄)ဂဏန်းသမား အားလုံးတို့ကို THE DISPASSIONATE LOVER ဟူ၍ သတ်မှတ်သည်။ ကိုယ်ကျိုးမငဲ့ အရာရာကိုစွန့်လွှတ်၍ ပကတိဖြောင့်မတ်ရိုးသား၍ တည်ကြည်ဖြောင့်မတ်သော အချစ်ပိုင်ရှင်များဟူ၍ ဆိုသည်။ ဘဝလမ်းကြောင်းတွင် ကိုယ်က ချစ်သလောက် တူညီသော တုံ့ပြန်မေတ္တာကို ရရန်ခဲယဉ်းသည်။ ရင်ထဲ၊ အသည်းထဲ နက်နက်ရှိုင်းရှိုင်း နားလည်ခံစားနိုင်မှုမရှိဘဲ အပေါ်ယံစွာလန်နှင့် တဖွတ်ထိုးလုပ်မှုအပေါ် ခံနိုင်ရည်စွမ်းအား မရှိခြင်းအပေါ် အခြေခံသော မေတ္တာပဋိပက္ခများနှင့် မျက်ရည်စများ စွတ်စိုနေသော နေ့ရက်များကို ဖြတ်သန်းပြီးမှ အေးချမ်းသော အချစ်ကို ပိုင်ဆိုင်မည့်သူများဖြစ်သည်။

(၄)ဂဏန်းသမားတို့၏ မေတ္တာကို တုံ့ပြန်ပိုင်စိုးရရှိထားသူများသည် အလွန်ကံကောင်းသည့် အချစ်တတ်ဆုံးသောသူများ၏ မေတ္တာကို ပိုင်ဆိုင်ခွင့်ရှိသောသူများဖြစ်သည်။ ထို့ကြောင့် (၄) ဂဏန်းသမားတို့သည် ကိုယ်တိုင်တွင် မေတ္တာရေး အညံ့ကြုံ၍ ကိုယ်နှင့်မေတ္တာမျှသောသူများသည် အချစ်ကံကောင်းသောသူများဟု သတ်မှတ်ရမည်။ (၄)ဂဏန်းသမားတို့၏ နှလုံးသားမှ စီးဆင်းသော မေတ္တာစိတ်၊ အချစ်စိတ်ကို တုံ့ပြန်နားလည်သူများသည်လည်း အချစ်စစ်ကို ရရှိသူများဖြစ်ပေသည်။





❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၄)ရက်နေ့တွင်** မွေးသောသူများကို Platonic Lover ပလေတိုးနစ် အချစ်သမားများဟူ၍ သတ်မှတ်ခြင်းဖြစ်သည်။ သန့်စင်သောနှလုံးသား၊ ရာဂလုံ့ဆော်မှုကင်းမဲ့သောအချစ်၊ မြင့်မြတ်သော မေတ္တာနှင့် ချစ်သူအပေါ် အလေးထားသူများ ဖြစ်သည်။ ချစ်ခဲ့သည်။ ချစ်မိကလည်း မပျက်ပြယ်သောအချစ်နှင့် ထာဝရတည်မြဲသော အချစ်စိတ်ကို ပိုင်ဆိုင်သည်။ မနာလိုသူများ၊ ဘေးစကားသွေးသား အနှောင့်အယှက်များနှင့် ချစ်သူ၏နိုင်လို မင်းထက်ပြုမှုကို ခံစားရမည့်သူများ ဖြစ်သည်။ အနှောင့်အယှက်မည်မျှရှိစေ သန့်စင်မြင့်မြတ်သော နှလုံးသားနှင့်ရန် အားလုံးကို ဖယ်ရှားနိုင်ကာ တည်ငြိမ်အေးချမ်းသော အချစ်နှင့်အိမ်ထောင်ရေးကို ပိုင်ဆိုင်သောသူများ ဖြစ်သည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၁၃)ရက်နေ့တွင်** မွေးသောသူများကို Possessive Lover များဟု သတ်မှတ်သည်။ စိုးမိုးလိုသော မေတ္တာစိတ်ကို ပိုင်ဆိုင်ထားသူများဟူ၍ သတ်မှတ်သည်။ ကိုယ့်ချစ်သူအပေါ် ကိုယ်မှတစ်ပါး အခြားသူမှ စေ့စေ့ကြည့်သည်ကို လက်မခံဘဲ ချစ်သူက ကိုယ့်အပေါ် ဦးစားပေးမှုကို လိုလားသူဖြစ်သည်။ အချစ်ဆို သောအရာသည် တစ်ဦးတည်း၊ တစ်ယောက်တည်းစီသာ လျှင် အပြန်အလှန်နှောင်ဖွဲ့အပ်သော မြင့်မြတ်သည့်သံယောဇဉ်ဟူ၍ လက်ခံယုံကြည်ထားသူ ဖြစ်သည်။ ကိုယ့်ချစ်သူအပေါ် ထားရှိသောအချစ်မျိုး မည်သူ့အပေါ်မှမထား။ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း မိမိအပေါ် မည်သည့်အချစ်နှင့်မဆို နှိုင်း၍မရသော အချစ်မျိုးနှင့် ချစ်ခင်ခြင်းကို လိုလားသူများဖြစ်သည်။ ပတ်ဝန်းကျင်မှသော်လည်းကောင်း၊ ချစ်သူမှသော်လည်းကောင်း မနာလိုသဝန်တိုသူဟု ခံရလောက်အောင် အချစ်ကြီးသူများ ဖြစ်သည်။

**❖မည်သည့်အင်္ဂလိပ်လတွင်မဆို (၂၂)ရက်**နေ့တွင် မွေးသောသူများကို "Crazy Lover" အရူးအမူးချစ်တတ်သောသူများဟု သတ်မှတ်သည်။ အလွန်အစွဲအလမ်းကြီးသည်။ လူတစ်ဦးတစ်ယောက်ကို ချစ်မိလျှင် မျက်စိအောက်က အပျောက်မခံ။ အစွဲအလမ်းကြီးသည်။ အများတကာက ရူးမိုက်သူဟု ဆိုရလောက်အောင် အချစ်သဘာဝကို ဖော်ကျူးသောသူဖြစ်သည်။ အချစ်အတွက် အရာရာပေးဆပ်ဆောင်ရွက်ဝံ့သောသူ ဖြစ်သည်။ ချစ်သူ၏စကားကိုသာ နားဝင်သည်။ အချစ်အတွက် မိဘပတ်ဝန်းကျင် အလုံးစုံကို ဆန့်ကျင်ရင်ဆိုင်ဝံ့သည်။ အချစ်နှင့် ပတ်သက်လျှင် အကဲဆတ်သည်။ သဲသဲလှုပ်လှုပ် ခံစားသည်။ စကားတစ်ခွန်းမှားသည်ကိုပင် လက်မခံ။ အချစ်ကြီးသလို အမျက်ကြီးတတ်သည်။ သည်းခံစိတ် မြင့်မားသည်။ အမှားတစ်စုံတစ်ရာအပေါ်၌ သည်းခံနိုင်စွမ်းမရှိ။ မုန်းပြီဆိုကလည်း လှည့်မကြည့်တတ်။ နားလည်ရန် ခက်ခဲသောမေတ္တာစိတ်ကို ပိုင်ဆိုင်သူ ဖြစ်သည်။

**❖မည်သည့်အင်္ဂလိပ်လတွင်မဆို (၃၁) ရက်** နေ့တွင် မွေးသူများကို "Execessive Lover" များဟု သတ်မှတ်သည်။ အခြားသူများထက် ပိုလွန်သောအချစ်ကို





ပိုင်ဆိုင်သူများ ဖြစ်သည်။ ချစ်စိတ်လွန်ကဲမှုကို အခြေတည်၍ ချစ်သူနှင့် မကြာခဏ စကားများတတ်သည်။ ချစ်သူထံမှ တူညီသော အချစ်ကိုရရန် ခဲယဉ်းသည်။ ခံစား ချက်လွန်ကဲသည်။ ဆုံးဖြတ်ထားပြီးကိစ္စအပေါ် ပြန်လည်ပြင်ဆင်ခြင်းမပြု။ ချစ်သူအပေါ် လွန်လွန်ကဲကဲ ခွင့်လွှတ်တတ်သည်။ ပေးဆပ်ဖြည့်ဆည်းသော မိမိမေတ္တာအပေါ် အခွင့်အရေးယူသူများနှင့် တွေ့တတ်သည်။ ဘဝတစ်လျှောက်တွင် ကိုယ့်ထက် အခြေအနေ ဘဝအဆင့်နွမ်းပါးနိမ့်ကျသူများ အပေါ် လွန်ကဲသော မေတ္တာနှင့်ပေးဆပ် ချစ်တတ်သောသူ ဖြစ်သည်။ အချစ်အပေါ် တန်ဖိုးထားသည်။ အပြန်အလှန်မေတ္တာရှိသူထက် ပို၍ချစ်တတ်သည်။ သံယောဇဉ်ရှိသူအပေါ် အနိုင်းမဲ့ အချစ်စိတ်နှင့် ချစ်တတ်သော သဘာဝရှိသည်။ အချစ်ကြောင့် ဘဝထိခိုက်နစ်နာသည်ကိုပင် ဂရု



www.burmeseclassic.com

www.burmeseclassic.com


မစိုက်။ တွယ်တာစိတ်၊ မြတ်နိုးစိတ်ကြီးမားသည်။ ချစ်ခဲသည်။ အချစ်မြဲသည်။ အရာရာအပေါ် ခွင့်လွှတ်တတ်သည်။

**ဖူးစာကံ**

(၄)ဂဏန်းသမား(၄)မျိုးတို့၏ ဖူးစာကံ အနေအထား၊ ကံဆုံမည့်သူများ မိမိအား အသည်းခွဲမည့်သူများကို အသေးစိတ် တင်ပြရသော်....

**(၄)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၁၄၊ ၂၃၊ ၂၅) ရက်တွင်** မွေးသောသူများသည် "Soul Mate" ဝိညာဉ်ချင်းပေါင်းစည်းဆက်နွယ်ခွင့်ရှိသောသူများဟု သတ်မှတ်သည်။ ဖူးစာကံဆုံမှု အမြင့်မားဆုံးသောသူများ ဖြစ်သည်။

(၁၊ ၆၊ ၁၆)ရက်တွင် မွေးသူများနှင့် မေတ္တာသက်ဝင်က အခက်အခဲ စိတ်ရှုပ်စရာများ ကြုံမည်။ မေတ္တာမျှပြီးနောက် တစ်ဦးနှင့်တစ်ဦး ဝေးကွာသွားမည်။ ပြီးမှ ပြန်လည် ဆက်စပ်ကာ အလွန်ချစ်ကြည်ပြီး ဖူးစာဆုံမည်။

(၅၊ ၉၊ ၁၉)ရက်နေ့တွင် မွေးသောသူများသည်ကား ကိုယ့်အပေါ် အသည်းခွဲမည့်သူများဖြစ်သည်။ ဆုံစည်းကိန်းလည်းမရှိ။ စိတ်ညစ်ရမည်။ သောကပွေမည်။

အခြားရက်နေ့များတွင် မွေးသောသူများသည်ကား မိဘများ စီစဉ်မှုကြောင့်လည်းကောင်း၊ ပတ် ဝန်းကျင်စီစဉ်မှုကြောင့်လည်းကောင်း ဆုံစည်းမည်။ မမျှော်လင့်ဘဲ ရုတ်တရက် အိမ်ထောင်ကျခြင်းမျိုး လည်းရှိမည်။ သူ့တွင်လည်း ချစ်သူရှိ၊ ကိုယ့်တွင်လည်း ချစ်သူရှိ မမျှော်လင့်ဘဲ ဆုံစည်းခြင်းမျိုးဖြစ်မည်။

**(၁၃) ရက်နေ့တွင်မွေးသောသူများ**

လစဉ်လတိုင်း၏ (၁၄၊ ၂၀၊ ၂၈) ရက်နေ့တွင် မွေးသောသူများနှင့်ဖူးစာဆုံကိန်း အမြင့်မားဆုံးဖြစ်မည်။ အပြန်အလှန် ဆုံစည်းချစ်ခင်မည်။ ဝိညာဉ်မိတ်ဖက် "Soul Mate" များဖြစ်သည်။

(၈၊ ၁၇၊ ၂၁)ရက်နေ့မွေးသူများသည် မိမိအတွက် သင့်တင့်လျော်ညီသော "Compatible Partners" များဖြစ်သည်။

(၁၀၊ ၂၄၊ ၂၉)ရက်နေ့မွေးသူများနှင့် ဖူးစာဆုံကိန်းမရှိ။ ကိုယ့်အပေါ် သစ်စိမ်းချိုးချိုး၍ အသည်းခွဲသောသူများဖြစ်မည်။

အခြားနေ့တွင် မွေးသောသူ များနှင့် မေတ္တာမျှက ပုံမှန်အကျိုးပေးသည်။ ကောင်းခြင်းဆိုးခြင်း ထူးထူးခြားခြား ဝေဖန်ရန်မရှိ။ ဆုံစည်းရန်ပုံမှန် အနေအထားရှိသည်။ အချစ်ဆိုသောအရာထက် အပြန်အလှန်သံယောဇဉ် တစ်စုံတစ်ရာ နွယ်ယှက်မှုအပေါ် အခြေတည်၍ ဆုံစည်းမှုသာဖြစ်သည်။

**(၂၂) ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၁၅၊ ၁၇၊ ၂၈) ရက်နေ့**တွင် မွေးသောသူများနှင့် ဆုံစည်းရန်ဖူးစာကံ အမြင့်မားဆုံးဖြစ်သည်။ ဝိညာဉ်ချင်းဆက်နွယ်မှု အမြင့်မားဆုံး "Soul Mate" များဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

(၁၁၊ ၂၉၊ ၃၀)ရက်နေ့မွေးသူများနှင့် သဘောညီမျှ၍ ညီညွတ်သင့်တင့်လျောက်ပတ်သော "Com- patible Partners" များဟု သတ်မှတ်သည်။ ဖူးစာကံဆုံရန် ဒုတိယ အဆင့်အားကောင်းသည်။

(၁၉၊ ၂၄၊ ၂၈)ရက်နေ့တွင်မွေးသောသူများ နှင့်ပေါင်းစည်းက ဝမ်းနည်းကြေကွဲခြင်းနှင့် အဆုံးသတ်ရမည်။ ရေရှည် အကျိုးပေးခြင်းမရှိ။

အခြားနေ့တွင်မွေးသူများနှင့် ဖူးစာဆုံရန် ပုံမှန်အနေ အထားရှိသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ဖူးစာဆုံရန် ပုံမှန်အနေ အထားရှိသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ဖူးစာဆုံရခြင်းမျိုး ဖြစ်မည်။ ကောင်းခြင်းဆိုးခြင်း ဝေဖန်ရန် မရှိ။ ပုံမှန်ဖူးစာရှင်မျိုး ဖြစ်သည်။

**(၃၁) ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၄၊ ၆၊ ၉) ရက်**နေ့တွင် မွေးသူများနှင့် ဖူးစာဆုံကိန်း အမြင့်မားဆုံးဖြစ်သည်။ အပြန် အလှန် သံယောဇဉ်နှောင်ဖွဲ့ခြင်းဖြင့် သမားရိုးကျ ဆုံစည်းမှု မဟုတ်။ ရှေးရေစက်ကြောင့် ဆုံခြင်းဖြစ်သည်။ "Soul Mate" ဝိညာဉ်ချင်းဆုံမှု အမြင့်မားဆုံးဖြစ်သည်။

(၂၊ ၁၃၊ ၂၂)ရက်နေ့တွင် မွေးသူများနှင့် ဒုတိယအဆင့် ဆုံ စည်းမှုကံပါသည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာနှင့်ပြတ်သန်း ရသော မေတ္တာရေးလမ်းကြောင်း ကြမ်းတမ်းမည်။ ဝေးကွာ မည်။ ပြီးမှ ပြန်လည်ဆုံတွေ့မည်။

(၅၊ ၈၊ ၁၇)ရက်နေ့တွင် မွေးသူများသည် မိမိအား အသည်းခွဲလိမ့်မည်။ အချစ်ရေး အဆင်မပြေ။ ဆုံစည်း ခွင့်မရှိ။



အခြားရက်များ။တွင် မွေးသူများသည်ကား မိဘများ စီစဉ်မှု ကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်စီစဉ်မှုကြောင့် လည်းကောင်း ဆုံစည်းမည်။ မမျှော်လင့်ဘဲ ရုတ်တရက် အိမ်ထောင်ကျမည်။



## အချစ်ကံကြမ္မာ

(၄)ဂဏန်းသမားအားလုံးတို့အတွက် နှစ်စဉ်နှစ်တိုင်း တွင် –

- Jan $20^{th}$ မှ Feb $19^{th}$ ကြား
- July $21^{st}$ မှ Aug $28^{th}$ ကြား
- Oct $21^{st}$ မှ Nov $20^{th}$ ကြား

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလများ ရောက်လေသောအခါ အထူးစန်းပွင့်မည်။ မေတ္တာရေးကံကောင်းမည်။ လူချစ် လူခင်ပေါ်များမည်။ ပြောရေးဆိုရေး အဆင်ပြေမည်။အချစ်ရေးကံကောင်းသောလ "Lucky Love Periods" ဟု သတ်မှတ်သည်။

တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ စနေနေ့များသည် (၄)ဂဏန်းသမားများအတွက် အချစ်ကံကောင်းသောနေ့များ ဖြစ်သည်။ "Lucky Days Of Love" ဟုသတ်မှတ်သည်။ ၎င်းရက်များတွင် အချစ်ရေးအတွက်ကြုံနေသော ပြဿနာများ ဖြေရှင်းနိုင်ခြင်း၊ ချစ်သူနှင့် အပြန်အလှန်ယုံကြည်မှုရခြင်း တည်ဆောက်ရန် အထူးကောင်းသည်။

**(၄)ဂဏန်းသမားလေးမျိုးအလိုက် ဗီနသသကံထူးသော ရက်များသည်ကား....**

(၄) ရက်နေ့တွင်မွေးသူများအတွက် (၆၊ ၁၆၊ ၂၂၊ ၂၆)ရက်နေ့များ ဖြစ်သည်။

(၁၃) ရက်နေ့တွင်မွေးသူများအတွက် (၆၊ ၁၂၊ ၁၄၊ ၁၇)ရက်နေ့များဖြစ်သည်။

(၂၂) ရက်နေ့တွင်မွေးသူများအတွက် (၆၊ ၁၀၊ ၁၃၊ ၁၅)ရက်နေ့ များဖြစ်သည်။

(၃၁) ရက်နေ့တွင်မွေးသူများအတွက် (၉၊ ၁၉၊ ၂၁)ရက်နေ့များ ဖြစ်သည်။



**ချစ်ရေးကံခေရက်များသည်ကား**

(၄) ရက်နေ့မွေးသူများအတွက် (၂၁၊ ၂၆၊ ၂၈)ရက်နေ့များ ဖြစ်သည်။

(၁၃) ရက်နေ့မွေးသူများအတွက် (၁၁၊ ၁၈၊ ၂၃)ရက်နေ့များ ဖြစ်သည်။

(၂၂) ရက်နေ့မွေးသူများအတွက် (၅၊ ၂၂၊ ၂၆)ရက်နေ့များ ဖြစ်သည်။

(၃၁) ရက်နေ့တွင်မွေးသူများအတွက် (၁၊ ၄၊ ၃၀)ရက်နေ့များ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


## ချစ်နိမိတ်ဒဏ္ဍာရီ

ရှေးဟောင်းဒဏ္ဍာရီ မိုက်သိုလော်ဂျီ (Classical Mythology) အလိုအရ အချစ်ဆိုသည်ကား ယူရေးနပ်စ်မှ စတင်ခြင်းဖြစ်သည်။ အချစ်၏ ဖြစ်တည်မှုနတ်ဘုရား ယူရေးနပ်စ်နှင့် တိုက်ရိုက်ဆက်နွယ်နေသော (၄) ဂဏန်းသမားတို့သည်ကား အချစ်ဆိုသောအရာအပေါ်၌ စေ့စေ့စပ်စပ် တိတိပပ ခံစားနားလည်နိုင်စွမ်းရှိသူများဟု ဆိုရပေမည်။ အချစ်၏စတင်မှု ဒဏ္ဍာရီသည်ကား....

ရှေးလွန်လေပြီးသောအခါက မဟာစကြဝဠာကြီးအစတွင် အရာရာဖြစ်တည်ပြီးတည် ရှိသည်။ ဖြစ်တည်မှုအလုံးစုံသည် ဖရိုဖရဲ ကစဉ့်ကလျား အစီအစဉ်မကျဘဲ ဖြစ်နေသည်။ ဤသို့ဖြစ်တည်မှုကို ရှေးဟောင်းဂရိဒဏ္ဍာရီ၌ "Chaos" "ကေးရော့စ်"ဖြစ်သည်ဟု သတ်မှတ်သည်။ နောက်ကျိအောင် လှုပ်ခါထားသောအရာတို့သည် ဘဝစတည်ငြိမ်လာသောအခါ အနယ်ထိုင်သွားသည့်အလား "ကေးရော့စ်" ဖြစ်တည်မှုသည် တစ်စတစ်စတည်ငြိမ်သော အနေအထား ရောက်လေသော် ပုံဆောင်ခဲဖြစ်တည်မှု စတင်သည်။ ထိုပုံဆောင်ခဲဖြစ်တည်မှုကို "Gaia" "ဂိုင်ယာ" ဖြစ်တည်မှုဟု ခေါ်သည်။ "Gaia" "ဂိုင်ယာ"သည်ကား မြေယာထု အလုံးစုံတို့ကိုဖန်ဆင်းသော နတ်ဒေဝီဖြစ်သည်။ "ကေးရော့စ်""Chaos"မှဖြစ်ပေါ်လာသော အစိုင်အခဲနတ်ဒေဝီ "ဂိုင်ယာ" "Gaia"သည် ၎င်းနှင့်ဆန့်ကျင်ဘက်အစွန်းထွက် သဘာဝတစ်ခုခွဲထွက်၏။ အပြန်အလှန် ဆန့်ကျင်မှုနှစ်ခုအကြား ဖြစ်တည်မှုတစ်ခု ဖြစ်ပေါ်ခြင်းပေတည်း။ "ဂိုင်ယာ" Earth ကမ္ဘာမြေနတ်ဒေဝီမှ ခွဲထွက်သည့်မှာ မိုး ကောင်းကင်နတ်မင်းကြီး "Uranus" "ယူရေးနပ်စ်" "God Of Sky" ဖြစ်တည်လာသည်။ ဂိုင်ယာနှင့် ယူရေးနပ်စ်တို့သည် ဆန့်ကျင်ဘက် (၂) ခု ပြန်လည်ပူးဆက်ခြင်းပြု၏။ ထိုသို့ပူးတွဲရန် ဖြစ်ပေါ်လာသောစွမ်းအင်ကို အီးရော့စ် ဟုခေါ်သည်။ "အီးရော့စ်" "Eros" သည် အချစ်နတ်ဘုရား ဖြစ်သည်။ အချစ်နတ်ဘုရား အီးရော့စ်သည် ဂိုင်ယာနှင့် ယူရေးနပ်စ်မှ စတင်ခြင်းဖြစ်သလို ဂိုင်ယာနှင့်ယူရေးနပ်စ်ကို ပေါင်းစည်းပေးခြင်းလည်း ပြုသည်။

ဂဏန်းဗေဒင်အယူအဆအရ (၄)ဂဏန်းသမား အမျိုးသမီးတို့ကို "ဂိုင်ယာ" "Gaia" မြေနတ်သမီး ၏ ကိုယ်ပွားများဟု သတ်မှတ်သည်။ (၄)ဂဏန်းသမား အမျိုး သားများကို ကောင်းကင်နတ်မင်း "ယူရေးနပ်စ်"ဟုသတ်မှတ်သည်။ အချစ်အပေါ်နားလည်မှု၊ ဖန်တီးနိုင်မှု၊ ခံစားနိုင်မှု၊ အချစ်၏ အရင်းအမြစ်ကို တိတိကျကျနားလည်သူများဟု ဆိုသည်။

ဒဏ္ဍာရီအလိုအရ (၄)ဂဏန်းသမားတို့၏ အချစ်သည် "Chaos" "ကေးရော့စ်" ဖရိုဖရဲ ဖြစ်စဉ်မှ စတင်သည်။


www.burmeseclassic.com


www.burmeseclassic.com




မိသားစုပတ်ဝန်း ကျင်ကသော်လည်းကောင်း၊ အုပ်ထိန်းသူ၊ ကျေးဇူးရှိသူများက လည်းကောင်းစေစား၍ စီစဉ်ဆုံး ဖြတ်ခြင်းအပေါ် အချစ်မေတ္တာနှင့် အိမ်ထောင်အပေါ် ဖြစ်တည်ခြင်း မရှိ။ မမျှော်လင့်ဘဲ၊ မထင်မှတ်ဘဲ ချစ်ခြင်းမေတ္တာကိစ္စများပေါ်ပေါက် ဆန့်ကျင်ဘက်တို့ ပေါင်းစည်းမှုမှ ဖြစ်ပေါ်သော မေတ္တာသဘာဝကို ပိုင်ဆိုင်ထားသူများ ဖြစ်ပေရာ မိမိနှင့် အယူအဆသဘာဝ၊ ကြီးပြင်းသောပတ်ဝန်းကျင်၊ မတူခြား နားသောသူများကိုရွေး၍ မေတ္တာမျှမည်။ ပဋိပက္ခကြားမှ မေတ္တာရေး၊ အိမ်ထောင်ရေးဖန်တီးရမည်။ (၄)ဂဏန်းသမား အမျိုးသမီးတို့သည် မိမိ၏နှလုံးသားမှ လက်ခံသောချစ်သူကို အဓိကဦးစားပေး၍ အိမ်ထောင်ပြုလေ့ရှိသည်။ (၄) ဂဏန်းသမား အမျိုးသားတို့သည် မိမိအားနှစ်လိုချစ်ခင်သောသူများကိုရွေး၍ အိမ်ထောင်ပြုသည်။ ဆိုလိုသည်မှာ (၄)ဂဏန်းသမား အမျိုးသမီးတို့သည် ကိုယ်ချစ်ကို ဦးစားပေး၍ အမျိုးသားတို့သည် သူချစ်ကို ဦးစားပေးသည်။

(၄)ဂဏန်းသမားအားလုံးတို့၏ အသက် (၁၆၊ ၂၀၊ ၂၂၊ ၂၆၊ ၂၈၊ ၃၁၊ ၃၆)နှစ်များတွင် စိတ်အနှောင့်အယှက်၊ အညှိုးများ ဦးစွာကြုံမည်။ ရုတ်ချည်းအိမ်ထောင်ကျတတ်သည်။

(၄)ဂဏန်းသမား ကျားမ,မရွေးတို့သည် စတင်အပြန်အလှန် အဖြေပေးပြီး၊ အချစ်သက်တမ်း(၄)ပတ်၊ (၃)လ၊ (၅)လ၊ (၁၅) လ၊ (၃)နှစ်၊ (၅)နှစ်၊ (၇)နှစ်များတွင် ဘေးစကား၊ သွေးသားအနှောင့်အယှက် ဝင်၍ စိတ်သောကရောက်စရာ ကြုံမည်။ (၄)ဂဏန်းသမားများ အဖို့ အချစ်ကံကောင်းစေရန် စကြာပုံတံဆိပ်၊ "ဆွာစီကာ" "Swastika" နှင့် တိုက်ရိုက်ဆက်နွယ်ပေရာ ၎င်းတံဆိပ်ကို ဆောင်ယူခြင်းဖြင့် မျက်နှာပွင့်လန်းခြင်း၊ အချစ်ရေးတွင် ကြုံတွေ့နေရသော အခက်အခဲများ ကျော်လွှားနိုင်ခြင်းရှိမည်။ ဆွာစီကာ စကြာတံဆိပ်တွင် အဖိုနှင့်အမ ၂ ခုသာ ရှိသည်။



ဖော်ပြပါ ဆွာစီကာတံဆိပ်သည် မိုးကောင်းကင်အဖိုဓာတ် သဘာဝကို ဖော်ကျူးသည်။ (၄) ဂဏန်းသမားအမျိုးသားတို့ဆောင် ယူရမည့် အမှတ်သင်္ကေတဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


အထက်ဖော်ပြပါပုံသည်ကား ကမ္ဘာမြေကြီးကို ကိုယ်စားပြုသည့် သင်္ကေတဖြစ်သည်။ အမခါတ် သဘာဝကို ဆောင်ယူသည်။ Swastika (Hopi) ဟုခေါ်သည်။ (၄) ဂဏန်းသမား အမျိုးသမီးတို့ ဆောင်ယူရမည်။ ဖော်ပြပါ သင်္ကေ တတံဆိပ်ကို ဆောင်ယူသော အခါ (၄) ဂဏန်းသမားတို့သည် အင်္ဂလိပ်ပြက္ခဒိန်ရက် (၄၊ ၁၃၊ ၂၂၊ ၃၁)ရက်နေ့ တစ်ရက်ရက်၏ နေ့မွန်းတည့်ချိန်တွင် ကတ်ပြားသို့မဟုတ် စာရွက်ပေါ်တွင် မင်အနက်နှင့်ရေး၍ ဆောင်ယူနိုင်ပါသည်။ လက်တွေ့အသုံးပြုပါက (၄)ဂဏန်းသမားအားလုံး အချစ်ကံကောင်းကြပေလိမ့်မည်။





## အချစ်နံပါတ်(၅)

မည်သည့်လတွင်မဆို ၅၊ ၁၄၊ ၂၃ ရက်နေ့တွင် မွေးသောသူများကို အချစ်နံပါတ် ၅ သမားများဟူ၍ သတ်မှတ်သည်။

"Mercury" မာကျူရီအချစ် ဟုလည်း ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



# မည်

သည့်လတွင်မဆို(၅၊ ၁၄၊ ၂၃)ရက်တွင် မွေးသောသူများကို (၅)ဂဏန်းသမားများဟု သတ်မှတ်သည်။ ကောင်းကင်ထက်ရှိ လင်းလက်ကာ လျင်မြန်သော အဟုန်နှင့် ရွေ့လျားနေသောဗုဒ္ဓဟူးဂြိုဟ် "Mercury" မာကျူရီဂြိုဟ်ကို ကိုယ်စားပြုသော မာကျူရီအချစ်ဟုလည်း ဆိုသည်။

"The Eloquent Lovers"ဟု သတ်မှတ်သည်။ "အီလိုကွင့်လာဘာစ်" ဟု ခေါ်ဆိုသတ်မှတ်ခံရခြင်းသည် ကား . . .

(၅)ဂဏန်းသမား အားလုံးတို့သည် အချစ်ရေး၊ မေတ္တာရေးတွင် ခံစားချက်အလွန်ပြင်းထန်၍ လျင်မြန်သွက်လက်စွာ နှလုံးသားမှခံစားနိုင်စွမ်းရှိသည်။ လေးနက်သော မေတ္တာနှင့် ချစ်တတ်သောသဘာဝရှိသည်။ နက်နက်ရှိုင်း ရှိုင်းရင်ထဲမှ ဖြစ်ပေါ်သောမေတ္တာနှင့် ချစ်သူအပေါ်ပေးဆပ် မေတ္တာထားသူဖြစ်သည်။ သမားရိုးကျ ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေးရာတွင်ပင် အလွန်ဖော်ရွေ၍ တစ်ဖက်သူအပေါ် လိုလေသေးမရှိအောင် အမြဲဂရုတစိုက်အလေးထား ဆက်ဆံသည်။ အချစ်ရေး၊ နှလုံးသားရေးရာ (၁၅၀၀)မေတ္တာထားမှုတွင်ကား အခြားသူတို့ထက် အတိုင်းအဆအလွန်ကြီးမားသော ချစ်ခြင်းအစုံလွှမ်းခြုံပြီး ချစ်သူမျက်နှာအညှိုးမခံ၊ အငြိုငြင်မခံဘဲ နက်နက်နဲနဲချစ်တတ်သောသူများ ဖြစ်သည်။ နှလုံးသား





တစ်ချက်ခုန်တိုင်း အာရုံကြောတစ်ချက် လှုပ်ခါသွားတိုင်း ဖြစ်ပေါ်လာသော ခံစားချက်အသီးသီးကို အသည်းနှလုံး၏ အနက်ရှိုင်းဆုံးနေရာသို့ တွန်းပို့သိမ်းကာ ချစ်တတ်သူများ ဖြစ်သည်။ သွက်သွက်လက်လက် ချက်ချက်ချာချာနှင့် လေးနက်စွာ မေတ္တာများကို ပိုင်ဆိုင်ထားသူများဖြစ်သည်။ ချစ်သူအပေါ် အလိုလိုက်အကြိုက်ဆောင်ရာတွင် စံထားရ မည့်သူများဟု ကျမ်းဂန်အသီးသီးက တညီတညွတ်တည်း ဆို၏။

## (၅)ဂဏန်းသမား (၃)မျိုး

၅ ဂဏန်းသမား ၃ မျိုးရှိ သည်။ ၎င်းတို့မှာ....

- မည်သည့်လတွင်မဆို (၅) ရက်နေ့ တွင်မွေးသော (၅) ဂဏန်းသမားများ
- မည်သည့်လတွင်မဆို (၁၄) ရက် နေ့တွင်မွေးသော (၅) ဂဏန်းသမားများ
- မည်သည့်လတွင်မဆို (၂၃) ရက်နေ့ တွင်မွေးသော (၅) ဂဏန်းသမားများဟူ၍ (၃) မျိုးရှိသည်။

❖ **မည်သည့်လတွင်မဆို (၅) ရက်**နေ့တွင် မွေးသောသူများကို "Quick Silver" များဟူ၍ သတ်မှတ်သည်။ ပြဒါးရှင်ကို ပိုင်ဆိုင်ထားသော တန်ခိုးကြီးဒ္ဒိပါဒ်ရသည့် ဒဏ္ဍာရီထဲမှသူများအလား ဖြစ်သည်။ ဘဝတွင် အရှုံးသိမ်း ဆင်းရဲကိန်းမရှိ။ လာဘ်လာဘ ကံကောင်းသည်၊ အခွင့်အရေးကောင်းများ မကြာခဏရရှိမည်။ အောင်မြင်၊ ချမ်းသာကြီးပွားရန်အတွက် မွေးရာပါကံ ထူးခြားစွာပိုင်ဆိုင်ထားသူ

www.burmeseclassic.com

www.burmeseclassic.com


များ ဖြစ်သည်။ ဖော်ရွေသည်။ အေးချမ်းသည်။ ထက်ထက် မြက်မြက် သွက်သွက်လက်လက်နှင့် အရာရာကိုဆောင် ရွက်နိုင်စွမ်းရှိသည်။ ကိုယ်ပိုင်အစွမ်းအစကို အခြေတည်၍ ဘဝတိုးတက်မှုများကို ရရှိမည်။ ပြဒါးအလား ဖမ်းချုပ်ရန် ခက်ခဲသည်။ လွတ်လပ်စွာနေတတ်သည်။ စိတ်ထိခိုက် ခံစားမှု လျင်မြန်သည်။ စိတ်တက်လွယ်၊ ကျလွယ်သည်။ အပြောင်းအလဲကို လိုလားသည်။ မိမိအပေါ် ချုပ်ချယ် လွှမ်းမိုးလိုသော ချစ်သူများနှင့်ကြုံက ချက်ချင်းဖယ်ခွာလေ့ ရှိသည်။ အေးချမ်း၊ ပေါ့ပါးလှုပ်ရှားတတ်သောချစ်သူနှင့် တွေ့က သဲသဲလှုပ်လှုပ်ချစ်တတ်သည်။

❖ **မည်သည့်လတွင်မဆို (၁၄) ရက်**နေ့တွင်မွေးသော သူများကို "The Discerners" များဟု သတ်မှတ်သည်။ အရာရာအပေါ် အကင်းပါးစွာထိတွေ့ခံစားနိုင်သည်။ ကောင်း စွာသိမြင်နိုင်စွမ်းရှိသည်။ ထိုးထွင်းဉာဏ်ကောင်းသည်။ မိမိ ဆောင်ရွက်ရမည့်ကိစ္စများကို ထိုးထွင်းသိရှိနိုင်စွမ်းဉာဏ်ရည် မြင့်မားသည်။ အသိဉာဏ်နှင့်ချင့်ချိန်ကာ နှလုံးသားလှုပ်ရှား မှုနှင့် ဦးနှောက်၏စေစားမှုကို ဟန်ချက်ညီစွာ မေတ္တာရေး ကိစ္စများကို ခံစားဖန်တီးသူဖြစ်သည်။ ထိတွေ့နေသော ဝန်း ကျင်အပေါ် ကောင်းစွာအကျိုးပြုသည်။ ခွင့်လွှတ်ခြင်း၊ ပေးဆပ်ခြင်းအပေါ်တွင် အတိုင်းအတာထား၍ ဉာဏ်နှင့် ချင့်ချိန်ကာ မိမိအပေါ်ကောင်းစွာဆက်ဆံသူအား တူညီ သော မေတ္တာတုံ့ပြန်မှုကို ပေးတတ်သောသဘာဝရှိသည်။ ခံစားချက်အပေါ် ဦးစားပေးလေ့မရှိလင့်ကစား နှလုံးသားကို အခြေတည်သောအချစ်ကို ပိုင်ဆိုင်သူများဖြစ်သည်။ ချစ်သူ


sanzarnibo



က မိမိအပေါ် လိမ်ညာခြင်းဖြစ်စေ၊ မာယာဖြင့်လှည့် စားခြင်း ဖြစ်စေ၊ လျှို့ဝှက်ထားခြင်းများရှိစေ ထုတ်ဖော်ပြောဆိုနိုင် သော မနောစွမ်းအားနှင့် ပိညာဉ်စွမ်းအားကို ပိုင်ဆိုင်ထား သူများဖြစ်သည်။

❖ **မည်သည့်လတွင်မဆို (၂၃) ရက်**နေ့တွင်မွေးသော သူများကို "The Crown"ဟု သတ်မှတ်သည်။ အထူး ကံကောင်းသောသူများ ဖြစ်သည်။ သရဖူဆောင်း မြင့်မား သောဘဝအနေအထားကို ပိုင်ဆိုင်ခွင့်ရှိသောသူများ ဖြစ် သည်။ တစ်မိပေါက်တစ်ယောက်ထွန်း ထွန်းထွန်းပေါက် ပေါက် ကြွယ်ဝချမ်းသာမည်။ အဆင့်မြင့်ဘဝကို ပိုင်ဆိုင် သည်။ အချစ်ရေး၊ မေတ္တာရေးတွင် မိမိအပေါ် အလိုလိုက် အကြိုက်ဆောင်သောသူနှင့် တွေ့မည်။ ဘဝတစ်ခုလုံးကို တစ်စုံတစ်ရာပြောင်းလဲစေသော ချစ်သူကိုရရှိကာ အိမ် ထောင်ရေး ကံကောင်းမည်။ ကိုယ်တိုင် သူတစ်ပါးအပေါ် စေတနာကောင်းနှင့် ဆက်ဆံမည်။ ဘဝကံကြမ္မာသည် မိမိအားမြင့်မားသောအဆင့်သို့ ရောက်ရှိစေမည်။ မည်သို့ သော အခက်အခဲများကြုံစေ တစ်ခဏသာဖြစ်သည်။ မကောင်းသောအချစ်၊ အပျော်သဘော သစ်စိမ်းစိမ်းချိုးတတ် သောသူ၊ ဘဝကိုထိခိုက်စေသော အချစ်ရေးကိစ္စ အဖြာ ဖြာကို ကြုံတွေ့နိုင်ကိန်းမရှိ။ အချစ်ကြောင့် ဖြစ်တတ်သော ဘေးဆိုး၊ ကံဆိုးမှ လွတ်မြောက်ခြင်းကံကို ပိုင်ဆိုင်ထား သည်။ မကောင်းသူနှင့်တွေ့က အလိုအလျောက်ဖယ် ပေးမည်။ ကောင်းသောသူနှင့် ဆုံစည်းရန်လည်း ဖူးစာရေး နတ်မင်းမှ ဆောင်ကြဉ်းပေးမည်။

www.burmeseclassic.com

www.burmeseclassic.com



**ဖူးစာကံ**

(၅)ဂဏန်းသမား(၃)မျိုးတို့၏ ဖူးစာကံအနေအထားကံဆုံမည့်သူများ မိမိအားအသည်းခွဲမည့်သူများကို အသေးစိတ် တင်ပြရသော်....

**(၅)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၁၂၊ ၂၁၊ ၂၄)ရက်နေ့တွင်** မွေးသောသူများသည် "Soul Mate" ဝိညာဉ် ချင်းပေါင်းစည်းဆက်နွယ်ခွင့်ရှိသောသူများဖြစ်သည်။ ဖူးစာကံ၊ ဆုံစည်းမည့်ကံအနေအထား အမြင့်မားဆုံးသောသူများ ဖြစ်သည်။



(၁၇၊ ၁၉၊ ၂၈)ရက်တွင် မွေးသောသူများနှင့် မေတ္တာမျှပါက အခက်အခဲများနှင့် ဦးစွာပထမရင်ဆိုင်ရမည်။ တစ်ဦးနှင့်တစ်ဦး ဝေးကွာပြီးမှ ပြန်လည်ဆုံစည်းမည်။

(၂၃၊ ၂၅၊ ၃၁)ရက်တွင် မွေးသောသူများနှင့် မေတ္တာကံ ဆုံစည်းရန် အခွင့်အရေးအလွန် နည်းပါးမည်။ မိမိအား တစ်မျိုးမဟုတ်တစ်မျိုး ဒုက္ခပေးမည့်သူများဖြစ်သည်။

**(၁၄)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၁၀၊ ၂၈၊ ၃၀)ရက်တွင်** မွေးသောသူများသည် "Soul Mate" ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွယ်ခွင့်ရှိသောသူများ ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု ရှိမည်။ ဖူးစာကံဆုံစည်းမှုအားကောင်းသည်။

(၂၊ ၁၉၊ ၂၆)ရက်တွင် မွေးသောသူများနှင့် မေတ္တာမျှပါက ဘေးစကား၊ သွေးသားအနှောင့်အယှက်များကြုံမည်။ ကာလအတန်ကြာခွဲခွာပြီးမှ ပြန်လည်ဆုံစည်းမည်။

(၁၂၊ ၁၃၊ ၁၅)ရက်တွင် မွေးသောသူများနှင့် မေတ္တာမျှမိပါက အချစ်ရေးကံခေမည်။ မိမိအား အလေးမထား မိမိအသည်းခွဲမည့်သူများဖြစ်သည်။

**(၂၃)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၃၊ ၅၊ ၂၇)ရက်နေ့တွင်** မွေးသောသူများသည် "Soul Mate" ဝိညာဉ်ချင်းဆက်သွယ်မှုရှိသောသူများဖြစ်သည်။ မိမိအပေါ် နားလည်မည်။ ကောင်းကျိုးပေးမည်။ ဖူးစာကံအမြင့် မားဆုံးသောသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၊ ၁၀၊ ၂၄)ရက်တွင် မွေးသောသူများနှင့် မကြာခဏ စကား အတိုက်အခံပြောရမည်။ ပဋိပက္ခဖြစ်မည်။ ခေတ္တယာယီ ဝေးကွာသွားပြီးမှ ပြန်လည်ဆုံစည်းမည်။

(၅၊ ၁၄၊ ၂၆)ရက်နေ့တွင် မွေးသောသူများနှင့် မေတ္တာမျှပါက မိမိအား အမြဲတစေ စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုဆောင်မည်။ မိမိအသည်းအား ခွဲသွားမည့်သူများဖြစ်သည်။

## အချစ်ကံကြမ္မာ

၅ ဂဏန်းသမားအားလုံး အတွက် နှစ်စဉ်နှစ်တိုင်းတွင်

- Jan 20th မှ Feb 19th ကြား
- May 20th မှ June 20th ကြား
- Aug 20th မှ Sept 20th ကြား

ကာလများသည် အထူးစန်းပွင့်စေသော ကာလများ ဖြစ်သည်။ မေတ္တာရေး အထူးကံကောင်းမည်။ လူချစ်လူခင် ပေါ်များမည်။ ရောက်လေရာမျက်နှာပွင့်မည်။ အချစ်ကံ ကောင်းသောလ "Lucky Love Periods" များ ဖြစ်သည်။



တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ ကြာသပတေးနေ့များသည် (၅) ဂဏန်းသမားများအတွက် အချစ်ကံကောင်းသောနေ့ များ "Lucky Days Of Love" ဟုသတ်မှတ်သည်။ ၎င်းရက်များတွင် မေတ္တာရေးကိစ္စ၊ အချစ်ရေးရာများတွင် ကြုံတွေ့နေသော အခက်အခဲများအား ဖြေရှင်းနိုင်မည်။ ချစ်သူနှင့်မိမိအကြား အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်ရန် ကောင်းသည်။

**(၅)ဂဏန်းသမား (၃)မျိုးအတွက် ဝိသေသကံကောင်းသော ရက်များသည်ကား...**

- (၅)ရက်နေ့တွင် မွေးသော သူများအတွက် (၁၊ ၁၉၊ ၂၀) ရက်နေ့များဖြစ်သည်။
- (၁၄)ရက်နေ့တွင် မွေးသော သူများအတွက် (၃၊ ၁၈၊ ၂၂) ရက်နေ့များဖြစ်သည်။

(၂၃)ရက်နေ့တွင် မွေးသော သူများအတွက် (၁၂)ရက်နေ့ ဖြစ်ပါသည်။

**ချစ်ရေးကံခေသော ရက်များသည်ကား**

- (၅)ရက်နေ့တွင် မွေးသောသူ များ အတွက် (၁၄၊ ၂၁၊ ၂၈) ရက်နေ့များဖြစ်သည်။
- (၁၄)ရက်နေ့တွင် မွေးသော သူများအတွက် (၂၊ ၂၁၊ ၂၈) ရက်နေ့များဖြစ်သည်။

(၂၃)ရက်နေ့တွင် မွေးသော သူများအတွက် (၉၊ ၂၁၊ ၂၈) ရက်နေ့များဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ချစ်နိမိတ်ဒဏ္ဍာရီ

(၅)ဂဏန်းသမား အားလုံးတို့၏ အချစ်ရေးကံကြမ္မာနှင့် အချစ်ဘဝဖြစ်စဉ်အလုံးစုံတို့သည် ရှေးဟောင်းဒဏ္ဍာရီအလို အရ "Hermes" "ဟားမီး"ဟုခေါ်သော ဗုဒ္ဓဟူးဂြိုဟ်မင်း "Mercury" ၏ ဘဝဖြစ်စဉ်ကို နိမိတ်ပြု၍ဟောပြောခြင်း ပြုကုန်သည်။ မာကျူရီသည်ကား ကောင်းကင်ဘုံ၏ သံတော်ဆင့်နတ်ဘုရား "God Of the Herald" နှင့် "Messenger God" ခြေမြန်တော် နတ်စေတမန်လည်း ဖြစ်သည်။ နတ်ဒေဝတာတို့၏လောကတွင် လအလျင်ကဲ့သို့ လိုရာလျှင်မြန်ပြီး ကြီးမြတ်သောဉာဏ်ပညာကို ပိုင်ဆိုင်ကာ စာပေဂီတနှင့်တကွ ရွှင်ဖြစ်ပောပြောမှု ဟူရားအတတ်တို့ကို တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်ကျွမ်းကျင်သည်။ လူသားတို့အား ကောင်းသောအခွင့်အရေးကို ရရှိစေသော "God Of Opportunity" ဟုခေါ်သော အခွင့်အရေး နတ်မင်းဟု သတ်မှတ်သည်။ မာကျူရီသည် ကောင်းကင်ဘုံကိုစိုးမိုးသော"Zeus" "ဇု"နတ်မင်းကြီးနှင့် "မာယာ" "Maia" နတ်ဒေဝီတို့မှမွေးဖွားသည်။ မာယာနတ်ဒေဝီသည်ကား "Atlas" "အက်တလပ်စ်"အမည်ရှိသော ကမ္ဘာလောကကြီးကို ထမ်းပိုးထားသော မဟာတိုက်တန်း "Great Titan God" နတ်မင်းကြီး၏အချစ်ဆုံး အလိုလိုက်ဆုံးသော သမီးတော်ဖြစ်သည်။ မာယာနတ်ဒေဝီမှ မွေးဖွားသည့်မျိုးဆက်ကို နတ်ဘုံလောက၌ အတုမရှိသော အနှိုင်းမဲ့စွမ်းပကားနှင့် ထူးမြတ်သောကံကြမ္မာကို ရရှိစေမည်ဟူ၍ ကောင်းချီးကတိရှိခဲ့၏။ (ဤအကြောင်းအရာကြောင့် (၅)သမား ကျား/မ မရွေးတို့သည် မိမိ၏အဖိုး (မိခင်၏ဖခင်) ထံမှ ထူးခြားသော ဗီဇစရိုက်နှင့်တကွ ရုပ်ပိုင်း၊ စိတ်ပိုင်း အမွေဆက်ခံရခြင်းကြုံမည်။)

"မာယာ" နတ်ဒေဝီသည် သန္ဓေရင့်မာသောအခါတွင် "အကာဒီးရာ" "Arcadia" တောင်စဉ်တန်းတွင် အမြင့်ဆုံးသောတောင်ဖြစ်သည့် "Mount Cyllene" "ဆယ်လနီတောင်" ရှိ ကျောက်ဂူအတွင်း၌ မွေးဖွားရန်အသင့်ပြင်လေတော့သည်။ (ဂရိနိုင်ငံ၏ တောင်ဘက်ဒေသ)

ကမ္ဘာမြေကြီးအား ထမ်းပိုးထားသော "အက်တလပ်စ်" နတ်မင်းကြီးသည် သူအလွန်ချစ်မြတ်နိုးသော သမီးကြီးမှ မြေးဦးအား မွေးဖွားမည်ဖြစ်သဖြင့် အလွန်ဝမ်းမြောက်၏။ ကမ္ဘာမြေကြီး၏ အမြင့်မြတ်ဆုံးနေရာတွင် မြေးဦးဖြစ်သူအား မွေးဖွားရန်နေ့စေ့လစေ့လေသော် သူမ၏ဖခင် "အက်တလပ်စ်" နတ်မင်းကြီးက "ဆယ်လနီ" တောင်တန်းအား စောင့်ရှောက်သည့် နတ်သမီးနှင့် နတ်ဒေဝတာတို့အား စောင့်ရှောက်စေသည်။ "အက်တလပ်စ်"သည် သူ၏မြေးဦးအား မွေးလျှင်မွေးချင်း အနှိုင်းမဲ့ထက်မြက်သော နတ်တန်ခိုးတို့အား ရရှိစေရန် ကောင်းချီးမင်္ဂလာပေး၏။ မွေးဖွားလာသော ကလေးအား "Hermes""ဟားမီး" "Mercury" "မာကျူရီ"ဟု အမည်ပေးရန် မှာကြားသွားသည်။ "မာယာ" နတ်ဒေဝီသည် အလွန်တင့်တယ်သော နတ်သားကို မွေးဖွားလေသော် "ဟားမီး" "မာကျူရီ"ဟု အမည်ပေး၏။ နတ် သူငယ်သည် မွေးဖွားသည့်အချိန်မှစ၍ ၂၄ နာရီ တော အတွင်း အံ့မခန်းနိုင်သော စွမ်းဆောင်ချက်(၅)ခုအား ပြု၍ နတ်လောကတစ်ခုလုံး လှုပ်လှုပ်ခါခါ အံ့သြခန်းဖြစ်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားလျှင်ဖွားချင်း မိခင်နှင့်တကွ စောင့်ရှောက်သူများ အလစ်တွင် ကျောက်ဂူအတွင်းမှ ထွက်၏။ အပိုလို၏ နွားခြံကိုသွား၏။ အပိုလိုသည်ကား နတ်ဘုံလောကတွင် အထက်မြက်ဆုံးဖြစ်၏။ အပိုလို၏ နွားတို့ကို နောက်ပြန်မောင်း၍ ထုတ်၏။ ခြေရာခံ၍မရအောင်တည်း။ မိမိခြေထောက်တွင် ဖိနပ်အတု နောက်ပြန်စီး၍သွား၏။ ထို့နောက် လိပ်တစ်ကောင်ကိုတွေ့၍ အခွံခွာယူ၏။ သိုး၏ပိုက်ကို ဖောက်ကာ သိုးအူကိုယူ၍ လိပ်ခွံတွင် သိုးအူကိုတပ်ကာ တူရိယာ ဖန်တီး၏။ ၎င်းတူရိယာ၏ အမည်သည်ကား "Lyre" "လိုင်ယာ" ဖြစ်၏။ တေးဂီတကို ဖန်တီး၏။ အသာယာဆုံး



တေးဂီတ ကမ္ဘာတွင်ပေါ်၏။ "Talaria" ဖိနပ်ကိုထွင်၏။ လေတွင်ပျံ့ဝဲသော "တာလားရီးယားဖိနပ်""Talaria" နှင့် လေတွင်ပျံ့ဝဲ၏။ တုတ်နှစ်ချောင်းကိုပွတ်၍ မီးကိုဖန်တီး၏။ ထိုကာလတွင် မီးကိုနတ်ပန်းပဲမင်းကြီးသာ ပိုင်ဆိုင်၏။ စိတ်ဒေါသထွက်နေသော အပိုလိုအား "လိုင်ယာ" ပေး၍ ဒေါသပြေစေ၏။ အပိုလိုထံမှ "ကဒူးဆီးယပ်စ်" မည်သော နှင်တံနှင့် လဲလှယ်၏။ "ဇု"နတ်မင်းကြီးအား အမျက်ပြေစေရန် အပိုလို၏ နွားကိုသတ်၍ မီးနှင့်ချက်ပြုတ် ကင်ဖုတ်ကာ နတ်မင်းကြီးအားကျွေး၏။ အခြားသောနတ်တို့အား ကျွေး၏။ သက်သတ်လွတ်စားသောနတ်တို့ ထိုကာလမှစ၍ အသားစားဖူးခြင်းဖြစ်၏။ "ဇု" နတ်မင်းကြီးထံမှ သံတော်ဆင့် ရာထူးကိုတောင်း၏။ ရာထူးကိုလည်း ရရှိခဲ့သည်။ ကမ္ဘာမြေအောက် နတ်မင်းကြီး "Hades" "ဟေး ဒီး" မှ ခြေမြန်တော် ရာထူးကိုရ၏။ အိုလံပီယာနတ်ဒေဝါ အဆင့်ကိုလည်းရ၏။ ဤကား ၂၄ နာရီအတွင်းဖြစ်ခဲ့သော အဖြစ်အပျက်များနှင့် ရရှိခဲ့သောဂုဏ်အဆင့်တို့တည်း။

"မာကျူရီ"တွင် ရန်သူလုံးဝမရှိ။ လူတိုင်းနှင့် အဆင်ပြေအောင် ဆက်ဆံသည်။ ပေ့ါပါးပျော်ရွှင်စွာဘဝကို ဖြတ်သန်းစဉ် ချစ်သူရခဲ့သည်။ "Arcadia" "အကာဒီးရာ" တောတောင်ထဲသွားစဉ် တေးဂီတကိုတီးမှုတ်၏။ "မာကျူရီ"၏ တေးဂီတသံကြားလေသော် သစ်ပင်တို့သည် ကချေ၏။ သားရဲတို့သည် ယဉ်ပါးကုန်၏။ စမ်းချောင်းတို့သည် အထက်သို့ဆန်၏။ ပန်းတို့သည် ပွင့်ကုန်၏။ တောစောင့်နတ်သမီး "Dryope" "ဒရိုင်ယိုပီ"သည်ကား "မာကျူရီ" အပေါ် ချစ်ခြင်းမေတ္တာ ညွတ်လေ၏။ "မာကျူရီ" သည်



www.burmeseclassic.com


www.burmeseclassic.com



လည်း နတ်ဒေဝါအပေါ် မေတ္တာသက်ဝင်၍ အချစ်တေးဂီတများကို ဖွဲ့သီလေတော့၏။ ဤအကြောင်းအရာကို အလှနတ်သမီးနှင့် အချစ်နတ်သမီးကသိလေသော် ''မာကျူရီ'' ၏အချစ်အပေါ် ရယ်ပွဲဖွဲ့၏။ သူမနှင့်မေတ္တာမျှဖူးသူသည်သာ အချစ်၏ အနှစ်သာရကို သိရမည်။ မာကျူရီကဲ့သို့ မနူးမနပ် နတ်ပေါက်စသည်ကား အချစ် အကြောင်း သိလိမ့်မည် မဟုတ်ဟူ၍ ဟာစ်ကြေး၏။ နတ်တိုင်းဌာနေတွင် စကားဆို၏။

''ဗီးနပ်စ်'' လှောင်ပြောင်မှု စကားကို ကြားလေသော် မာကျူရီသည် မခံမရပ်နိုင်ဖြစ်လေသည်။ နာမည်ကြီးလှသော ''ဗီးနပ်စ်''၏ အချစ်ကိုရယူ၍ သူမ၏အသည်းကို ခွဲမည်ဟု ကြုံးဝါး၏။ ''ဗီးနပ်စ်'' ထံချဉ်းကပ်ကာ သာယာသော တေးဂီတဖွဲ့၏။ ဆွတ်ပျံ့ဖွယ်စာသားတို့ကို ရွတ်၏။ ကြည်နူးဖွယ် ကောင်းသောဂီတနှင့် သီဆို၏။ ဗီးနပ်စ်သည်လည်း မခံနိုင်။ စတင်၍ ချစ်ခြင်းစကားဆိုလေ၏။ မာကျူရီသည် ဗီးနပ်စ်နှင့်ပေါင်းလေသော် ''Hermaphroditus'' ''ဟာမာဖရိုဒိုးတပ်စ်'' အမည်ရှိသော သားတစ်ဦး ဖွားမြင်၏။ ''မာကျူရီ''သည် ''ဗီးနပ်စ်'' ထံမှခွာထွက်သည်။ ''ဗီးနပ်စ်'' အသည်းကွဲကျန်လေသည်။ မိမိသည် မနူးမနပ်နတ်သူငယ် မဟုတ်ကြောင်း ဗီးနပ်စ်အား စကားကလဲ့စားချေ၍ ချစ်သူတောစောင့်နတ်သမီး ''Dryope'' ''ဒရိုင်ယိုပီ''နှင့်ပြန်၍ ပေါင်း၏။ ဤအကြောင်းအရာကိုအခြေခံ၍ ''မာကျူရီ'' အချစ်ပိုင်ရှင် (၅) ဂဏန်းသမားတို့သည် လူချစ် လူခင်ပေါများမည်။ အလွန်ထင်ရှားကျော်ကြားသော နာမည်ကြီးများနှင့်လည်း ချစ်သူဘဝကိုရမည်။ သူတစ်ပါးကို အသည်းကွဲအောင်ပြုသောသူများကို ကိုယ်ကလက်ဦးအောင် အသည်းခွဲနိုင်မည်။ ရိုးသားမှုရှိသော ငယ်ချစ်နှင့်ပြန်၍ ပေါင်းရခြင်းကြုံမည်။

''မာကျူရီ'' သည် ''ကဒူးဆီးယပ်စ်''အမည်ရှိသော မြွေတုတ်ကို ကိုင်ဆောင်ပိုင်ဆိုင်သည်။ အဆိပ်ပြင်း ထန်သော မြွေတို့ကို လွှမ်းမိုးနိုင်သည်။ မိမိအမြီး မိမိပြန်ကိုက်သော မြွေအရုပ် ''Ouroboros'' ''အော်ရောဘရပ်စ်'' အမည်ရှိသောအရုပ်ကို ဆောင်သင့်သည်။



ဤဒဏ္ဍာရီအရုပ်ပုံတွင် ဖော်ပြထားသော မြွေအမြီးကိုက် ပုံကို ဆောင်ယူခြင်းဖြင့် (၅)ဂဏန်းသမားအားလုံးတို့သည် အချစ်ကံခေခြင်းမှ ကင်းလွတ်ကာ ပီယကံကောင်းခြင်းနှင့် အချစ်ရေး၊ အချစ်ရာအဖြာဖြာတွင် အသည်းကွဲခြင်းမှ ကင်းဝေးကုန်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com





**အချစ်နံပါတ်(၆)**

မည်သည့်လတွင်မဆို ၆၊ ၁၅၊ ၂၄ ရက်နေ့တွင် မွေးသောသူများကို အချစ် နံပါတ် ၆ သမားများဟူ၍ သတ်မှတ်သည်။

"Venus" "ဗီးနပ်စ်"အချစ်ဟုလည်း ဆိုသည်။

သင့်မွေးရက် နှင့် အချစ်ရေးကံကြမ္မာ

မည်သည့်လတွင်မဆို (၆၊ ၁၅၊ ၂၄) ရက်တွင် မွေးသောသူများကို အချစ်နံပါတ် (၆) သမားများဟူ၍ သတ်မှတ်သည်။ ဗီးနပ်စ် "Venus"အချစ်ဟုလည်း ခေါ်ဆိုသည်။ Venus ကို ဂရိဒေါမ ဒဏ္ဍာရီတွင် အဲက်ပရိုဒိုက်တီး "Aphrodite" ဟုခေါ်ဝေါ်သည်။ Aphrodite သည်ကား မဟာစကြဝဠာ၏ အချစ်မေတ္တာရေးရာဆိုင်ရာ နတ်မိမယ်ဖြစ်သည်။ အချစ်ဆိုသောအရာအား လူသားတို့မှအစ နတ်ဒေဝါတို့အဆုံးအထိ နားလည်မှုနှင့် ခံစားသိရှိစေရန် ဖန်ဆင်းသော နတ်ဒေဝီဖြစ်သည်။ အချစ်ကြောင့် ဖြစ်ပေါ်လာသော ကြည်နူးမှု၊ သာယာမှု၊ ပျော်ရွှင်စေမှု၊ ရင်တသိမ့်သိမ့်တုန်စေ၍ နှလုံးသားတဖျပ်ဖျပ် လှုပ်ရှားစေရန် ဖြစ်ပေါ်စေသော အချစ်မေတ္တာ ရေးရာကိစ္စအဖြာဖြာကို ဖန်တီးသူတည်း။

- Goddess Of Love အချစ် နတ်ဒေဝီ
- Goddess Of Beauty အလှရှင်နတ်ဒေဝီ
- Mother Of Love ချစ်ခြင်း မေတ္တာ၏မိခင်
- Queen Of Laughter ရယ်မောပျော်ရွှင်မှုကေရီ
- Mistress Of the Graces ကျက်သရေအပေါင်း၏ အရှင်သခင်မ
- Mistress Of Pleasures သာယာမှုအပေါင်း၏ အရှင်သခင်မ

sanzamibo

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အမည်နာမဘွဲ့ အပေါင်းကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။ Venus ကို ကိုယ်စားပြုသော (၆)ဂဏန်းသမား အားလုံးတို့သည် အချစ်ဟူသောအရာအား အပြည့်အဝ နားလည်ခံစားနိုင်စွမ်းရှိသည်။ နှလုံးသားမှ နှစ်နှစ်ကာကာ တွယ်တာမြတ်နိုးသူများ ဖြစ်သည်။ အချစ်ကြီးသလို အမျက်ကြီးသူများလည်းဖြစ်သည်။ ကိုယ်က သူတစ်ပါးအပေါ် မေတ္တာထားသည်။ ကိုယ့်အပေါ်၌လည်းအလိုလိုက် အကြိုက်ဆောင် ကတုန်ကယင်ချစ်တတ်သူကို လိုလားသူများလည်းဖြစ်သည်။ အချစ်ကို ကိုယ်ကပေးဆပ်ခြင်းထက် ကိုယ့်အပေါ် မျက်စိစုံမှိတ်၍ မိုက်မိုက်မဲမဲချစ်သောသူကို လိုလားဦးစားပေးသောသူဖြစ်သည်။ ဂုဏ်ပကာသန မက်မောသူမဟုတ်။ အချစ်ကို အလွန်ဦးစားပေးသောသူ ဖြစ်သည်။ အလွန်မျက်နှာပွင့်သူများ ဖြစ်သည်။ လူချစ်လူခင်ပေါများသည်။ တစ်ဦးထက်ပိုသော ချစ်သူများအကြား ပျားပန်းခပ်လူ့ပ်ရှားနေရသူ ဖြစ်သည်။ ကိုယ့်အပေါ်အကြိုက်ဆောင်သူအား တုံ့ပြန်မှု အရှိန်ပြင်းစွာ တွယ်တာသောသူများ ဖြစ်သည်။

## ၆ ဂဏန်းသမား(၃)မျိုး

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၆)ရက်** နေ့တွင် မွေးသောသူများကို "Majestic Lovers" များဟူ၍ သတ်မှတ်သည်။ မြင့်မြတ်ထည်ဝါ မဟာဆန်သောတော်ဝင် အချစ်ပိုင်ရှင်များဟူ၍ဆိုသည်။ ချစ်ခြင်းမေတ္တာအပေါ် အလွန်တန်ဖိုးထားသည်။ မိမိအားနှစ်သက်သူများ ဝိုင်းဝိုင်းလည်နေသည့်ကြားမှ အမြင့်မြတ်ဆုံးသောအချစ်ကို ပိုင်ဆိုင်သူအား ရွေးချယ်၍ ခန့်ညားထည်ဝါ ပြစ်မျိုးမဲ့မထင်သော အချစ်ကို တုံ့ပြန်နှောင်ဖွဲ့သော သူများဖြစ်သည်။ သို့သော် ဘဝလမ်းကြောင်းတွင် အထင်တကြီး ရွေးချယ်လိုက်သော ချစ်ဦးသူသည် ကိုယ့်အပေါ်အသည်းခွဲဒုက္ခပေးမည်။ ပထမနေရာမထားဘဲ ဖယ်ရှားခဲ့သောသူအနက်မှ နှစ်နှစ်ကာကာ ချစ်သူကို ပြန်လည်တွေ့ရှိရမည်။ တစ်ယောက်ဆိုတစ်ယောက်နှင့် အချစ်ဘဝကိုတည်ဆောက်လိုစိတ် ရှိလင့်ကစား ကံကြမ္မာ အနေအထားအရ မျက်နှာများချစ်သူများရကာ အများထဲမှ တစ်ယောက် ခေါင်းခေါက်ရွေးရသလို ကြုံမည်။ အမှန်တကယ် စစ်မှန်သောမြင့်မြတ်သော တည်ငြိမ်သော အချစ်ကို ရရှိကာ ပျော်ရွှင်ဖွယ်ဘဝကို အချစ်နှင့်ထုံမွှမ်း ပိုင်ဆိုင်ရမည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၁၅)ရက်တွင်** မွေးသောသူများကို "Mysterious Lovers" ဟု သတ်မှတ်သည်။ ဆန်းကြယ်သော နှလုံးသား နားလည်ရန် ခက်ခဲသောမေတ္တာကို ပိုင်ဆိုင်သည့် ထူးဆန်းသောအချစ်နှလုံးသား ပိုင်ရှင်များဖြစ်သည်။ အခုတစ်မျိုး တော်ကြာတစ်မျိုး စိတ်အမျိုးမျိုး ပြောင်းတတ်သည်။ ပျော်ရွှင်ရယ်မောမှု စိတ်ညစ်ညူးမှုများကို ဖန်တီးသည်။ ရက်စက်မှုကိုလည်း ဖန်တီးသည်။ ကြင်နာတတ်သူလည်း ဖြစ်သည်။ မနာလိုဝန်တိုတတ်သလိုခွင့်လွှတ် နားလည်တတ်သူလည်း ဖြစ်သည်။ ချစ်သူအပေါ် ရူးသွပ်အောင်ပြုဆောင်သူလည်း ဖြစ်သည်။ လိုက်တော့ပြေးသည်၊ ပြေးတော့လိုက် သည်ဟူ

www.burmeseclassic.com

www.burmeseclassic.com


သော သဘောသဘာဝကို အပြည့်အဝဆောင်ယူသည်။ အလွန်ဝင့်ကြွားကြီးမား၍ အချစ်ကျေးကျွန်ဖြစ်ရန် ကံကြမ္မာပါလာသူများသည်ပင် ဤနေ့မွေးသူများနှင့် မေတ္တာမျှ အချစ်ဘဝ နှောင်တွယ်တဝဲလည်လည် ရုန်းထွက်မရ ဖြစ်ရကိန်း ကြုံမည်။ အမြဲတစေအနိုင်ယူသော အချစ်ရှင်များဖြစ်သည်။ ကိုယ့်အပေါ် အလိုလိုက်အကြိုက်ဆောင်မှုကို အလွန်လိုလားသည်။ ချစ်သူအပေါ် အနိုင်ယူခြင်း အနိုင်ကျင့်ခြင်းပြုရမှ ကြည်နူးပျော်ရွှင်မည်။ ဘဝတစ်လျှောက် ကိုယ့်အပေါ် မြတ်နိုးသူများနှင့်ကြုံကာ သူချစ်ထက်သာသောသူများနှင့် ကြုံတွေ့ရမည့်သူများ ဖြစ်ပေသည်။ အချစ်ဟူသော လက်နက်ကို အသုံးချ၍ အရာရာကို စိုးမိုးပိုင်စိုးနိုင်သောသူများ ဖြစ်သည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၂၄)ရက်နေ့တွင်** မွေးသောသူများကို "Winsome Lovers" များဟု သတ်မှတ်သည်။ စွဲမက်စရာကောင်းသော အလွန်နှစ်သက်ချစ်ခင်ဖွယ် ကောင်းသောသူများဟု ခေါ်သည်။ မေတ္တာအပေါ် အလွန်တန်ဖိုးထားသည်။ သိမ်မွေ့သောနှလုံးသားနှင့် ကြည်နူးနှစ်သက်ဖွယ်ရာကောင်းသော အချစ်ကို လိုလားသူများ ဖြစ်သလို၊ ၎င်းအချစ်ကိုဖန်တီးသူများလည်း ဖြစ်သည်။ အချစ်ကံကောင်းသော သူများဟုလည်း ဆိုသည်။ အချစ်ဆိုသောအရာအား အမှန်တကယ် နားလည်သဘောပေါက်သောသူများလည်းဖြစ်၏။ ကာလရှည်စွာ မပျက်မယွင်း တည်မြဲစွာချစ်တတ်သောသူများ ဖြစ်၏။ ဤရက် မွေးသောအမျိုးသမီးများသည် မိမိအပေါ် ကာလ





ရှည်ကြာ ပိုးပန်းနေသောသူကိုကျော်၍ နောက်မှကမ်းလှမ်းလာသောသူကိုရွေးကာ မေတ္တာမျှလေ့ရှိသည်။ ဤရက်ဖွားအမျိုးသားများသည် မိမိအပေါ် တစ်ဖက်သတ်မြတ်နိုးနေသော အနီးကပ် သံယောဇဉ်ရှိသူကို ကျော်လွန်၍ အဝေးမှချစ်သူကို မေတ္တာနှောင်ဖွဲ့တတ်သည်။ အဆုံးသတ်တွင်ကား ကနဦးရွေးချယ်မှုများသည် ဆုံစည်းမှုမရှိ၊ ခွဲခွာခြင်းများနှင့် အဆုံးသတ်ကာ အမျိုးသမီးများအဖို့ ကာလရှည်ကြာ ကမ်းလှမ်းသူအားလည်းကောင်း၊ အမျိုးသားများအဖို့ မိမိကို တစ်ဖက်သတ်ချစ်သောသူနှင့် ဆုံတွေ့ကြစမြဲဖြစ်သည်။ နိုးစပ်မှုကိုအခြေတည်၍ ဖွဲ့တည်သောမေတ္တာနှင့် ဘဝကိုတည်ဆောက် ဖန်တီးသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဖူးစာကံ

(၆)ဂဏန်းသမား(၃)မျိုးတို့၏ ချစ်သုခပေးသူများနှင့် ချစ်ဒုက္ခပေးမည့်သူများကို အသေးစိတ်တင်ပြရသော်....

### (၆)ရက်နေ့တွင်မွေးသောသူများ

❖ **မည်သည့်လတွင်မဆို (၃၊ ၅၊ ၂၂) ရက်တွင်** မွေးသောသူများသည် Soul Mate ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွယ်ခွင့်ရှိသောသူများ ဖြစ်သည်။ ဖူးစာဆုံမည့်ကံ အမြင့်မားဆုံးသောသူများ ဖြစ်သည်။

(၂၊ ၁၄၊ ၂၉)ရက်တွင် မွေးသောသူများနှင့် မေတ္တာမျှပါက အခက်အခဲကြုံပြီးမှ အဆင်ပြေသော အနေအထားရှိသည်။ ခေတ္တယာယီခွဲခွာပြီးမှ ပြန်လည်ဆုံစည်းမည်။ ဖူးစာဆုံမှု ဒုတိယအဆင့်ရှိသည်။

(၁၁၊ ၂၃၊ ၃၁)ရက်တွင် မွေးသောသူများသည် ကောင်းကျိုးပေးခြင်းမရှိ၊ မိမိအားဒုက္ခပေးမည့်သူ၊ အသည်းခွဲမည့်သူများဖြစ်သည်။

### (၁၅)ရက်နေ့တွင်မွေးသောသူများ

❖ **မည်သည့်လတွင်မဆို (၈၊ ၁၅၊ ၂၇) ရက်တွင်** မွေးသောသူများသည် ဖူးစာဆုံရန် ကံအမြင့်မားဆုံးသောသူများဖြစ်သည်။ အပြန်အလှန် မေတ္တာသက်ဝင်ချစ်ခင်ကြမည်။ ရှေးရေစက်ကြောင့် ဖူးစာဆုံမည်။ Soul Mate ဝိညာဉ်ချင်း ဆက်နွယ်ပေါင်းစည်းခွင့်ရှိသောသူများ ဖြစ်သည်။





(၆၊ ၁၃၊ ၂၃)ရက်နေ့တွင် မွေးသောသူများနှင့်ဆုံစည်းရန် ဒုတိယအဆင့်အကျိုးပေးမည်။ ဖြတ်သန်းရသော မေတ္တာရေးလမ်းကြောင်းတွင် အခက်အခဲအနှောင့်အယှက်များနှင့်ကြုံပြီးမှ ဆုံစည်းခွင့်ရှိသည်။

(၂၀၊ ၂၂၊ ၂၆)ရက်နေ့တွင် မွေးသောသူများသည် မိမိအား ကောင်းကျိုးပေးခြင်းမရှိ။ မိမိအား ချစ်ဟန်ဆောင်ကာ အသည်းခွဲတတ်သည်။ မိသားစုဝန်းကျင်နှင့် ဆန့်ကျင်မှုပြုပြီးမှ ဆုံစည်းမည်။

### (၂၄)ရက်နေ့တွင်မွေးသောသူများ

❖ **မည်သည့်လတွင်မဆို (၃၊ ၆၊ ၈) ရက်တွင်** မွေးသောသူများနှင့် ဖူးစာဆုံမှုကံ အမြင့်မားဆုံးဖြစ်သည်။ ရှေးရေစက်ကြောင့် ဆုံစည်းမည့်ကံပါသည်။ Soul Mate ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွယ်ခွင့်ရှိသောသူများ ဖြစ်သည်။

(၉၊ ၁၂၊ ၁၉)ရက်တွင် မွေးသောသူများနှင်ဆုံစည်းရန် ဒုတိယအဆင့် အကျိုးပေးမည်။ မကြာခဏ အနှောင့်အယှက် အတိုက်အခံများကြုံမည်။ ခေတ္တယာယီခွဲခွာပြီးမှ ပြန်လည်ဆုံ စည်းနိုင်မည်။

(၂၊ ၁၅၊ ၁၆)ရက်နေ့တွင် မွေးသောသူများသည် မိမိအား ကောင်းကျိုးပေးခြင်းမရှိ၊ မိမိအား အသည်းခွဲတတ်သည်။ ချစ်ဟန်ဆောင်သည်။ ပေါင်းစည်းမိပါက ဝမ်းနည်းကြေကွဲစွာ လမ်းခွဲရတတ်သည်။

အခြားရက်နေ့များတွင်မွေးသောသူများသည် ဖူးစာဆုံရန် ပုံမှန်အနေအထားရှိသည်။ ကောင်းခြင်း၊ ဆိုးခြင်း ထူးထူးခြားခြား ဝေဖန်ရန်မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



## အချစ်ကံကြမ္မာ

(၆) ဂဏန်းသမားအားလုံးအတွက် နှစ်စဉ်နှစ်တိုင်းတွင်

- Apr 21st မှ May 24th ကြား
- Oct 21st မှ Nov 22nd ကြား
- Dec 21st မှ Jan 20th ကြား

ကာလများသည် အထူးစန်းပွင့်မည်။ မေတ္တာရေးကံကောင်းမည်။ လူချစ်လူခင်ပေါမည်။ ပြောရေးဆိုရေးကံကောင်းမည်။ အချစ်ကံကောင်းသော Lucky Days Of Love များဖြစ်ပါသည်။

တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့များသည် (၆) ဂဏန်းသမားများအတွက် အချစ် ကံကောင်းသောနေ့များ "Lucky Days Of Love"ဟု သတ်မှတ် သည်။ အချစ်ရေး နှင့်ပတ်သက်သော ကိစ္စများဆောင်ရွက်အဆင်ပြေမည်။ အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်သည်။

**(၆)ဂဏန်းသမား(၃)မျိုးအလိုက် ဝိသေသကံထူးရက်များသည်ကား...**

(သောကြာနေ့)များသည် (၆) ရက်နေ့တွင်မွေးသောသူများ အတွက် ကောင်းသောနေ့ဖြစ် သည်။

(တနင်္လာနေ့)များသည် (၁၅) ရက်နေ့တွင်မွေးသောသူများ အတွက် ကောင်းသောနေ့ဖြစ် သည်။

(ဗုဒ္ဓဟူးနေ့)များသည် (၂၄) ရက်နေ့တွင် မွေးသောသူများအတွက် ကောင်းသောနေ့ဖြစ်သည်။



(၆) ဂဏန်းသမားများအတွက် လစဉ်လတိုင်းတွင် အချစ်ရေးကံခေသောရက်များ ဖော်ပြပါသည်။ ထိုရက်များတွင် အချစ်ရေးဆိုက ခါးသီးစွာငြင်းဆိုခံရမည်။ အချစ်မှား၊ ဆုံးဖြတ်ချက်မှားခြင်းများ ရှိမည်။ ရေရှည်တည်တံ့သော အချစ်မျိုးလည်းရမည် မဟုတ်။

**အချစ်ရေးကံခေသောရက်များသည်ကား...**

- (၆)ရက်နေ့တွင်မွေးသောသူများအတွက် လစဉ်လတိုင်း၏ (၃၊ ၁၂၊ ၃၀)ရက်များသည် အချစ်ရေးကံ မကောင်းပါ။ ချစ်ကံခေမည်။
- (၁၅)ရက်တွင် မွေးသောသူများသည် လစဉ်လတိုင်း၏ (၅၊ ၁၇၊ ၂၃)ရက်များတွင် အချစ်ကံမကောင်းပါ။ ချစ်ရေးဆို၊ အဖြေပေးခြင်း မကောင်းပါ။
- (၂၄)ရက်တွင် မွေးသောသူများသည် လစဉ်လတိုင်း၏ (၂၊ ၁၇၊ ၂၄)ရက်နေ့များ အချစ်ရေးကံ မကောင်းပါ။ ချစ်ကံခေမည်။



www.burmeseclassic.com

www.burmeseclassic.com

## ချစ်နိမိတ်ဒဏ္ဍာရီ

ဂရိဒဏ္ဍာရီတွင် "Aphro dite" "အက်ပရိုဒိုက်တီး" ဟု ခေါ်ဝေါ်ကာ အလှနတ်မိမယ် "ဗီးနပ်စ်" "Venus" ဟူ၍ ကိုးကွယ်ထားသော သောကြာဂြိုဟ်နတ်ဒေဝီသည် (၆) ဂဏန်းသမားအားလုံးတို့အား ကိုယ်စားပြု၏။ လစဉ်လတိုင်း၏ (၆၊ ၁၅၊ ၂၄)ရက်တွင်မွေးသော (၆)ဂဏန်းသမားအားလုံးတို့၏ ဘဝဖြစ်စဉ်နှင့် ချစ်မှုရေးရာ ချစ်ကံကြမ္မာ အဖြာဖြာသည် အချစ်နတ်ဘုရားနှင့် အလှနတ်မိမယ်ကို ဥပမာကိုယ်စားပြုလေ၏။

ဒဏ္ဍာရီတွင်....

ရှေးလွန်လေပြီးသောအခါ ကမ္ဘာဦးအစ မဟာစကြဝဠာ တစ်ခုလုံးကို စိုးမိုးသောသူသည်ကား "ယူရေးနပ်စ်" "Uranus" ဖြစ်၏။ အလွန်ထက်မြက်သည်။ အာဏာအစွမ်းကြီးသည်။ ရှိရှိသမျှအရာရာအပေါင်း၏ဖန်ဆင်းမှုဖခင်ကြီးဖြစ်သည်။ သားဖြစ်သည့်"ခရိုးနော့စ်" "Cronus" အရွယ်ရောက်၏။ ခရိုးနော့စ်ကို စနေဂြိုဟ်မင်း "စေတန်" "Saturn" ဟူ၍လည်း ခေါ်၏။ စနေဂြိုဟ်မင်းသည် ဖခင် "ယူရေးနပ်စ်"ကို သင်းကွပ်၍ နန်းလု၏။ စနေဂြိုဟ် "စေတန်" ၏ လက်နက်ထက်မြက်လှသည့် သံမဏိအသွားစာတ်ပါသော ကောက်ပင်၊ ဂျုံပင်ရိတ်တံစဉ် "Iron Sickle" နှင့် ဖခင်ဖြစ်သူ၏ မျိုးပွားအင်္ဂါကို ခုတ်ထစ်ဖြတ်တောက်ကာ နန်းစွန့်စေ၏။ "ယူရေးနပ်စ်" ၏ မျိုးပွားအင်္ဂါကိုပင်လယ်ပြင်တွင် ပစ်ချကာ နန်းသိမ်းအောင်ပွဲခံလေတော့သတည်း။

"စေတန်" စနေဂြိုဟ်မင်း "ခရိုးနော့စ်" သတိမထားမိလိုက်သည်မှာ ပယ်လယ်တွင်းစွန့်ပစ်ခံရသော "ယူရေးနပ်စ်"၏ အင်္ဂါသည် ရေပြင်နှင့်ထိတွေ့လေသော်ရေပြင်နှစ်ခြမ်းဖြန်းဖြန်းကွဲ၍ ပင်လယ်ပြင်ဆူပွက်ကာ လှိုင်းတံပိုးများထလေသည်။ တစ်စတစ်စ ငြိမ်သက်သောအခါ ရေပွက်များ တပွက် ပွက်ဆူပွက်ပြီး ရေမြှုပ်များဖြစ်လာသည်။ ထိုရေမြှုပ်မှ အလွန်လှပသော နတ်ဒေဝီတစ်ပါး ပေါက်ဖွား၏။ ထိုနတ်ဒေဝီသည်ကား "အပရိုဒိုက်တီး" ဖြစ်လေသတည်း။

"အပရိုဒိုက်တီး" "Aphrodite" ဟူသောအမည်၏ အဓိပ္ပာယ်သည်ကား "Out Of Foam" ပင်လယ်ရေမြှုပ်မှ ပေါက်ဖွားသန္ဓေတည်သူဟူ၍ အနက်အဓိပ္ပာယ်ရှိ၏။ အလွန် တင့်တယ်လှပသည်။ မဟာစကြဝဠာတွင် သူမ၏ အလှအပအား ယှဉ်တုနိုင်သူမရှိလောက်အောင် ပြိုင်ဘက်ကင်း အလှအပကို ပိုင်ဆိုင်သူတည်း။ အလွန်ကြီးမားသော ကမာခွံကိုစီးနင်း၍ ပင်လယ်ပြင်ကိုကျော်ဖြတ်ကာ ကုန်းပိုင်းသို့ ချဉ်းကပ်လေသတည်း။

ယခုအခါ မြေထဲပင်လယ်ရှိ "ဆိုက်သည်ရာ" "Cythera" အမည်ရှိသော ကုန်းမြေကို အရင်ဆုံးဆိုက်ကပ်သည်။ ရောက်ရှိသောနေရာသည် နေထိုင်ရန်အလွန် ကျဉ်းမြောင်းလေရာ အနီးနားရှိ ကျွန်းသို့သွားကာ ထိုကျွန်းတွင် အခြေချလေသည်။ ထိုကျွန်းကို ထိုကာလမှစ၍ ယနေ့ထက်တိုင်"ဆိုက်ပရပ်စ်" "Cyprus" ဟုခေါ်၏။ "အပရိုဒိုက်တီး"အမည်ရှိ "ဗီးနပ်စ်"၏အခြားအမည်သည်ကား "ဆိုက်သီးယီးရား" "Cythe reia"ဖြစ်၏။ သူမ အခြေချသော

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကို ''ဆိုက်ပရပ်စ်'' အမည်တွင်၏။ ပင်လယ်ပြင်မှ ပေါက်ဖွားသောနတ်ဒေဝီ မြေပြင်ပေါ်ခြေချလေသော် သူမ ခြေလှမ်းရာကမ္ဘာမြေ၌ စိမ်းလန်းတင့်တယ်သော မြက်နှင့် လှပသောပန်းတို့ သူမ ခြေလှမ်းလိုက်တိုင်း မြေပြင်မှာ ပေါက်ကုန်၏။ ''Wherever Her Feet Touched Down, Grass and Flowers Popped Up From the Earth.''

သူမ ကမ္ဘာမြေပြင်ပေါ်တွင် ရောက်ရှိခြင်းသည် နတ်ဒေဝါ အချင်းချင်းဖြစ်စေ၊ နတ်ဒေဝါနှင့် လူသားကိုဖြစ်စေ၊ လူသားအချင်းချင်းဖြစ်စေ ''အချစ်'' ''Love'' ဟူသော အကြောင်းအရာအား နားလည်သိရှိရန် တာဝန်အဖြစ် ရောက်ရှိလာခြင်းဖြစ်၏။ နတ်တို့ ပြည်တွင် အုပ်ချုပ်မင်းပြု နေသော စနေဂြိုဟ်စေတန် ''ခရိုးနော့စ်'' အား သားဖြစ်သူ ''ဇု'' ''Zeus''အမည်ရှိ ''Jupiter'' ကြာသပတေး ဂြိုဟ် မင်းမှ ဖယ်ရှားနန်းလု၏။ ''ဇု'' နတ်မင်းဘက်မှ ''ဗီးနပ်စ်'' က ပါဝင်ပူးပေါင်း၏။ ''ဇု'' နတ်မင်းကြီး နန်းသိမ်းအောင်ပွဲခံ လေသော် နန်းတိုင်း၌နေအား အုပ်ချုပ်သော နတ်မင်း ၁၂ ပါးနှင့် နတ်ပြည်နှင့်လူပြည်အား အုပ်ချုပ်၏။ ထိုနတ်ဒေဝါ ၁၂ ပါးအား ''အိုလံပီယာ နတ်မင်းကြီး ၁၂ပါး'' ''12 Olympian Gods''ဟူ၍ ခေါ်ဝေါ်၏။

''ဇု''နတ်မင်းကြီး၏ မိခင်ဖြစ် သူ ''ရီရာ'' ''Rhea'' သည် ''ဇု'' နတ်မင်းကြီးအား အိမ်ထောင်ပြုသူသည်ကား ကြီးစွာဒုက္ခရောက် လိမ့်မည်ဟူသောစကားကို ကျိန်စာကဲ့သို့ ပြောခဲ့ဖူးသည်။ ထိုအကြောင်းအရာအား အလှနတ်ဒေဝီ ''ဗီးနပ်စ်''က ယုံကြည်သိမှတ်ပြုထားသည်။ တစ်ခုသော ကာလတွင် သူမ၏အလှအပတွင် တိမ်းမူးသော ''ဇု''



နတ်မင်းကြီးက သူမအား ကေရီမိဖုရားအဖြစ် တင်မြှောက် မည်ဟု ဆိုပြန်၏။ ရှိရှိသမျှနတ်ဒေဝီနှင့်လူမကျန် ချစ်ခွင့်ပန်၍ ရသော ''ဇု''နတ်မင်းကြီးကို အလှနတ်သမီး ''ဗီးနပ်စ်'' ''Aphrodite'' က ငြင်းပယ်၏။ ''ဇု''နတ်မင်းကြီး၏ ချစ်သူဘဝရောက်က ကြီးစွာသောဒုက္ခရောက်မည်ဟုလည်း ပြောလေ၏။ ထိုငြင်းပယ်မှုအပေါ် ''ဇု''သည် အမျက်ခြောင်း ခြောင်းထ၏။ ချစ်သူအဖြစ်လက်မခံက မွေးစားဖခင် ''Adopted Father'' အဖြစ် လက်ခံမည်လောဟူ၍ မေး၏။ ဤကား ''ဇု''နတ်မင်းကြီး၏ အကောက်ကြံမှု ပေတည်း။ သူ၏အချစ်အား လက်ခံ၍ ''ဗီးနပ်စ်'' အား အရှက်တကွဲ ဒုက္ခပင်လယ်ဝေစေရန် ပရိယာယ်နှင့်အညီ တကြီးကလှဲစားချေရန် ဇာတ်လမ်းဆင်ခြင်းတည်း။ ''ဗီးနပ်စ်'' က သင့်အား မွေးစားဖခင်အဖြစ် လက်ခံသည်ဟုဆိုလေ ၏။ ''ဇု'' နတ်မင်းကြီးက သူနှင့် ''ဟီရာ''တို့မှ ပေါက်ဖွား သော အရုပ်ဆိုးအကျည်းတန်ခြေမသန် အောက်ပိုင်းသေ နေသော နတ်ဘုံလောက၌ အရုပ်အဆိုးဆုံး နတ်ဒေဝါဟူ၍ သတ်မှတ်ထားသောသူ၏ သားဖြစ်သူ ''ဟီဖေးတပ်စ်'' ''Hepahestus'' နှင့် လက်ဆက်စေသည်။ ထိုကာလမှ စ၍ လှသောသူသည် အကျည်းတန်သောသူနှင့် ညားရ တတ်သည်ဟူသောဆိုရိုး ပေါ်ထွန်းလာခဲ့၏။

''ဇု''နတ်မင်းကြီး၏ အကောက်ဆင်မှုအောက်ရောင် ကျဆင်းသော ''ဗီးနပ်စ်''သည် နတ်ဒေဝါတို့တွင်အရုပ် ဆိုးဆုံး နတ်ဒေဝါနှင့် လက်ထပ်ရ၏။ ထို့နောက် ''ဗီးနပ်စ်'' သည် အင်္ဂါဂြိုဟ်မင်း ''မားစ်''နှင့် မေတ္တာရှု၏။ ''ဗီးနပ်စ်'' နှင့် ''မားစ်''တို့၏အချစ်သည်ကား ဆွတ်ပျံ့ဖွယ်အတိတည်း။

www.burmeseclassic.com



အမှန်တကယ် ချစ်ရသူအား ဒုတိယလူအဖြစ် ဆုံစည်းရခြင်း ပေတည်း။

ဤဒဏ္ဍာရီ၏ ပုံရိပ်ရှင် (၆) ဂဏန်းသမားအားလုံးသည် မည်သို့သောဘဝမှ စတင်စေ ဘဝလမ်းကြောင်းတွင် တစ်စ တစ်စ အေးချမ်းခြင်းရှိမည်ဖြစ်ပေရာ ကိုယ်ခြေလှမ်းရာလမ်း ကြောင်း ပန်းခင်းထားသကဲ့သို့ တစ်စတစ်စ ဖြစ်လာမည်။ လူချစ်လူခင်ပေါများမည်။ အများတကာ၏ နှစ်လိုမှုကိုခံရ မည်။ ကျား၊မ မရွေးတို့သည် အစစအရာရာပြည့်စုံသော သူတို့၏ မေတ္တာရေးကို ကြုံတွေ့ရတတ်သည်။ ပထမဆုံး ကမ်းလှမ်းသူအား အလျင်ငြင်းပယ်ရလိမ့်မည်။ ငြင်းပယ်ပြီး နောက်တစ်ဦး ထက်မကသောချစ်သူများရမည်။ မိမိ ပထမ ဦးဆုံးချစ်သူအဖြစ် လက်ခံသောသူသည် ပတ်ဝန်းကျင်က ဖြစ်စေ၊ မိဘကဖြစ်စေ လက်ခံနိုင်သောသူမဟုတ်။ မိမိနှင့် လိုက်ဖက်ညီထွေမှုလည်း မရှိနိုင်။ အကျိုးအကြောင်း တစ်စုံ တစ်ရာကြောင့် ချစ်သူဘဝကို ရောက်ခြင်းဖြစ်ပေမည်။ အချစ်ဦးနှင့်မေတ္တာမျှနေဆဲ အမှန်တကယ်စစ်မှန်သော ချစ်သူကိုတွေ့ရမည်။ ချစ်သူနှစ်ဦးတစ်ပြိုင်နက်တည်း ထား ရသလို ဖြစ်မည်။ ချစ်ဦးသူကိုစွန့်ထား အသည်းခွဲခြင်းပြု လိမ့်မည်။ ထိုသို့ ပြုခဲ့ခြင်းဝဋ်ကြွေးကြောင့် ဒုတိယချစ်သူက မိမိကို အသည်းခွဲခြင်းပြုလိမ့်မည်။ အမှန်တကယ် မိမိချစ် ရသော ဒုတိယမြောက်ချစ်သူသည် အခြားသူတစ်ယောက် ထံ စိတ်လည်လိမ့်မည်။

ထိုသို့ တစ်ဦးပြီးတစ်ဦး ချစ်သူများရသောအနေအထား သို့ ရောက်မည်။ နောက်ဆုံး၌ မိမိအပေါ်စုံမှိတ်၍ အရှုး အမူးမြတ်နိုးသူနှင့် လက်ဆက်ရခြင်းရှိမည်။ (၆) ဂ ဏန်း


သင့်မွေးရက် နှင့် အချစ်ရေးကံကြမ္မာ

သမား ကျား/မ မရွေးတို့သည် ချစ်သူများလင့်ကစား အိမ် ထောင်ရေးကံကောင်းခြင်းကို ပိုင်ဆိုင်ရကိန်းရှိသည်။ ရုပ်ရည်ချောမောသူ (၆)ဂဏန်းသမားများသည် ရုပ်ဆိုးသူ များနှင့် အိမ်ထောင်ကျ၍ (၆)ဂဏန်းသမား ရုပ်ဆိုးသူများ သည် ရုပ်ချောသူများနှင့် အိမ်ထောင်ကျမည်။ (၆) ဂဏန်း သမား များသည် ငွေကြေးကို မမက်မော။ ''ဗီးနပ်စ်''က ''ဇု''နတ်မင်းကြီးကို ငြင်းပယ်သကဲ့သို့ ဂုဏ်ပကာသန မည်မျှရှိသောသူဖြစ်စေ မိမိကလှည့်ကြည့်မည်မဟုတ်။ ဦးနှောက်ကို ဦးစားမပေး။ နှလုံးသားကို ဦးစားပေးသူများ သည်။ ဥစ္စာပေါ်ရုပ်ချောများကို ရွေးလေ့မရှိ။ အချစ်ကို တန်ဖိုးထား၍ ကိုယ့်အပေါ် တွယ်တာမြတ်နိုးသူကို ဦးစား ပေးရွေးလေ့ရှိသည်။ ''အပရိုဒိုက်တီး'' သောကြာနတ်သမီး ''ဗီးနပ်စ်'' တွင် တန်ခိုးစွမ်းအားကြီးသော ခါးစည်းကြိုး တစ်ခုရှိသည်။ ဒဏ္ဍာရီတွင် ''Girdle Of Venus'' ''သောကြာခါးပတ်''ဟူ၍ လူသိများသည်။ ထိုခါးစည်းကြိုး သည်ကား ဝတ်ဆင်ထားသူအား မျက်နှာပွင့်လန်းခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ညှို့စွမ်းနိုင်အားကြီးခြင်းနှင့် ပီယ ဓာတ်ကိုပေးသည်။ ချစ်ခြင်းမေတ္တာ၏ အနှစ်သာရကို လည်းရရှိ ခံစားခွင့်ရှိသည်။ နတ်ဒေဝီများမှအစ လူတို့အား အကြောင်းအားလျော်စွာ ''ဗီးနပ်စ်'' က ခါးစည်းကြိုးကို ငှားကာ ပီယကံကောင်းစေသည်။ အချစ်စွမ်းပကားမြင့် မားစေသည်။ ဒဏ္ဍာရီတွင် နတ်ကေရီဘုရင်မ ''ဟီရာ'' က ''ဇု'' နတ်မင်းအား သူမစကား အောင်မြင်ရန်အလို့ငှာ ''ဗီးနပ်စ်'' ထံမှ ခါးစည်းကြိုးကိုငှားရမ်း၍ ''ဇု'' နတ်မင်းကြီး ထံမှ အလိုလိုက်အကြိုက်ဆောင်မှုကို ရသည်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com






ထိုခါးစည်းကြိုးကို "Cestus" "ဆေးတပ်" ဟု ခေါ်၏။ ပီယနှင့်အချစ်စွမ်းအားကို ကောင်းစေသောအဆောင် ဖြစ်၏။ (၆)ဂဏန်း သမားအားလုံးတို့သည် ၎င်းခါးစည်းကြိုး အဆောင်ပုံကို ဆောင်ယူခြင်းဖြင့် ထူးခြားစွာစန်းပွင့်ခြင်း ရှိမည်။ နတ်သမီးစေတန်၏ ခါးစည်းကြိုးပုံဖြစ်သည်။ (၆) ဂဏန်းသမားတို့သည် လဆန်းနေ့တစ်ရက်၏ သောကြာနေ့တွင် ဤအဆောင် ကိုင်ဆောင်သင့်သည်။

ချစ်သူရသောအခါ အထက်ပါအတိုင်း ကြိုးတစ်ချောင်းကို ချည်၍ ချစ်သူအား လက်ဆောင်ပေးပါ။ တည်မြဲသော မေတ္တာနှင့်ကြားလေသွေး၍ မရလောက်အောင် နိုင်မြဲသောမေတ္တာကို ရရှိပေလိမ့်မည်။





## အချစ်နံပါတ်(၇)

မည်သည့်လတွင်မဆို ၇၊ ၁၆၊ ၂၅ ရက်နေ့တွင် မွေးသောသူများကို အချစ်နံပါတ် ၇ သမားများဟူ၍ သတ်မှတ်သည်။

"Neptune" နက်ပကျွန်းအချစ် ဟုလည်း ဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



# မည်

သည့်လတွင်မဆို (၇၊ ၁၆၊ ၂၅)ရက်တွင် မွေးသောသူများကို အချစ်နံပါတ် (၇) သမားများဟူ၍ သတ်မှတ်သည်။ အစွမ်းအလွန်ကြီးမား၍ ပင်လယ်ပြင်ကို စိုးမိုးသော နတ်ဒေဝတာ "Neptune" "နက်ပကျွန်း"အမည်ရှိသော ဂြိုဟ်မှ ပိုင်စိုးပတ်သက်သည်။ ဂရိတို့က "ပိုဆီဒွန်" "Poseidon" ဟူ၍ ခေါ်ဆိုသည်။ အင်း၊ အိုင်၊ ချောင်း၊ မြောင်းမှအစ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်မှ ပင်လယ်သမုဒ္ဒရာ ရေပြင်အဆုံး စောင့်ရှောက်သော ချောင်းစောင့်နတ်၊ မြစ်စောင့်နတ်၊ ပင်လယ်နတ်မင်းမှအစ အားလုံးသော ရေနှင့်ပတ်သက်သော နတ်ဒေဝတာတို့၏ ကေရာဇ်နတ်မင်း ဖြစ်ပေသည်။ ကောင်းကင်ပြင်ရှိ "နက်ပကျွန်း"ဂြိုဟ်ကို ၁၈၄၆ ခုနှစ်တွင် ရှာဖွေတွေ့ရှိ၍ နက်ပကျွန်းဂြိုဟ်ဟု အမည်ပေးခဲ့သည်။ ထိုမတိုင်မီ ကာလမြောက်မြားစွာကပင် "နက်ပကျွန်း" ကို ဂဏန်းဗေဒင် အယူအဆအရ နံပါတ်(၇) နှင့် ဖလှယ်၍ ကာလရှည်ကြာ အသုံးပြုခဲ့ပြီးဖြစ်သည်။ နက်ပကျွန်း ဂြိုဟ်နတ်မင်းကြီး၏ ကိုယ်ခွဲကိုယ်ပွားများဟု သတ်မှတ်၍ ဟောပြောသမှုပြုကြကုန်သည်။ (၇)ဂဏန်း သမားများသည် လွတ်လပ်မှုမြတ်နိုး သည်။ အစဉ်အလာလမ်းရိုးမှခွဲထွက်၍ တိုးတက်မှုကို ဖန်တီးနိုင်သည်။ အိပ်မက်မက်လျှင် တွေးလျှင်ထင်လျှင် မှန်တတ်သည်။ နက်နဲသောပညာရပ်များကို လေ့လာအောင် မြင်နိုင်သည်။ စာပေ၊



ဘာသာစကားနှင့်ပတ်သက်သော ဗီဇပါရမီရှိသည်။ လူမျိုးကွဲ လူမျိုးခြားများနှင့်ဆက်စပ်၍ ဘဝအောင်မြင်မည်။ ညှာတာ၊ စာနာထောက်ထားမှု အပြည့်အဝရှိသူများဖြစ်သည်။ ကိုယ်ရေးကိုယ်တာကိစ္စအပေါ် မည်သူကမျှ ဝင်ရောက်စွက်ဖက်ပြောဆိုခြင်းကို နှစ်သက်မှု မရှိ။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို အလေးအနက်ထားသည်။ ကိုယ်ပြဋ္ဌာန်းသည့်လမ်းကြောင်းအပေါ် လျှောက်လှမ်း၍ အမှားကြုံကရင် စည်းခံမည်။ အမှန်ကိုကြုံကလည်း ရှေ့သို့တိုးမည်ဟူသော ဖွတ်တရွတ်ဉာဉ်ကို ပိုင်ဆိုင်ထားသည်။ ဘဝလမ်းကြောင်းတွင် အချစ်ရေးကိစ္စသာမက လုပ်ငန်းဘဝများကို တစ်ခုထက်မက ကြုံဆုံပြေရှင်းရသော အနေအထားကြုံမည်။ ဖော်ရွေနွေးထွေးသော သဘာဝရှိသည်။ အခွင့်အရေးယူသူမဟုတ်။ ကိုယ့်အခွင့်အရေးကို တန်ဖိုးထား၍ ဝင့်ဝင့်စားစား နောက်



www.burmeseclassic.com

www.burmeseclassic.com



မဆုတ် အမြဲတစေ ဆင်ကန်းတောတိုးသဖွယ် လုပ်တတ်သောသူများ ဖြစ်သည်။

## (၇)ဂဏာန်းသမား(၃)မျိုး

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၇)ရက်**နေ့တွင်မွေးသောသူများကို "The Romantic Lover" များဟူ၍သတ်မှတ်သည်။ အချစ်ကို တန်ဖိုးထားသည်။ လက်တွေ့ဘဝ နှင့်ကင်းကွာပြီး လှပသောစိတ်ကူးယဉ် အိပ်မက်များနှင့် အချစ်ကို တည်ဆောက်သည်။ မိမိကိုယ်မိမိ အချစ်အိပ်မက်ချိုထဲမှ ဇာတ်ကောင်သဖွယ် ပြောဆိုနေထိုင်တတ်သည်။ အချစ်ကိုတန်ဖိုးထားသည်။ အချစ်အတွက်ဆိုက အရာရာ ရင်ဆိုင်ဝံ့သည်။ အချစ်တွင် မျက်စိမရှိ။ အချစ်သည် ဘဝ၏ အနှစ်သာရစသည့်အချစ်သည် ဘဝအတွက် အရေးပါသည့်သဖွယ် ယူဆသည်။ အချစ်သည်ကား သန့်စင်သောဝိညာဉ်နှင့် ယစ်မူးဖွယ်ရာ သံယောဇဉ်အပေါင်းဖြင့် လွမ်းမောခြင်း၊ တွေဝေခြင်းရှိသောအရာဟု သတ်မှတ်သည်။ အသက် အရွယ်အိုမင်းသည့်တိုင် ထာဝရ နုပျိုလန်းဆန်းသော အချစ်ကို ရင်တွင်ထားရှိသောသူ ဖြစ်သည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၁၆)ရက်**တွင်မွေးသောသူများကို "The Tender Lover" များဟုသတ်မှတ်သည်။ သိမ်မွေ့ခြင်း၊ နူးညံ့ခြင်း၊ ရင်ထဲနှလုံးသားထဲမှ ကတုန်ကယင် ချစ်တွံ့တင်ခြင်းနှင့် ကြမ်းတမ်းမှုကင်းမဲ့သော ဒေါသမဲ့မေတ္တာနှင့် ချစ်သူအပေါ် ပေးဆပ်ချစ်ခင်တတ်သောသူများ ဖြစ်သည်။ အနိုင်ပေး၊ အရှုံးယူ၍ အလိုလိုက် အကြိုက်ဆောင် ဦးစားပေးသော ချစ်သူ၏ဆန္ဒလိုအင်မှန်သမျှကို နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့နှင့် ပေးဆပ်ပံ့ပိုးသောနှလုံး သားရှင်များဖြစ်သည်။ ချစ်ဒုက္ခ ဝေဒနာခံစားရကလည်း ချစ်သူ၏ အပြစ်မှန်သမျှကို မိမိ၏မျက်ရည်နှင့် ဆေးကြောကာ ထာဝရခွင့်လွှတ်ခြင်းဖြင့် ပိုမိုသိမ်မွေ့စွာ အချစ်ကို ပေးဆပ်သောသူများဖြစ်သည်။ ဘေးစကား၊ သွေးသားတို့၏ ပြောပြသမျှအပေါ် နားမဝင်ဘဲ ချစ်သူ၏စကား တစ်ခွန်းဖြင့် အရည်ပျော်သွားသောသူများတည်း။ တစ်မျက်နှာတစ်ရွာထင်၍ ငင်ရာပါတတ်သော မေတ္တာရှင်များဖြစ်၏။ ယုံမှတ်၍ ပုံအပ်ရန်လည်း ဝန်မလေး။ ဘဝတစ်ခုလုံးကို အချစ်အတွက်ဟု အမြဲတစေစိတ်ရည် မှန်းထားသူများ ဖြစ်သည်။ ချစ်ခဲသည်၊ အချစ်မြဲသည်။ နှုတ်မှ အချစ်ကိုဖွင့်ဟသူမဟုတ်။ ပေးဆပ်ခြင်းဖြင့် အချစ်ကို ဖွဲ့တည်သောသူများတည်း။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၂၅)ရက်**နေ့တွင်မွေးသောသူများကို "The Visitionary Lover" များဟုသတ်မှတ်သည်။ Soul Partner ဟုခေါ်သော အတိတ်ဘဝပါရမီ ဖြည့်ဖက်များနှင့် ဘဝဆုံစည်းတတ်သည်။ ချစ်သူချင်း ဆုံစည်းရသည့်ပင် ရှေးဘဝဆုတောင်းတစ်ခု ပြည့်သည်ဟု ဆိုနိုင်သည်။ မြောက်မြားစွာသော ရှေးခွယ်နိုင်သူများအနက်အကြောင်း တစ်စုံတစ်ရာဖော်ပြရန်ရက်ခဲသော တွေ့ဆုံမှု၊ နှောင်ဖွဲ့မှုတို့သည်ထူးခြား လှသည်။ ချစ်သူကိုတွေ့ရှိခြင်း မတိုင်မီမှာပင် အိပ်မက်တွင်မြင်မက် ခြင်းကြုံမည်။

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး ပထမဦးဆုံးတွေ့လျှင်ပင် ရေးရေး စက် ကြောင့်ပင်မှန်းမသိ ရင်းရင်း နှီးနှီးဖြစ်နေမည်။ အပြန်အလှန် နားလည်နေမည်။ တစ်ဦးအကြိုက်တစ်ဦး အလိုလိုက်မည်။ တစ်ဦး၏ခံစားမှုကို တစ်ဦးသိနေမည်။ ထူးထူးခြားခြား ဆန်း ဆန်းကြယ်ကြယ် ဂမ္ဘီရဆန်ဆန် မေတ္တာဖွဲ့တည်ကာ နှလုံး သား၏ လစ်လပ်နေသောဟာကွက်များကို အစပ်အဟပ် ညီစွာ တစ်သားတည်းကျအောင် မေတ္တာထားနိုင်သူများနှင့် ဆုံစည်းရမည်။ တစ်ဦးမကသော ချစ်သူများထားပြီးမှ စစ်မှန် သော အချစ်ကို တွေ့ရှိပိုင်ဆိုင်သူများဖြစ်သည်။ အလျှား၊ အနံ အသွားအပြန်ညီသော မေတ္တာရောင်ပြန်၏ အနှစ်သာရ ကို ပိုင်ဆိုင်ခွင့်ရှိသောသူများ ဖြစ်သည်။





## ဖူးစာကံ

(၇)ဂဏန်းသမား (၃)မျိုးတို့ ၏ဖူးစာကံအနေအထား ကံဆုံမည့်သူများ မိမိအား အသည်းခွဲမည့်သူများကို အသေး စိတ် တင်ပြရသော်....

### (၇)ရက်နေ့တွင်မွေးသောသူများ

❖ မည်သည့်လတွင်မဆို (၇၊ ၁၁၊ ၁၂)ရက်တွင် မွေးသောသူများသည် Soul Mate ဝိညာဉ်ချင်း ပေါင်း စည်းဆက်နွှယ်ခွင့်ရှိသော သူများဟု သတ်မှတ်သည်။ ဖူးစာ ဆုံမည့်ကံ အမြင့်မားဆုံးသောသူများ ဖြစ်သည်။

(၅၊ ၁၈၊ ၂၇)ရက်နေ့တွင် မွေးသောသူများသည် မေတ္တာကံဆုံပြီး ခေတ္တယာယီဝေးကွာသွားမည်။ ပြီးနောက်မှ ပြန်လည်အဆင်ပြေသွားမည်။

(၁၁၊ ၁၃၊ ၁၉)ရက်တွင် မွေးသောသူများသည် မိမိအား ကောင်းကျိုးပေးခြင်းမရှိ။ ၎င်းတို့နှင့် မေတ္တာမျှက မိမိဘက်မှ ဆုံးရှုံးနစ်နာမည်။ မိမိအပေါ် အသည်းခွဲမည့်သူများဖြစ်သည်။

### (၁၆)ရက်နေ့တွင်မွေးသောသူများ

❖ မည်သည့်လတွင်မဆို (၉၊ ၂၀၊ ၂၅)ရက်တွင် မွေး သောသူများသည် ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွှယ်ခွင့် ရှိသော Soul Mate များဖြစ်သည်။ အပြန်အလှန်နားလည် မှုရှိကာ ဖူးစာဆုံမှုကအမြင့် မားဆုံးသောသူများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂၊ ၂၃၊ ၂၄)ရက်နေ့တွင် မွေးသောသူများသည် မိမိနှင့် ကောင်းကျိုးပေးခြင်းမရှိ။ မိမိအား အသည်းခွဲမည့် သူများဖြစ်သည်။

(၂၄၊ ၂၆၊ ၂၇)ရက်တွင် မွေးသောသူများသည် မိမိအား အသင့်အတင့်ကောင်းကျိုးပေးမည်။ မူလအစပိုင်းတွင် ဝေးကွာသွားပြီးမှ ပြန်လည်ဆုံစည်းမည့်ကံပါသည်။

**(၂၆)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၁၆၊ ၂၀၊ ၂၈)ရက်**တွင် မွေး သောသူများသည် မိမိနှင့် ဝိညာဉ်ချင်းပေါင်း စည်းဆက်နွယ်ခွင့်ရှိသော Soul Mate များဖြစ်သည်။ အပြန်အလှန် ကောင်းကျိုးပေးမည်။ ဖူးစာကံ အမြင့်မားဆုံးသောသူများဖြစ်သည်။

(၉၊ ၁၄၊ ၁၈)ရက်တွင် မွေးသောသူများသည် မိမိနှင့် ပေါင်းဖက်က အသင့်အတင့် ကောင်းကျိုးပေးမည်။ မိဘ၊ မိသားစုဝန်းကျင်မှ စီစဉ်မှုကြောင့် ဆုံစည်းနိုင်သည်။

(၁၇၊ ၂၇၊ ၃၀)ရက်နေ့တွင် မွေးသောသူများသည် မိမိအား ကောင်းကျိုးပေးခြင်းမရှိ။ မိမိအား အသည်းခွဲမည့် သူများဖြစ်သည်။

## အချစ်ကံကြမ္မာ

(၇)ဂဏန်းသမား အားလုံးအတွက် နှစ်စဉ်နှစ်တိုင်းတွင်

- Feb 19th မှ Mar 20th ကြား
- June 20th မှ July 21st ကြား
- Nov 2nd မှ Dec 11th ကြား

ကာလများသည် အထူးစန်းပွင့်သည်။ မေတ္တာရေးကံကောင်းမည်။ လူချစ်လူခင်ပေါများမည်။ အချစ်ကံကောင်းစေသောကာလ Lucky Love Periods ဟု သတ်မှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ ကြာသ ပတေးနေ့များသည်** (၇) ဂဏန်းသမားများအတွက် အချစ်ကံကောင်းသော နေ့များ "Lucky Days Of Love" ဟု သတ်မှတ်သည်။ ၎င်းနေ့များတွင် အချစ်အတွက်ကြုံနေသော ပြဿနာများ ဖြေရှင်းနိုင်မည်။ ချစ်သူနှင့်အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်နိုင်ပါသည်။

**(၇)ဂဏန်းသမား (၃)မျိုးအလိုက် ဝိသေသကံကောင်းသော ရက်များသည်ကား...**

- (၇)ရက်နေ့တွင် မွေးသောသူ များအတွက် (၅၊ ၁၅၊ ၂၇) ရက်များ ဖြစ်ပါသည်။
- (၁၆)ရက်တွင် မွေးသောသူ များအတွက် (၅၊ ၂၆) ရက် နေ့များဖြစ်ပါသည်။
- (၂၅)ရက်တွင် မွေးသောသူ များအတွက် (၅၊ ၂၈၊ ၃၀) ရက်နေ့များဖြစ်ပါသည်။

**ချစ်ရေးကံခေသောရက်များသည်ကား ...**

- (၇) ရက်နေ့တွင် မွေးသောသူ များအတွက် (၁၄၊ ၂၁၊ ၂၉) ရက်နေ့များဖြစ်ပါသည်။
- (၁၆) ရက်နေ့တွင် မွေးသော သူများအတွက် (၄၊ ၁၅၊ ၂၇) ရက်နေ့များဖြစ် ပါသည်။
- (၂၅) ရက်နေ့တွင် မွေးသော သူများအတွက် (၁၂၊ ၁၄၊ ၂၂) ရက်နေ့များဖြစ်ပါသည်။






## ချစ်နိမိတ်ဒဏ္ဍာရီ

ရှေးဟောင်း ရောမခေါ်မတို့၏ ဒဏ္ဍာရီအရ နက်ပကျွန်း နတ်မင်းသည် ကမ္ဘာဦးအစ ရှိရှိသမျှ သောအရာများတွင် သုံးခွ မှိန်းလက်နက်အား ကိုင်ဆောင်၏။ စီးဆင်းနေသော ရေကြောင်းအား ပိတ်ဆို့နေသော ကျောက်ခဲတို့အား ထိုးခွဲ၏။ တားဆီးနေသော ကမ်းတို့အား ကိုင်လှုပ်၏။ ပင်လယ် ပြင်ထက် ကခုန်နေသည့် မုန်တိုင်းတို့အား မှိန်းသွားလက်နက်ဖြင့် ထိန်းကွပ်၍ လိုရာစေ၏။

တစ်နေ့သောအခါ ဦးကြီးတော် ပင်လယ်ရေကြောင်း နတ်မင်းကြီး Oceanus အိုးရှင်းနတ်ထံ အလည်သွားသည်။ ထိုတွင် အလွန်လှပသည့် ဦးကြီးတော်၏ သမီးငယ် နတ်ဒေဝီ Amphitrite အက်ပရီတိုက်တီးကို တွေ့လေ၏။ ရင်တွင် ပျောက်ကွယ်နေသော အချစ်များ ဖြစ်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမအပေါ် ချစ်ခင်နှစ်သက်လေ၏။ Dolphin လင်းပိုင်ငါးကို စီးခြင်းကို သူမကနှစ်သက်၏။ အတူတကွ ဒေါ်ဖင်ငါးကို စီးနင်းကြရင်း တစ်ဦးနှင့်တစ်ဦး ချစ်သူဘဝကိုရောက်၏။ တခမ်းတနား လက်ထပ်၍ရာသက် ပန်ပျော်ရွှင်စွာခံစားကြလေသတည်း။ ထိုသောအခါ နက်ပကျွန်းနတ်မင်းသည် ဒေါ်ဖင်ငါးအား ရေတွင် အမြင့်မြတ်ဆုံးသောငါး၊ လူသားတို့အား ကယ်တင်နိုင်သောငါးဟု သတ်မှတ်၏။ မိုးကောင်းကင်၌လည်း ဒေါ်ဖင်ငါးအား ကမ္ဘည်းတင်လေသတည်း။

(ဂ)ဂဏန်းသမားတို့၏ အချစ်ဘဝသည် နက်ပကျွန်း၏ အချစ်ပုံရိပ်ဖြစ်ပေရာ ဘဝအစတွင် မိဘတို့၏လောင်းရိပ်အောက်၌ တင်းကျပ်စွာကြီးပြင်းရလေသည်။ အချစ်ဆိုသောအရာကို စတင်သိရှိသောအချိန်တွင် အနှောင့်အယှက် အခက်အခဲများနှင့်ကြုံမည်။ အချစ်ဦးနှင့်ပျော်ရွှင်နေသောဘဝကား အဖျက်အနှောင့်အယှက် များနှင့်တွေ့မည်။ တွန်းလှန်နိုင်စွမ်းလည်းမရှိ၍ ချစ်သူနှင့်ကွဲကွာ အသည်းကွဲရခြင်းကိုကြုံမည်။ အထီးကျန်ဘဝနှင့်ဖြတ်သန်းရင်း နီးစပ်လျက်နှင့် တစ်ဦးနှင့်တစ်ဦး ဖွင့်ပြောခြင်းငှာမရှိသော အချစ်ကို ပြန်လည်ရှာဖွေတွေ့ရှိမည်။ မိမိမျက်စိအောက်၌ရှိသော အမြဲတစေရင်းနှီးနေသော အက်ပရီတိုက်တီးထံတွင် စစ်မှန်သောအချစ်ရှိသည်ကို မေ့လျော့နေရာမှ အသည်းကွဲပြီး ချစ်သူရှိပြီးမှ ပြန်လည်ဆုံစည်းမည်။ ထို့ကြောင့် (ဂ)ဂဏန်းသမားတို့သည် မိမိ၏အချစ်ပန်းကို ပထမချစ်သူအား ကမ်းလှမ်းပြီးမှ ဒုတိယမြောက်ချစ်သူထံမှ အချစ်စစ်ကို ရရှိမည်။ ဒုတိယချစ်သူသည် မိမိ၏အနီးဆုံးမှသူဖြစ်နေမည်။





(ဂ)ဂဏန်းသမား အမျိုးသမီးတို့သည်ကား ဒေါ်ဖင်ငါး၏ ရုပ်ပုံ ရင်ထိုးပုံကိုဆောင်ယူခြင်းဖြင့် စန်းကောင်းမည်။ ပီယကံကောင်းမည်။ အခြားသော ငါးရုပ်ပုံရင်ထိုးပုံ ဆောင်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်နံပါတ်(၈)

မည်သည့်လတွင်မဆို ၈၊ ၁၇၊ ၂၆ ရက်နေ့တွင် မွေးသောသူများကို အချစ်နံပါတ် (၈) သမားများဟူ၍ သတ်မှတ်သည်။

"Saturn" "စေတန်" အချစ်ဟုလည်း ဆိုပြန်သည်။



မည်သည့် အင်္ဂလိပ်လတွင်မဆို (၈၊ ၁၇၊ ၂၆) ရက်တွင် မွေးသောသူများကို အချစ်နံပါတ်(၈) သမားများဟု သတ်မှတ်သည်။ ကောင်းကင်ထက်၌ လျို့ဝှက်မှုအပြည့်ဖြင့် တည်ရှိနေသော စနေဂြိုဟ်မင်း Saturn စေတန်နှင့် ပတ်သက်ဆက်နွယ်သောသူများ ဖြစ်သည်။ ထိုရက်တွင် မွေးသောသူများကို စေတန်အချစ်သမားများဟုလည်း သတ်မှတ်သည်။ မေတ္တာကို တန်ဖိုးထားသူများဖြစ်သည်။ အေးတိအေးစက်နှင့် မေတ္တာကို ဖော်ပြလေ့မရှိလင့်ကစား တစ်ပါးသူနှင့်နှိုင်း၍မရသော မေတ္တာကို ပိုင်စိုးသောသူများဖြစ်သည်။ နှုတ်မှ အချစ်ကို ဖော်ပြခြင်းမရှိဘဲ လက်တွေ့ကျကျ အချစ်ကို ပုံဖော်နေသောသူများဖြစ်သည်။ အချစ်သည် တေးဂီတမဟုတ်။ အချစ်သည် ကဗျာတစ်ပုဒ်မဟုတ်။ လှပသောပန်းချီကားတစ်ချပ်လည်း မဟုတ်။ အချစ်သည်လက်ရာမြောက်စွာထုဆစ်ထားသော ပန်းပုရုပ်လည်းမဟုတ်။ မာယာများသော၊ ဖွဲ့သီသော၊ ရသများသော ပလီပလာပြောသောအရာသည် အချစ်မဟုတ်။ စစ်မှန်သောမေတ္တာသည်ကားဖွဲ့နွဲ့မှုအလုံးစုံနှင့် ဖွဲ့စည်း၍မရသော ပကတိအလှအပဆုံးသောအရာ၊ တုနှိုင်းမဲ့သော အလှအပသိမ်မွေ့မှုတို့နှင့် ဖွဲ့သီအပ်သောအရာ၊ ပကတိ ရိုးသားမှု ထိန်ဝှက်မှု ကင်းစင်သောဖြူစင်မှုအပေါ် အခြေတည်၍ သစ္စာတရားနှင့်သာ အမိုးဖြတ်ရယူထားသော အရာတစ်ခုသာဖြစ်သေသည်ဟု မှတ်ယူထားသောသူများ ဖြစ်သည်။

www.burmeseclassic.com



## (၈)ဂဏန်းသမား(၃)မျိုး

**❖ မည်သည့်အင်္ဂလိပ်လတွင်မဆို (၈)ရက်နေ့တွင်** မွေးသောသူများကို "The Versatile Lovers" များဟု သတ်မှတ်သည်။ အချစ်ကျွမ်းကျင်သူများဟု သတ်မှတ်သည်။ ချစ်သူအတွက် အရာရာကို ပေးစွမ်းနိုင်သော သူများဖြစ်သည်။ ချစ်သူက တောင်းဆိုလာမှုများကို အဖက်ဖက်မှ ဖြည့်ဆည်းပေးသည်။ အပြန်အလှန်နားလည်မှုအပေါ် ဦးစားပေးသောသူများ ဖြစ်သည်။

ချစ်သူအား အရိပ်တကြည့်ကြည့်နှင့် လိုအပ်သမျှ ဖြည့်ဆည်း ပေးလိုသည်။ ပင်ကိုသဘာဝတွင် အချစ်အပူသောကကို ခံယူလိုသူများမဟုတ်။ ချစ်သူတွဲဖက်မှုသည်သာ မှန်ကန်သောအချစ်စံချိန်၊ စံညွှန်းဖြစ်သည်ဟူသော အချစ်ဝါဒကို ပိုင်ဆိုင်သည်။ သာသောသူကိုမမက်၊ ငွေနောက်လည်း မလိုက်။ ဂုဏ်နောက်လည်းမပါ။ ကြင်နာခြင်း၊ သနားခြင်းလည်းမပါ။ အပြန်အလှန်ပေးဆပ်မှု Body ရုပ်ခန္ဓာက Mind အသိနှင့် ဉာဏ်စေစားမှု Soul နာမ်ဝိညာဉ်၊ Harmony သဟဇာတဖြစ်ခြင်း၊ အပြန်အလှန် ကိုက်ညီမှုရှိသည်ကိုသာ မေတ္တာအချစ်ဖြစ်သည်ဟု သတ်မှတ်ကာ ချစ်တတ်သူများ ဖြစ်သည်။

**❖ မည်သည့်အင်္ဂလိပ်လတွင်မဆို (၂၆) ရက်တွင်** မွေးသောသူများကို "The Earthly Lovers" ဟု သတ်မှတ်သည်။ သဘာဝကျသော၊ ကမ္ဘာမြေကြီးဆန်သော အချစ်ပိုင်ရှင်များဟု သတ်မှတ်သည်။ တည်ငြိမ်သောမေတ္တာ၊ မပြောင်းမလဲသော အချစ်ကိုပိုင် ဆိုင်ထားသောသူများ ဖြစ်သည်။ သည်းခံမှုအပေါင်း၊ ပေးဆပ်မှုအပေါင်း၊ မညည်းတမ်း တာဝန်ထမ်းဆောင်မှုနှင့် ခွင့်လွှတ်ခြင်းကို ပိုင်စိုးထားသော ကမ္ဘာမြေကြီးအလား ချစ်တတ်သောသူများဟု လည်းဆိုသည်။ အမုန်းမရှိသော နှလုံးသားပိုင်ရှင်များဖြစ်သည်။ လူတစ်ဦး တစ်ယောက်အားချစ်တတ် ပြီဆိုက အလေးထား၍ သံယောဇဉ်နှောင်ဖွဲ့သည်။ မိမိအပေါ်ကောင်းသည်၊ ဆိုးသည်မရွေး တစ်သမတ်တည်း မပျက်သောမေတ္တာနှင့် တည်ငြိမ်စွာ ခွင့်လွှတ်တုံ့ပြန်သည်။ ပူလောင်မှုကင်းမဲ့သည့် ပေးဆပ်သော နှလုံးသားကို ပိုင်ဆိုင်သည်။ ကိုယ်ကသာ အနစ်နာခံပေးဆပ်သည်။ အချစ်အတွက် အရာရာကို ပေးစွမ်းသည့်ချစ်သူအပေါ် ထာဝရအလိုလိုက် အကြိုက်ဆောင်သူများ ဖြစ်သည်။ သူချစ်ကိုသာ ဦးစားပေးသည်။ ထာဝရအေးချမ်း ငြိမ်းချမ်းသောချစ်ခြင်းမေတ္တာဖြင့် ထာဝရအကျိုး ခံစားရမည့်သူများ ဖြစ်သည်။ စစ်မှန်ပေးဆပ်၍ အေးချမ်းသောမေတ္တာကြောင့် ကောင်းသောအိမ်ထောင်ကို ရရှိမည်။ ရည်းစားထားမှုကိုလည်း လူငယ်သဘာဝလုပ်ဆောင်ရမည့် ရင်ခုန်မှုဟုလည်း မသတ်မှတ်။ ချော့လိုက်၊ စိတ်ကောက်လိုက်နှင့် လုံးလည်ခတ်နေသော အကြောင်းအရာများပေါ်၌ သာယာတတ်သော သူလည်းမဟုတ်။ အေးတိအေးစက်နေရာမှ နှလုံးသားမှ တစ်စတစ်စ ရင်းနှီးလာသော မေတ္တာအပေါ်အချစ်ဟူ၍ သတ်မှတ်ကာ နှစ်နှစ်ကာကာ နားလည်မှုအပြည့်နှင့် ပေးစွမ်းတတ်သောမေတ္တာတရားကို ပိုင်ဆိုင်သူများ ဖြစ်သည်။ အခြားသောသူများကဲ့



www.burmeseclassic.com

www.burmeseclassic.com

သို့ ချော့လိုက်၊ မြှူလိုက်၊ ကျီစယ်ကလူလိုက်နှင့် နေတတ်သူ မဟုတ်သည့်အပြင် အချစ်နှင့်ဘဝ တာဝန်လုပ်ဆောင်ရမည့်အပေါ် ခွဲခွဲခြားခြားသတ်မှတ်ထားသူများဖြစ်ပေရာ ချစ်သူက ဂရုမစိုက်အလေးမထားဟု အမြဲပြစ်တင် ဝေဖန်ခံရမည့်သူများ ဖြစ်သည်။ အချော့ခံလို၍စိတ်ကောက်သည့်အပေါ်လည်း နားမလည်သဝန်တို၍ အရွဲ့တိုက်ပြောဆိုခြင်းကိုလည်း သဘောမပေါက် အချစ်မာယာနှင့်အလွန် မနီးစပ်သောသူများ ဖြစ်သည်။ အချစ် ''ဒုံး''ဝေးသူများလည်း ဖြစ်သည်။ စိတ်ကစားမှုနည်းပါး၍ အချစ်ဘဝကို ဖြတ်သန်းမည့်သူများ ဖြစ်ပေသည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၁၇)ရက်**နေ့တွင် မွေးသောသူများကို "The Consistent Lovers" များဟု သတ်မှတ်သည်။ မိမိဘဝရည်မှန်းချက်များ၊ ဗီဇသဘာဝနှင့်ထပ်တူ ကိုက်ညီသောသူများအား ချစ်သူအဖြစ်သတ်မှတ်ကာ ဘဝအဖော်မွန်ရွေးချယ်သော သူများဖြစ်သည်။ သမမျှတသော အချစ်သမားများဟုလည်း သတ်မှတ်သည်။ အေးအေးချမ်းချမ်းနှင့် အပြန်အလှန်နားလည်သဘော ပေါက်မှုအပြည့်ရှိသော ပါရမီဖြည့် ဖက်ကိုလိုလားသည်။ ဆိုးတူကောင်းဖက် လောကဒဏ်ကိုရင်ဆိုင် ဝံ့သောသူများကိုသာ ရွေးချယ်သည်။ အတူတကွလက်တွဲနေသော ဝန်းကျင်မှသူတို့ကိုမှ သံယောဇဉ်နှယ်ငြိကာ ချစ်တတ်သောသူများ ဖြစ်သည်။ အချစ်အတွက် အရာရာကို ပေးဆပ်တတ်သည်။ လေးနက်စွာချစ်တတ်သည်။ ၅၂၈ မေတ္တာမှ တစ်စတစ်စ ၁၅၀၀ သို့ ကူးပြောင်းသော မေတ္တာအမျိုး





အစားကို ပိုင်ဆိုင်သည်။ သွားအတူ လာအတူ တစ်ထပ်တည်းကျနေသော ကိုက်ညီ(၈)ဂဏန်းသမား အားလုံးတို့ကို အချစ်စံပြပုဂ္ဂိုလ်များဟု သတ်မှတ်သည်။ စစ်မှန်သော ချစ်ခြင်းမေတ္တာကို လမ်းပြနိုင်သော The Ways Shower များဟု သတ်မှတ်သည်။



www.burmeseclassic.com



**ဖူးစာကံ**

(၈)ဂဏန်းသမား(၃)မျိုးတို့၏ ဖူးစာကံအနေအထား ကံဆုံမည့်သူများ၊ မိမိအား အသည်းခွဲမည့်သူများကို အသေး စိတ် တင်ပြရသော်....

**(၈)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၂၃၊ ၂၄၊ ၂၆) ရက်**တွင် မွေးသောသူများသည် Soul Mate ဝိညာဉ်ချင်း ပေါင်း စည်းဆက်နွယ်ခွင့်ရှိသော ထူးခြားသည့်အပြန်အလှန် ပါရမီ ဖြည့်ဖက်များ ဖြစ်သည်။

(၁၀၊ ၂၀၊ ၂၈)ရက်နေ့တွင် မွေးသောသူများနှင့် ပူးပေါင်းတွဲဖက်၍ အပြန်အလှန်နားလည် သဘောပေါက် မည်။ ကံပွင့်လာဘ် ပွင့်စေမည်။

(၉၊ ၁၆၊ ၂၂)ရက်နေ့တွင် မွေးသောသူများသည် မိမိနှင့် ဆုံစည်းကိန်းမရှိ။ စိတ်ညစ်စရာများ ကြုံမည်။ သောကပွေမည်။

**(၁၇)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၂၆၊ ၂၇၊ ၂၈)ရက်** တွင် မွေးသောသူများနှင့် ရေရှည်လက်တွဲ၍ ကောင်းသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုမည်။ Soul Mate ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွယ်ခွင့်ရှိသောသူ များ ဖြစ်သည်။

သင့်မွေးရက် နှင့် အချစ်ရေးကံကြမ္မာ

(၅၊ ၂၈)ရက်နေ့တွင် မွေးသောသူများနှင့် အသင့် အတင့်ကောင်း ကျိုးပေးမည်။ ခေတ္တယာယီကွဲကွာ သွား တတ်သည်။ ပြီးမှပြန်လည် ဆုံစည်းမည်။

(၃၊ ၇၊ ၁၇)ရက်တွင် မွေးသောသူများနှင့် ပဋိပက္ခ ဖြစ်မည်။ မိမိနှင့် အဆင်မပြေခြင်းမရှိ၊ ဆုံစည်းကိန်းလည်းမရှိ၊ မိမိအား အသည်းခွဲမည့်သူများ ဖြစ်သည်။

**(၂၆)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်လတွင်မဆို (၇၊ ၁၀၊ ၁၁) ရက်**တွင် မွေးသော သူများနှင့် မိတ်ဖက်ကျသည်။ အပြန်အလှန်ပေး ဆပ်နား လည်မှုရှိမည်။ ကံချင်းညီညွတ်မည်။ အတိတ် ကာလမှပင် ပါရမီချင်းဆက်စပ်ညီညွတ်မှုရှိသော Soul Mate များ ဖြစ်သည်။

(၁၆၊ ၂၁၊ ၂၇)ရက်တွင် မွေးသောသူများနှင့် အသင့် အတင့် ကောင်းကျိုးပေးမည်။ ခေတ္တယာယီကွဲကွာသွားပြီးမှ ပြန်လည်ဆုံစည်းနိုင်မည်။

(၄၊ ၁၈၊ ၂၉)ရက်နေ့တွင် မွေးသောသူများနှင့် အယူ အဆ သဘာဝကွာခြားသည်။ အကျိုးမပေး၊ ပူးပေါင်း၍ လည်း စိတ်အနှောင့်အယှက် ဖြစ်တတ်သည်။ လာဘ်ပိတ် မည်။ မိမိအား အသည်းခွဲမည့်သူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


## အချစ်ကံကြမ္မာ

**(၈)ဂဏန်းသမားအားလုံးအတွက်**

နှစ်စဉ်နှစ်တိုင်းတွင် ဒီဇင်ဘာ ၂၁ မှ ဇန်နဝါရီ ၂၀ ကြားကာလများသည် အချစ်ရေးကံကောင်းသောရက် Lucky Periods များဖြစ်ပါသည်။

အထူးသတိပြုရန်မှာ

နှစ်စဉ်နှစ်တိုင်းတွင်

- Jan 20th မှ Feb 19th ကြား
- July 21st မှ Aug 21st ကြား

ကာလများသည် ကောင်း လျှင် အထူးကောင်းသလို၊ ဆိုးလျှင်လည်း အထူးဆိုးတတ်သည်။ ချစ်သူအပေါ် သစ္စာမဲ့သော အကြောင်းအရာ ကျူးလွန်က အချစ်ကံခေသော အနေအထားသို့ ရောက်ရှိသွားနိုင်သော အနေအထား ရှိသည်။





တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့များသည် (၈)ဂဏန်း သမားများအားလုံးအတွက် အချစ်ကံကောင်းစေသော "Lucky Days" များဖြစ်ပါသည်။

(၈)ဂဏန်းသမား (၃)မျိုးအလိုက် ဝိသေသကံထူးရက်များသည်ကား တနင်္လာနေ့များသည် (၈)ရက်နေ့တွင် မွေးသောသူများအတွက် အချစ်ကံကောင်းသောရက်ဖြစ်သည်။

ဗုဒ္ဓဟူးနေ့သည် (၁၇)ရက်နေ့ တွင်မွေးသောသူများအတွက် အချစ်ကံကောင်းသောရက်ဖြစ်သည်။

သောကြာနေ့သည် (၂၆)ရက်နေ့တွင် မွေးသောသူများအတွက် အချစ်ကံကောင်းသောရက် ဖြစ်သည်။

(၈)ဂဏန်းသမား အားလုံး အတွက် လစဉ်လတိုင်းတွင် အချစ် ကံခေရက်များရှိသည်။ ထိုရက်များတွင် အချစ်ရေးဆိုက ခါးသီးစွာ ငြင်းပယ်ခံရသည်။ အချစ်ကို အသိအမှတ်ပြုခြင်းမရှိ။ ချစ်သူနှင့် ပဋိပက္ခဖြစ်က ဖြေရှင်းရန်ခက်ခဲမည်။ ပြန်လည်ပေါင်းစည်းရန် ခက်ခဲသည်။ အချစ်ကံခေရက်များသည်ကား....

(၈)ရက်နေ့တွင် မွေးသောသူများသည် လစဉ်လတိုင်းအတွက် (၄၊ ၂၆၊ ၂၉)ရက်နေ့များသည် အချစ်ရေးကံအညံ့ကြုံမည်။

(၁၇)ရက်တွင် မွေးသောသူများသည် လစဉ်လတိုင်း၏ (၃၊ ၇၊ ၁၇)ရက်နေ့များတွင် မေတ္တာရေးကံခေတတ်သည်။

(၂၆)ရက်နေ့တွင် မွေးသောသူများသည် လစဉ်လတိုင်းတွင် (၇၊ ၁၆၊ ၂၁)ရက်နေ့များသည် အချစ်ရေးကံခေသောရက်များဖြစ်သည်။ အချစ်ရေးတွင် စိတ်အနှောင့် အယှက်ကြုံမည်။

www.burmeseclassic.com

www.burmeseclassic.com



## ချစ်နိမိတ်ဒဏ္ဍာရီ

(၈)ဂဏန်းသမားတို့၏ အချစ်ကံကြမ္မာသည် ရောမ၊ ခေါ်မတို့၏ မိုက်သိုလော်ဂျီ Mythology ဟုခေါ်သော ဒဏ္ဍာရီအနက်မှ နတ်ဒေဝတာတို့၏ ဒဏ္ဍာရီမှ စနေ ဂြိုဟ်နတ်မင်း၏ ဒဏ္ဍာရီဖြစ်ရပ်ဖြင့် ဖော်ကျူးသည်။

ရောမတို့က စနေဂြိုဟ် နတ်မင်းကို ''စေတန်'' ''Saturn'' ဟူ၍ ခေါ်၏။ ဂရိတို့က ''ခရိုးနော့စ်'' ''Cronos'' ဟူ၍ခေါ်ယူသည်။ ရှေးဟောင်းဒဏ္ဍာရီတို့တွင် အထင်ရှားဆုံး၊ အထက်မြက်ဆုံး၊ တန်ခိုးအထွားဆုံးသော နတ်ဒေဝီဖြစ်သည်။ နတ်တို့၏ကေရာဇ် ''ဇု'' နတ်မင်းကြီးအပါအဝင် အထက် မြက်ဆုံးသော နတ်ဒေဝတာအား လုံးတို့၏ဖခင်ဖြစ်သည်။''Cronos'' ''ခရိုးနော့စ်''ဟူသောအမည်အနက် အဓိပ္ပာယ်သည် ''Time''ဟု အနက် ရှိ၏။ အချိန်ကာလကို သတ်မှတ်သော နတ်မင်းဟူ၍ဆိုသည်။ ရှိရှိသမျှသော အရာအားလုံးတို့၏ စတင်ခြင်းနှင့် ချုပ်ငြိမ်းခြင်း၊ လူ သားတို့၏ ရှင်သန်ခြင်းနှင့်သေဆုံးခြင်း၊ အလုံးစုံသော ရှည်လျားသည့် အချိန်ကာလကို အမိန့်ပေးစေစား ပိုင်ဆိုင်သော နတ်ဒေဝီဖြစ်သည်။ ''သေစေ၊ ရှင်စေ၊ ပျက်စေ၊ ဖြစ်စေ''၊ ''သက်တမ်းတိုစေ၊ ရှည်စေ'' ဟူသော အချိန်ကာလကို ပိုင်ဆိုင်သည်။ နှလုံးသားအေးစက်သည်။ ခံစားချက်ကို ဦးစားမပေး။ ယတိ ပြတ်ဆုံးဖြတ်ထားသည့် အပေါ် အပြီးသတ်အောင် လုပ်တတ်သောသူများ ဖြစ်သည်။ အချစ်ဆိုသောအရာသည် တန်ဖိုးအကြီးမားဆုံး အရာဖြစ်






သည်။ လူသားများကဲ့သို့ ဖောက်ပြန်ပြောင်းလဲတတ်သော သတ္တဝါတို့တွင် အချစ်ဆိုသောအရာကို ပိုင်ဆိုင်ခွင့်မရှိစေရဟု သတ်မှတ်သည်။ အချစ်ဆိုသော အရာမရှိသော အချစ်မဲ့ကမ္ဘာကြီးကို ဖန်ဆင်းခဲ့သူဖြစ်သည်။ နတ်ဒေဝတာတို့သည်လည်း အိမ်ထောင် တစ်ဆက်တည်းသာ ပြုရမည်။ တစ်ဆက်ထက်ပို၍ အိမ်ထောင်ပြုခွင့်မရှိဟူသောဝါဒကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။

**မိန်းမများသောဖခင်အတွက် စိတ်ဆင်းရဲရသူ**

စနေနတ်မင်း ''စေတန်''၊ ''ခရိုးနော့''သည် မဟာစကြဝဠာကြီးအား ဖန်ဆင်းသော ''ဂီရာ'' ''Gaea'' ကမ္ဘာမြေ နတ်သမီးနှင့် ကောင်းကင်နတ်မင်းကြီးဖြစ်သော ''ယူရေး



www.burmeseclassic.com

www.burmeseclassic.com



နပ်စ်'' ''Uranus''တို့မှ မွေးဖွားသောသူများအနက် အငယ်ဆုံး၊ အထွေးဆုံးသော သားဖြစ်သည်။ စွမ်းအားကြီးသော ''တိုက်တန်များ'' အနက် စွမ်းအားအကြီးဆုံးဖြစ်သည်။ ဖခင်မိုးနတ်မင်းကြီး ''ယူရေးနပ်စ်''၏မျက်နှာများမှုအပေါ် မိခင်ဖြစ်သော ''ဂီယာ''နှင့်တကွ ခံစားခဲ့ရသည်။ သူ့ဘဝတွင် အိမ်ထောင်တစ်ဆက်တည်းပြုမည်ဟု ဖခင် ''ယူရေးနပ်စ်'' ကို ဖယ်ရှားပြီး နတ်တို့၏ကောရာဇ်အဖြစ် တက်ရောက်စဉ် မိခင်ဖြစ်သူကို ကတိပေးပြီးဖြစ်သည်။ ကမ္ဘာမြေနတ်သမီး ''ရီရာ'' ''Rhea'' နှင့် လက်ထပ်သည်။ ''ရောမ'' ''ဒေါမ'' တို့၏ ''မိုက်သော်လော်ဂျီ'' ''Mythology'' ဒဏ္ဍာရီပုံပြင်များတွင် ''စေတန်'' ''ခရိုးနော့'' သည် ဘဝတစ်ခု၌ အချစ်တစ်ခုနှင့်အိမ်ထောင် တစ်ခုတည်းသာပြုခဲ့သည်။ တစ်ယောက်တည်းချစ် တစ်ဦးတည်းကိုသာ ထိမ်းမြားလက်ထပ်သူအဖြစ် စံထားတွေ့ရှိရသည်။ ''စေတန်'' ''ခရိုးနော့''မှတစ်ပါး အခြားနတ်သားတို့အနက် နတ် သားကြီးငယ် နတ်ပေါက်စမကျန် အိမ်ထောင်နှင့် အချစ်ဇာတ်လမ်း များပြားရှုပ်ထွေးလှကုန်၏။ ဤ အရာကို အကြောင်းပြု၍ စေတန်၏ကိုယ်ပွားဟု သတ်မှတ်ခံရသော ''(၈)ဂဏန်းသမားတို့သည် ပထမဦးဆုံးသောချစ်သူသည် နောက်ဆုံးသော ချစ်သူဖြစ်ရမည်။ အိမ်ထောင်ပြုသူသည်လည်း ထိုချစ်သူပင် ဖြစ်ရမည်။ ထပ်မံအိမ်ထောင်ဆက်ထားခြင်းလည်းမရှိ။ တစ်ဦးတစ်ယောက်လျှင် တစ်ယောက်ဆိုသလို သစ္စာစွဲမြဲသော အချစ်ဘဝကို တည်ဆောက်လိုသောသူများ ဖြစ်ပေသည်။

သင့်မွေးရက် နှင့် အချစ်ရေးကံကြမ္မာ

**မျက်နှာများမည့်သူအား ဝါးမျို စားသောက်ပစ်ခြင်း**

''စေတန်'' ''ခရိုးနော့''သည် ကိုယ်တိုင်သည်လည်း တစ်ဦးဆိုတစ်ဦး ''ဂီယာ''တစ်ယောက်တည်းအား အိမ်ထောင်ပြု၏။ မျက်နှာများသည့် အိမ်ထောင်သည်များအား နေထိုင်မှုသက်တမ်းကို ဖျက်သိမ်းပစ်သည်။ ရပ်ဆိုင်းပစ်သည်။ ကိုယ်တိုင်၏သွေးသား သားသမီး အရင်းကိုပင် ဝါးသည်ဟု စကား တင်းပြော၏။ ချောက်ချလိုသော စေတန်ကို ပျက်စီးစေလိုသောနတ်တို့က ဇနီးဖြစ်သူကို ဖြားယောင်း၍ အကြင်နာမဲ့သော ယောကျ်ားသား သမီးတို့ကိုဝါးမျိုသည်ဟု''ခရိုးနော့''ကိုပြောကာ နားယောင်စေ၏။

''အကြင်နာမဲ့သောသူ၊ သားသမီးအရင်းကို ဝါးမျိုပစ်သူ၊ လင် စိတ်မရှိ၊ ဖခင်စိတ်မရှိသူ၊ ကိုယ့်အမိန့် ကိုယ့်အာဏာကိုသာ တန်ဖိုးထားသူ၊ အချစ်မဲ့သူ''ဟူ၍ နတ်ဆိုးတို့က ဝေဖန်ပြောဆိုကြကုန်၏။ ''ဤသို့သော ဒဏ္ဍာရီသမိုင်းကြောင်းအရ စေတန်အား ကိုယ်စားပြုသော (၈) ဂဏန်းသမားတို့သည် အမှန်အတိုင်းလုပ်ခြင်း၊ မျက်နှာ မလိုက်ခြင်း၊ ကိုယ်ပြောသောစကား၊ ကိုယ်လုပ်သော အလုပ်အပေါ် တာဝန်သိခြင်းအပေါ် အိမ်ထောင်ဖက်ကဖြစ်စေ၊ ချစ်သူကဖြစ်စေ၊ အတ္တကြီးသည်ဟူ၍ အထင်အမြင်ခံရလေ့ရှိသည်။

**ရွှေခေတ် သို့မဟုတ် အချစ်မဲ့ လူ့လောက**

ရောမ၊ ဒေါမ ဒဏ္ဍာရီတို့တွင် ''ရွှေခေတ်'' ''Golden Age'' ဟူ သောခေတ်တစ်ခု ရှိခဲ့၏။ ရွှေခေတ် သည်ကား လူသားတို့ ယနေ့ထက် တိုင် တသသဖြစ်နေသော ခေတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်သည်။ စေတန်အုပ်ချုပ် သောကာလ လူသားတို့ ကမ္ဘာကို ''ရွှေခေတ်'' ''Golden Age''ဟု ခေါ်သည်။ ရွှေခေတ်ကာလသက်တမ်းတွင် ကမ္ဘာလောကကြီးသည် အံ့ဘနန်းဖြစ်၏။ လှပသော မိုးကောင်းကင်သည် ငြိမ်းချမ်းသော ရာသီဥတုကို ဖြစ်စေသည်။ ထာဝရအေးချမ်းသော ရာသီဥတုက ကမ္ဘာပေါ်လွှမ်းမိုးသည်။ လင်းလက်သော နေရောင်သည် ကမ္ဘာကို မစူးရှ။ တိုက်ခတ်သောလေသည် လေရူးလည်း မဟုတ်၊ လေပြင်းလည်းမဟုတ်။ မွှေးရနံ့ထုံသော လေနုအေးဖြစ်၏။ စီးဆင်းနေသော စမ်းချောင်းတို့သည်လည်း ချိုမြသောပိုင်တစ်ဖက်၊ ကြည်လင်အေးသော ရေတစ်ဖက်နှင့် တသွင်သွင်စီး၏။ သစ်ပင်တို့၌ လိုသောအခါ အချိန်မရွေး ပန်းများကိုရနိုင်၏။ သစ်သီးများကို ဆွတ်ခူးနိုင်၏။ ရှိရှိသမျှသောလူတို့သည် အပြစ်ကင်းကုန်၏။ ကောက်ကျစ်စဉ်းလဲမှုမရှိ။ ခန္ဓာကိုယ်ပြင်းထန်စွာ လှုပ်ရှားရခြင်းမရှိ။ အလိုရှိချိန် ဆန္ဒရှိသည်သာ စားသောက်ရုံသာ။ လောဘလည်း မရှိ။ ဒေါသလည်းမရှိ။ ပကတိသစ္စာနှင့် လူသားများသာ ရှိ၏။ တေးဂီတ မရှိ။ လူတို့ဖန် ဆင်းသော တေးဂီတ မရှိ။ လူတို့ ဖန်ဆင်းသောတေးဂီတတို့ထက် သစ်ရွက်လှုပ်သံ၊ ကျေးငှက်သံတို့သာ ရှိ၏။ လူသားတို့ ဖန်တီးသော ပန်းချီထက်လှပသော အရာများကို ဖန်တီးထား၏။ ရှိရှိသမျှအရာတို့သည် လက်ရာမြောက်သော ပန်းပုထက်သာ၏။ မိန်းမ မရှိ။ မိန်းမသားဟူ၍ မရှိ။ ဖိုယောကျ်ားများသာ ကမ္ဘာပေါ်တွင်ရှိ၏။ အချစ်ဟူ၍လည်း မရှိ။ ဖိုမအချစ်ဟူသော ပူလောင်သော အချစ်သည် စိုးစဉ်း မျှမရှိ။ ငြူစူသော၊ ဒုက္ခပေးသော၊ မနာလိုသော၊ သဝန်တိုသော၊ အလို လောဘကိုဖြစ်စေ



သော၊ စိတ်မိုက်ဖြစ်စေမှုကို တိုက်တွန်းစေသော အချစ်၊ မိန်းမရှိသော ကမ္ဘာကြီးကို ကင်းစေ၍ ပိုင်ချိုသောက်လိုက်၊ လိုရာဆွတ်ယူလိုက်နှင့် မိန်းမမဲ့လူ့ ကမ္ဘာလောကကြီးအား ရွှေခေတ်ဟူ၍ ခေါ်၏။ ဤသို့ အနုပညာမဲ့ အချစ်မဲ့ တစ်ခြမ်းပဲ့ ကမ္ဘာကြီးအား ဖန်ဆင်းသူကား ''စေတန်'' ဖြစ်ပေသည်။ နတ်တို့ဘုံ၌ နတ်ဖိုမရှိလင့်ကစား ကမ္ဘာလောက၌ မိန်းမမဲ့သောကမ္ဘာကြီးကို ဖန်ဆင်းခဲ့သည်။ ''စေတန်''ကို ကိုယ်စားပြု သော (၈)ဂဏန်းသမားတို့သည် အထီးကျန်အပျိုကြီး၊ လူပျိုကြီးဘဝ ရောက်ကုန်သည်။ အချစ်ရှာခြင်းသည် မကောင်း၊ ရည်းစားထားခြင်းသည် အပူရှာသည်။ အချစ်ဆို သောအရာသည် ရှုပ်ထွေးခြင်းကို ဖြစ်စေသည်ဟူသော အတွေး။ ''Golden Age'' အတွေးပိုင်ရှင်များအဖြစ် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကြင်နာတတ်သောစေတန်

လူသားတို့အား ချစ်ခွင့်မပေးသော ''စေတန်''ကိုပင် ကြင်နာတတ်သောသူ၊ လူ့ကမ္ဘာအား အသာယာဆုံးနှင့် အပွင့်ဖြိုးဆုံးကို ဆောင်ကြဉ်းပေးနိုင်သူဟူ၍ သတ်မှတ်သည်။ ရောမတို့သည် ယခု ကာလပြက္ခဒိန်အလိုအရ ဒီဇင်ဘာ ၂၅ ရက်နေ့ကို ရှေးခေတ်ကာလ အဆက်ဆက်၌ စေတန်နတ်မင်း၏ ဂုဏ်ကျေးဇူးအား ပူဇော်သောနေ့ဟု သတ်မှတ်သည်။ စေတန်ကို ''စန်တာနာလီးယား'' ''Saturnalia'' ဟူ၍ သတ်မှတ်ကာ ထိုပွဲတော်ကို ''စန်တာနာလီးယား'' ပွဲတော်ဟူ ၍ခေါ်သည်။ ''စေတန်''ခေတ်ကာလမှ လိုရာဆွတ်ယူ စားသုံးနိုင်သော ထင်းရှူးပင်ကဲ့သို့သစ်ပင်ကိုလည်း အစားအသောက်များ၊ ရုပ်ဝတ္ထုများချိတ်ကာ ''စန်တာနာလီးယား လိုတရပဒေသာပင်'' ''Saturnaliatree''ဟူ၍ သတ်မှတ်သည်။ အဝတ်နီဝတ်၊ ဦးထုပ်ဖြူနှင့် အလွန်သဘောကောင်းသော လူဝကြီးကိုလည်း ပုံဖော်သည်။ ''စန်တာနာလီးယား'' နေ့ဝန်းကျင်တွင် လူသားတို့အား လိုက်လံကြည့်ရှုကာ ကျောတွင်ပိုးထားသောအထုပ်ထဲမှ လက်ဆောင်ပစ္စည်းတို့အားပေး၏။ ဤဒဏ္ဍာရီကိုအကြောင်းပြု၍ (၈)ဂဏန်းသမားတို့သည် သူတစ်ပါးကို အားပေးတတ်သည်။ အားနာတတ်သည်။ ချစ်သူကို အမှတ်တရဖြစ်သည်။ ချစ်သူ၏ လိုအပ်ချက်များကို အမြဲဖြည့်ဆည်း ပေးသူဖြစ်သည်။

(၈)ဂဏန်းသမား အားလုံးတို့အတွက် မည်သည့်လတွင်မဆို (၈၊ ၁၇၊ ၂၆)ရက်နေ့တွင် မွေးသူတို့သည် ပုံတွင်ဖော်ပြထားသော အင်္ဂလိပ်(၈)ဂဏန်းပုံကို ဆောင်ယူစေခဲ့သည်။ အဆုံးအစတစ်ခုနှင့် တစ်ခုကိုတွဲ၍ ဖဲကြိုးနှင့်ပြုကာ ဆောင်သင့်သည်။





(၈)ဂဏန်းသမား အမျိုးသမီးတို့သည် နက်ပြာရောင် ဖဲကြိုးစကို သုံးရမည်။ (၈)ဂဏန်းသမား အမျိုးသားတို့သည်ကား မီးခိုးရင့်ရောင် ဖဲကြိုးကိုသုံးစွဲရမည်။ ပုံဖော်ထားသည်ကို မပျက်အောင် ကတ်ပြားအဖြူပေါ်တွင် ကပ်ထားရမည်။ လူနှင့်အတူ ဆောင်ယူနိုင်ပါသည်။ ထူးထူးခြားခြား ပိယကံကောင်းခြင်းများ ဖြစ်ထွန်းနိုင်ပါသည်။ အမျိုးသမီးတို့သည် စနေနေ့နံနက် (၈) နာရီ(၂၇)မိနစ်တွင် ဆောင်သင့်သည်။ အမျိုးသားတို့သည် စနေနေ့နံနက်(၈)နာရီ(၂၆)မိနစ်တွင် ဆောင်သင့်သည်။ စတင်ဆောင်ယူသော အခါ အင်္ဂလိပ် အက္ခရာ(၈)ဂဏန်းကို အမွှေးနံ့သာဖျန်း၍ ဆောင်ယူသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





## အချစ်နံပါတ်(၉)

မည်သည့်လတွင်မဆို ၉၊ ၁၈၊ ၂၇ ရက်နေ့တွင် မွေးသောသူများကို အချစ်နံပါတ် ၉ သမားများဟူ၍ သတ်မှတ်သည်။

"Mars" မားစ်အချစ်ဟုလည်း ဆိုပြန်သည်။





မည်သည့်အင်္ဂလိပ်လတွင်မဆို (၉၊ ၁၈၊ ၂၇) ရက် နေ့တွင် မွေးသောသူများကို (၉) ဂဏန်းသမားများဟု သတ်မှတ်သည်။ ကောင်းကင်ထက်ရှိ ဂြိုဟ်နိုကြီးဟု သတ်မှတ်သောအင်္ဂါဂြိုဟ် "Mars" မားကို ကိုယ်စားပြုသည်။ အင်္ဂါဂြိုဟ်သည်ကား "God Of war" စစ်နတ်ဘုရားဖြစ်သည်။ ရဲရင့်သည်။ စိန်ခေါ်မှုတိုက်ပွဲအလုံးစုံကို ထာဝရ ရင်ဆိုင် ရှာဖွေနေသူဖြစ်သည်။ "The Warriors" ဘဝ စစ်သည်များဟူ၍ သတ်မှတ်သည်။ မိမိစိတ်ဆန္ဒနှင့် လိုလားချက် အလုံးစုံတို့ကို အလွယ်တကူ ရယူပိုင်ဆိုင်ခွင့်မရှိ။ အခက်အခဲများ၊ ဘဝတိုက်ပွဲများကို ဖြတ်သန်းပြီးမှ အလိုပြည့်စုံသည်။ အချစ်နှင့်ပတ်သက်သော ရေးရာအဖြာဖြာ၌လည်း အလွယ်တကူ ချောချောမွေ့မွေ့ရှိမည်မဟုတ်။ ဘေးစကား၊ သွေးသားအနှောင့်အယှက်များ၊ ချစ်သူနှင့် ဆုံစည်းရန် အရေးနှစ်ဦးကြား တည်ရှိနေသော မီးလျှံများ၊ ဓားတောင်တန်းများနှင့် အလားတူလှသည့် အခက်အခဲများစွာကို ဖယ်ရှားတိုက်ပွဲဝင်ရမည့်သူများ ဖြစ်သည်။ "မားစ်" အင်္ဂါဂြိုဟ်ကို ကိုယ်စားပြုသောသူများဖြစ်ပေရာ "မားစ်" အချစ်ဟုလည်း ဆိုရပေမည်။

(၉) ဂဏန်းသမား အားလုံးတို့သည် အချစ်ကြီးသည်။ အမျက်ကြီးသည်။ အချစ်အတွက် အရာရာကို ရင်ဆိုင်ဝံ့သောသူများ ဖြစ်သည်။ စိုးမိုးလိုစိတ်ကြီးမားသည်။ ကိုယ့်အပေါ် အလေးထားမှု၊ နှစ်သက်မှုကိုလည်း လိုလားသည်။

www.burmeseclassic.com

www.burmeseclassic.com


သဲသဲမဲမဲ မျက်စိစုံမှိတ်၍ ရူးရူးမူးမူးချစ်တတ်သောသူများ ဖြစ်သည်။ ချစ်သူအပေါ် အစွမ်းကုန်အလိုလိုက် အကြိုက်ဆောင်သည်။ ကိုယ့်အပေါ်၌လည်း အလိုရှိရာ အကြိုက်ဆောင်မှုကိုလိုလားသည်။ မိဘပတ်ဝန်းကျင်မှ လက်ခံမှုမရှိသော သူကိုမှရွေး၍ မေတ္တာထားမှုများ ကြုံနိုင်သည်။ အချစ်ကံကောင်းသော (၉)ဂဏန်းသမားဟူ၍ တွေ့ရန်ခဲယဉ်းသည်။ အခက်အခဲ၊ အနှောင့်အယှက်များ စိတ်သောကဖြစ်စရာများ၊ ဘဝနှင့်ရင်း၍ ပေးဆပ်ပြီးမှ အဆင်ပြေသော မေတ္တာရေးအား ပိုင်ဆိုင်ရမည့်သူများဖြစ်ပေသည်။ အချစ်ကို အလွန်ဦးစားပေးသော လူသားများဟု ကျမ်းဂန်အသီးသီးတွင် ဆိုရိုးရှိသည်။

## (၉)ဂဏန်းသမား(၃)မျိုး

(၉)ဂဏန်းသမား (၃)မျိုး ရှိသည်။ ၎င်းတို့မှာ

မည်သည့် အင်္ဂလိပ်လတွင်မဆို (၉)ရက်နေ့တွင် မွေးသောသူ (၉)ဂဏန်းသမားများ

မည်သည့် အင်္ဂလိပ်လတွင်မဆို (၁၈)ရက်နေ့တွင် မွေးသော (၉)ဂဏန်းသမားများ

မည်သည့် အင်္ဂလိပ်လတွင်မဆို (၂၇)ရက်နေ့တွင် မွေးသော (၉)ဂဏန်းသမားများဟူ၍ ခွဲခြားထားသည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၉)ရက်** နေ့တွင် မွေးသောသူများကို "The Intense Lovers" များဟု သတ်မှတ်သည်။ လွန်လွန်ကဲကဲ ပြင်းပြင်းထန်ထန် ချစ်တတ်သည်။ ခံစားချက်ပြင်းပြစွာနှင့် ရင်ထဲအသည်းထဲမှ ကတုန်ကယင် ချစ်တတ်သောသူများ ဖြစ်သည်။ အချစ်ကြီးမှု၊ အစွန်းရောက်အောင် ချစ်တတ်မှုများကြောင့် စိတ်အနှောင့်အယှက် မကြာခဏဖြစ်မည်။ အချစ်ခံရသူပင်လျှင် မိမိ၏ အကဲပိုမှုအပေါ် စိတ်ငြီးငြင်လာတတ်သည်။ ၎င်းအပြင် ချစ်တတ်လွန်းသောသဘာဝကို အခွင့်ကောင်းယူ၍ အနိုင်ယူ စိုးမိုးကာ ရုပ်သေးရုပ်သဖွယ် လိုရာကြိုးဆွဲ၍ ခဝပ်ညွတ်တွားသွားအောင် လွှမ်းမိုးချုပ်ကိုင်ခြင်းကို ခံရတတ်သည်။ အချစ်ရေး၊ မေတ္တာရေးလမ်းကြောင်းတွင် နှစ်ကြိမ်ထက်မနည်း အသည်းကွဲခြင်း ကြုံရပေမည်။ အသည်းကွဲပြီးမှ အိမ်ထောင်ရေး ကံကောင်းမည်။ အတိုက်အခံ အခက်အခဲများကြားမှ ဆုံးဖြတ်ရမည်။ အတင်းအကျပ် စီမံရခြင်းမရှိ။ မိသားစု၊ ပတ်ဝန်းကျင်မှစီမံ၍ အိမ်ထောင်ကျ ခြင်းမရှိ။ ကိုယ်တိုင်ကိုယ်ကျ စိတ်တိုင်းကျ ရွေးချယ်သောသဘာဝကို ပိုင်ဆိုင်သည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၁၈) ရက်နေ့တွင်** မွေးသောသူများကို "The Critical Lovers" များဟူ၍ သတ်မှတ်သည်။ သဲသဲမဲမဲချစ်တတ်သောသူများ ဖြစ်သည်။ သဲသဲလှုပ်လှုပ်အချစ်ကို ခံစားသူများလည်းဖြစ်သည်။ ချစ်သူအပေါ် မေတ္တာထားလွန်းခြင်း၊ အချစ်ကြီးလွန်းခြင်းကြောင့် တော်ရုံတန်ရုံကိစ္စကိုပင် ခွင့်မလွှတ်နိုင်၊ တစိုးတစေ့မှ အမှားမခံ။ မျက်စေ့အောက်က အပျောက်မခံ၊ ငုံထားမလွှတ် ချစ်တတ်သောစိတ်အပေါ် ချုပ်ချယ်သည်၊ အကဲပိုသည်ဟု ထင်မြင်ယူဆခံရသည်။ "ချစ်သူ" အပေါ် ပတ်ဝန်းကျင်မှ ဝေဖန်ပြောဆိုမှုအား လက်ခံနိုင်စွမ်းမရှိ။ ချစ်သူအပေါ် အဝေ


www.burmeseclassic.com

www.burmeseclassic.com

ဖန်ကင်းအောင် ကာကွယ်ခြင်း၊ တစ်ပါးသူမှ အပြစ်မဖို့နိုင်အောင် အသေးစိတ် ကိုယ်ကဦးဆောင်၊ တစေ့တစောင်း စေ့စေ့စပ်စပ်နှင့် ပြောဆိုတတ်ခြင်းအပေါ် ချစ်သူမှအပြစ်ရှာတတ်သည်။ ဝေဖန်မှုလွန်ကဲသည်ဟု အထင်မှားခံရသည်။ ကိုယ့်အပေါ် လိမ်ညာလှည့်စားသူများနှင့် တွေ့ရတတ်သည်။ သတိပြုရန်မှာ (၁၈) ရက်တွင်မွေးသောသူ အများစုသည် အိမ်ထောင်ရေးလမ်းကြောင်းတွင် တစ်ဦးထက်မကသောသူများနှင့် နွယ်ယှက်ကာ အရှုပ်အထွေး များတတ်သည်။ အပြတ်နိုးဆုံးသူနှင့် ပေါင်းဆုံပြီး ကွဲကွာရကိန်းရှိသည်။

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၂၇)ရက်**နေ့တွင် မွေးသောသူများကို "The Dogmatic Lovers" များဟူ၍ သတ်မှတ်သည်။ ကိုယ်ကသာလျှင် အချစ်ပိုသည်။ ကိုယ်သာလျှင် အချစ်တတ်ဆုံးသူ ဖြစ်သည်။ ကိုယ်သာလျှင် လမ်းမှန်ကမ်းမှန်ချစ်တတ်သည်။ ကိုယ့်အချစ်သည် အနိုင်းမဲ့၊ ယှဉ်နိုင်သူ မရှိသောအချစ်၊ အချစ်နှင့်ပတ်သက်သောကိစ္စမှန်သမျှတွင် အခြားသူမဆိုထားနှင့် ဆွေရင်း၊ မျိုးရင်းသားချင်းများပင်လျှင် ဝင်ရောက်အကြံပေးသည်ကို လက်မခံ။ မှန်ကန်သောအချစ်၊ စစ်မှန်သောအချစ်၊ ကိုယ့်ထက်ချစ်တတ်သူ မရှိဟူ၍ စိတ်အယူသန်သောသူများ ဖြစ်သည်။ အငြင်းသန်ခြင်း၊ တစ်ဖက်သတ်ပြောဆို ခြင်းများကြောင့် ချစ်သူနှင့် ပဋိပက္ခဖြစ်မှုများ ကြုံနိုင်သည်။ အများစုသည် အကြိမ်ကြိမ်အခါခါ အသည်းကွဲပြီးမှ အိမ်ထောင်ရေး အဆင်ပြေမည်။ အဆင်ပြေနေပြီး ကာမှလည်း ရုတ်တရက် ဝေးကွာသွားခြင်း၊ ချစ်သူကပင် ပယ်ထားခြင်း ကြုံရမည်။



**ဖူးစာကံ**

(၉)ဂဏန်းသမား (၃)မျိုး အတွက် ဖူးစာကံ အနေအထား ကံဆုံမည့်သူများ၊ အသည်းခွဲမည့်သူများအား အသေးစိတ် တွက်ချက်တင်ပြအပ်ပါသည်။

**(၉)ရက်နေ့တွင်မွေးသောသူများ**

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၉၊ ၁၈၊ ၂၇)ရက်**နေ့တွင် မွေးသောသူများသည် Soul Mate ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွယ် ခွင့်ရှိသောသူများဖြစ်သည်။ ဖူးစာကံဆုံမည့် အနေအထား အမြင့်မားဆုံးသောသူများပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၄၊ ၁၉၊ ၂၆)ရက်တွင် မွေးသောသူများသည် အလယ်အလတ်ကောင်းကျိုးပေးသော အနေအထားရှိသည်။ ၎င်းတို့နှင့်မေတ္တာမျှက ပထမဦးစွာအခက်အခဲများနှင့် ရင်ဆိုင်ရမည်။ တစ်ဦးနှင့်တစ်ဦး ခေတ္တခွဲခွာရပြီးမှ ပြန်ဆုံရမည်။

(၁၊ ၂၊ ၂၈)ရက်နေ့တွင် မွေးသောသူများနှင့် မေတ္တာကံဆုံစည်းရန် အခွင့်အရေးနည်းပါးသည်။ မိမိအား တစ်မျိုးမဟုတ်တစ်မျိုး ဒုက္ခပေးမည်။ မိမိအား အသည်းခွဲမည့်သူများဖြစ်သည်။

### (၁၈)ရက်နေ့တွင်မွေးသောသူများ

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၉၊ ၂၈၊ ၃၀)ရက်**နေ့တွင် မွေးသောသူများနှင့်ဆုံစည်းရန် အခွင့်အလမ်း အမြင့်မားဆုံးဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုရှိသည်။ ဝိညာဉ်ချင်း ပေါင်းစည်းဆက်နွယ်ခွင့်ရှိသော Soul Mate များ ဖြစ်သည်။

(၁၆၊ ၂၂၊ ၂၉)ရက်နေ့ တွင်မွေးသောသူများသည် မိမိနှင့် အပြန်အလှန်ဆက်နွယ်မှုရှိသည်။ အခက်အခဲအတိုက်အခံများကြားမှ ရွေးချယ်ဆုံးဖြတ်ရသော သဘာဝရှိသည်။

(၁၃၊ ၁၅၊ ၂၆)ရက်နေ့တွင် မွေးသောသူများသည် မိမိအား ကောင်းကျိုးပေးမှုနည်းပါးသည်။ မိမိနှင့်ဆုံစည်းမည့် ကံနည်းပါးသည်။ အခိုက်မသင့်က မိမိအားရသည်ပင် ခွဲသွားမည်။



### (၂၇)ရက်နေ့တွင်မွေးသောသူများ

❖ **မည်သည့်အင်္ဂလိပ်လတွင်မဆို (၉၊ ၁၇၊ ၁၈)ရက်**နေ့တွင် မွေးသောသူများသည် မိမိနှင့်ပေါင်းစည်းဆက်နွယ်ခွင့်ရှိသော Soul Mate များဖြစ်သည်။ ဖူးစာဆုံရန် ကံအမြင့်မားဆုံးသောသူများ ဖြစ်သည်။

(၇၊ ၁၆၊ ၂၃)ရက်နေ့တွင် မွေးသောသူများနှင့် မေတ္တာမျှပါက ခေတ္တယာယီကွဲကွာမည်။ ပြီးမှ ပြန်လည်ဆုံစည်းမည့် အနေအထားရှိသည်။ အနှောင့်အယှက်များကြားမှ ဆုံးဖြတ်ရသော သဘာဝရှိသည်။

(၆၊ ၂၄၊ ၂၉)ရက်နေ့တွင် မွေးသောသူများနှင့် ဆုံစည်းရန် အခွင့်အလမ်းနည်းပါးမည်။ မိမိအား ကောင်းကျိုးပေးမှု မရှိ။ မိမိအား အသည်းခွဲမည့်သူများ ဖြစ်သည်။

## အချစ်ကံကြမ္မာ

(၉)ဂဏန်းသမားများ အားလုံးအတွက်
နှစ်စဉ်နှစ်တိုင်းတွင်

- Mar 20th မှ Apr 20th ကြား
- Sep 21st မှ Oct 27th ကြား

ကာလများသည် အထူးစန်းပွင့်စေသောကာလများဖြစ်သည်။ မေတ္တာရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စများအား ဆောင်ရွက်နိုင်သည်။ အချစ်ကံကောင်းသောလ "Lucky Love Periods"များ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


အင်္ဂါနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့များသည် (၉)ဂဏန်းသမားများအတွက် အချစ်ကံကောင်းသောနေ့ "Lucky Days Of Love"များဟု သတ်မှတ်သည်။ မေတ္တာရေးကိစ္စ၊ အချစ်ရေးကိစ္စများ ဆောင်ရွက်နိုင်သည်။ ချစ်သူနှင့်မိမိအကြား အပြန်အလှန်တိုင်ပင်ညှိနှိုင်းနိုင်မည်။

**(၉)ဂဏန်းသမား (၃)မျိုးအတွက် ဝိသေသကံကောင်း ရက်များသည်ကား....**

(၉)ရက်နေ့တွင်မွေးသောသူများအတွက် (၁၁၊ ၁၅၊ ၁၉၊ ၂၆) ရက်နေ့များသည် ကံကောင်းသောရက်များ ဖြစ်သည်။

(၁၈) ရက်နေ့တွင်မွေးသောသူများအတွက် (၁၁၊ ၁၄၊ ၂၉) ရက်နေ့များသည် ကံကောင်းသောရက်များ ဖြစ်သည်။

(၂၇) ရက်နေ့တွင် မွေးသောသူများအတွက် (၆၊ ၈၊ ၂၅) ရက်နေ့များသည် ကံကောင်းစေသောရက်များ ဖြစ်သည်။

**ချစ်ကံခေရက်များသည်ကား....**

(၉)ရက်နေ့တွင် မွေးသောသူများအတွက် (၃၊ ၁၈၊ ၂၃) ရက်နေ့များသည် ချစ်ကံခေရက်များ ဖြစ်သည်။

(၁၈)ရက်နေ့တွင် မွေးသောသူများအတွက် (၈၊ ၂၀၊ ၂၁)ရက်နေ့များ ဖြစ်ပါသည်။

(၂၇)ရက်နေ့တွင် မွေးသောသူများအတွက် (၅၊ ၁၇၊ ၂၈)ရက်နေ့များ ဖြစ်ပါသည်။



## ချစ်နိမိတ်ဒဏ္ဍာရီ

ခံစားချက်ကင်းမဲ့ အချစ်မဲ့နှလုံးသား အကြင်နာမဲ့ စိမ်းကားခြင်း၊ ထီမထင် ထင်ရာစိုင်းခြင်း အနေအထားမှ အချစ်တတ်ဆုံးသောသူ၊ အချစ်အတွက် အရာရာကို ဆောင်ကြဉ်းသူ၊ ချစ်ခြင်းမေတ္တာကိုဦးစားပေး၍ ဘဝတစ်ခုလုံး ကိုယ်ပိုင်သိက္ခာကိုမငဲ့၊ ပတ်ဝန်းကျင်ကိုထည့်မတွက်၊ မိဘစကားအလေးမထား၊ သဲသဲလှုပ်လှုပ်မိုက်မိုက်ကန်းကန်း အချစ်သူရဲကောင်းကြီးဘဝကို ခံယူသူတို့သည်ကား (၉)ဂဏန်းသမားများပေတည်း။ ဤသဘာဝ ဤစရိုက်ဤကံကြမ္မာအခြေအနေ အလုံးစုံ ဖြစ်တည်မှုသည်ကား "မိုက်သိုလော်ဂျီဒဏ္ဍာရီ"မှ အချစ်တတ်ဆုံးသော "ဗီးနပ်စ်" နှင့် "မားစ်" တို့၏ အချစ်ဇာတ်လမ်းမှ ပေါ်ပေါက်ခဲ့သော ထင်ဟပ်လွှမ်းမိုးဖြစ်တည်စေသည့် ပုံရိပ်ပေတည်း။

"၉" ဂဏန်းသမား အားလုံးတို့သည် "Mars" "မားစ်" အမည်ရှိသော အင်္ဂါဂြိုဟ်မင်းကို သရုပ်ဖော် ကိုယ်စားပြုသူများ ဖြစ် ပေသည်။ "မားစ်"၏ ဘဝဇာတ်ကြောင်းကို စတင်မွေးဖွားသည်မှ တင်ပြရလေသော်....

တစ်ရံရောအခါက ကောင်းကင်ဘုံကိုစိုးမိုးသော "ဇု" နတ်မင်းကြီးသည် "Metis" "မီးတပ်စ်" အမည်ရှိသော နတ်ဒေဝီနှင့် ရည်ငံ၏။ အချစ်ဦးဖြစ်၍ အရှုံးအနိုင်ဖြစ်၏။ "မီးတပ်စ်"တွင် သန္ဓေတည်၏။ ထိုသောအခါ "ဇု"နတ်မင်းကြီး၏ ကမ္ဘာမြေနတ်ဒေဝီ "Gaia" "ဂိုင်ယာ"က ဤသို့ နိမိတ်ဖတ်၏။

www.burmeseclassic.com



သားတော် "ဇု"နတ်မင်းနှင့် "Metis" "မီးတပ်စ်" တို့၏ ပထမသန္ဓေသည် သမီးတော်တစ်ပါး ဖြစ်မည်။ အလွန်ထက်မြက်မည်။ ဒုတိယကလေးကို သားယောကျ်ား မွေးဖွားသော် "ဇု" နတ်မင်းကြီး၏ အရိုက်အရာကို လုလိမ့်မည်ဟု ဆိုလေသော် အလွန်ချောက်ချားသွား၍ သန္ဓေဆောင်လျက်ရှိသော "Metis" "မီးတပ်စ်"ကို ဝါးမျိုပစ်၏။ ဤသို့နှင့် နောက်ပိုင်းတွင် "Metis" "မီးတပ်စ်" နှင့် အချစ်ဇာတ်လမ်း တစ်ခန်းရပ်ကာ "Hera" "ဟီရာ"အား နတ်တို့၏ အရှင်သခင်မအဖြစ် တင်မြှောက်လေသည်။

"ဇု"နတ်မင်းကြီးနှင့် "ဟီရာ" တို့ ပေါင်းဖက်လေသော် သား ယောကျ်ားလေးတစ်ဦး ဦးစွာမွေး ဖွားလေတော့သတည်း။ ထိုသားတော်သည်ကား "Vulcan" "ဘော်လကန်" အမည်ရှိ၏။ "Zeus" "ဇု"နတ်မင်း၏ ဒုတိယမြောက်မွေးသူသည် သားဖြစ်မည်။ ထိုသားသည် နန်းလုလိမ့်မည်ဟူသော မိခင်၏ဟောကိန်းကို စိတ်စွဲနေသည်။ ဟောကိန်းတွင် "Metis" "မီးတပ်စ်"နှင့်ရသော ဒုတိယမြောက်ကလေးမှ နန်းလုမည်ဟု ဆိုခြင်းဖြစ်လင့်ကစား ဟီရာနှင့် မွေးသောဒုတိယသန္ဓေဖြစ်ပြီး သားယောကျ်ားအဖြစ် မွေးဖွားလေရာ အမုန်းစိတ်စွဲဖြင့် မွေးလျှင်မွေးချင်း ခြေအစုံကို ရိုက်ချိုးကန်ကျောက်ပစ်လေသည်။ မိခင်ဟီရာမှ ပင်လယ် သမုဒ္ဒရာအတွင်း (၉)နှစ်အကြာ ရေထဲမြှုပ်ထားပေးကာ "Zeus" "ဇု" နတ်မင်းကြီး၏အစွဲ ဥပါဒါန် ပြေပျောက်သည်အထိ ကာကွယ်ပေး၏။ "ဘော်လကန်" သည် အသက်(၉)နှစ်လွန်မြောက်လေသော် ပန်းပဲနှင့် လက်မှုအတတ်ကို ကောင်းစွာတတ်မြောက်ကာ နတ်ဌာ

နေတစ်ခုလုံး၏တီထွင်ရှင် ပန်းပဲဆရာကြီးအဖြစ် ရောက်ရှိလေသည်။ "The God Of Smithing"ဟု အမည်တွင်သည်။ ဘွဲ့အမည်ကိုလည်း "Hephaestus" "ဟီဖဲစတပ်"ဟု အမည်ခံယူလေ၏။ မီးကို စောင့်ရှောက်သော နတ်ဘုရားလည်းဖြစ်သည်။ နတ်ဒေဝတာတို့၏ အသုံးအဆောင်မှန်သမျှကို ဖန်ဆင်းတီထွင်သော ပန်းပဲနတ် မင်းကြီးဖြစ်သည်။ "ဘော်လကန်"အား ဖွားမြင်ပြီး သကာလ တစ်ခုသောနေ့တွင် "ဇု"နတ်မင်းကြီးသည် Lake Tritonis "တြိုင်တိုနစ်" ရေကန်နံဘေးတွင် လမ်းလျှောက်နေစဉ် ဦးခေါင်းပြင်းထန် စွာကိုက်ခဲ၍ မခံမရပ်နိုင်ဖြစ်နေစဉ် "ဟီဖဲစတပ်" ကိုခေါ်ယူ၍ အလွန်ထက်မြက်သောပုဆိန်ကို ဖန်တီးစေသည်။ ၎င်းနောက် အလွန်အင်အား ကြီးမားလှသော "Promethus"ကို ခေါ်ယူကာ တီထွင်ထားသော ထက်မြက်လှသည့်ပုဆိန်နှင့် ဦးခေါင်းပြင် နှစ်ခြမ်းဟက်တက်



www.burmeseclassic.com

www.burmeseclassic.com



ကွဲအောင် ထုခွဲလေသတည်း။ အံ့ဩစရာဖြစ်ရပ်ကြီးတစ်ခု ဖြစ်လာလေသည်။ ထက်ခြမ်းကွဲသွားသော ''ဇု''နတ်မင်းကြီး၏ ဦးခေါင်းအတွင်းမှ စစ်ထွက်သူတို့ဝတ်ဆင်သော ချပ် ဝတ်တန်ဆာကိုဝတ်ဆင်ထားသည့် အရွယ်ရောက် အလွန်တင့်တယ် လှပသော နတ်ဒေဝီတစ်ဦး ထွက် လာ၏။ ဘဝင်ညံ့၍ မိုးမြေသိမ့်သိမ့်တုန် ပွဲတင်ထပ်အောင် (With a shout that echoed throughout the world.) အော်ဟစ်ကာ ရှင်သန်ပေါ်ထွန်းလာ၏။ သူမ၏အမည်သည် ကား အေသီနာ ''Athena' 'ဖြစ်၏။ စစ်ဘက်ဆိုင်ရာ နတ်ဒေဝီ ဉာဏ်ပညာအတတ်နှင့်ပတ်သက်သော နတ်ဒေဝီ ဖြစ်သည်။ စစ်ရထား၊ စစ်သင်္ဘောမှအစ အိမ်တွင်းမှု၊ ချက်ပြုတ်၊ ချက်လုပ်နှင့်တကွ စစ်သို့စစ်ထိုးအဆုံး အတတ်ပညာ ရေးဖတ်တွက်ချက်မှု နတ်ဒေဝီ ''Wisdom and world'' ဟု သတ်မှတ်သည်။ အေသီနာသည် ''ဇု'' နှင့် ''မီးတပ်စ်'' မှ ဖွားမြင်သည်။ ''မီးတပ်စ်'' မှ အေသီနာအား သန္ဓေတည် စဉ် ''ဇု''နတ်မင်းမှ ဝါးမျိုချခဲ့သည်။ သန္ဓေဖြစ်သော အေသီနာသည် ပျက်စီးသွားခြင်း မရှိဘဲ ''ဇု'' နတ်မင်း၏ ကိုယ် အတွင်း ကပ်ငြိကြီးထွားလာသည်။ နတ်ဘုရား၏ ဉာဏစွမ်းအား၊ စိတ်အင်အားနှင့် တန်ခိုးတို့ကို ပိုင်ဆိုင်သူ ဖြစ်သည်။ အလွန်တင့်တယ် လှပသူလည်းဖြစ်သည်။ အေသီနာ အားမွေးဖွားပြီးနောက် ပုဆိန်နှင့် ထိုးခွဲလိုက်သော ဦးခေါင်းသည်လည်း ပကတိအကောင်းအဖြစ်သို့ ပြန်လည် ရောက်ရှိလာ၏။ ''ဇု'' နတ်မင်းကြီးသည် သူ၏ဦးခေါင်းမှ မွေးဖွားသော သမီးတော်အား အလွန်ချစ်မြတ်နိုးပေရာ နတ်တို့၏ အုပ်ချုပ်ရာ အိုလံပီယာနတ်ဘုရား တစ်ပါး



အဖြစ်သတ်မှတ်ကာ နတ်တိုင်းပြည်ကိုအုပ်ချုပ်စေသည်။

နတ်ဘုရင်မကြီး ''ဟီရာ'' မကျေမနပ် ဖြစ်လေသည်။ သူမမှ မွေးသောသားကို ခြေနင့်ကန်ချ၊ ခြေကျိုးဘဝ မသန်မစွမ်းဘဝရောက်အောင်ပြုပြီးချစ်ဦးသူ ''မီးတပ်စ်'' နှင့် ရကာ ဦးခေါင်းမှ ပေါက်ဖွားသော အေသီနာအား ဖူးဖူးမှုတ်နေရာ ပေးခြင်းအပေါ် အလွန်အမင်း မနာလိုစိတ်ပေါ်၏။ ''ဟီရာ'' သည် အေသီနာနှင့် ယှဉ်ရန်အလို့ငှာ သားတော်တစ်ပါးအား မွေးဖွားရန်ဆုံးဖြတ်လေ၏။ ''ဇု'' နတ်မင်းကြီး၏ အဖိုမျိုးစေ့ မပါဘဲ သူမ၏ခန္ဓာကိုယ်တွင်ရှိသော မဓာတ်သဘာဝ၏ ဆန့်ကျင်ဘက်အလုံးစုံရှိသော ဖိုဓာတ်သဘာဝနှင့် အတိပြီး သော သားတော်တစ်ပါးအား နတ်တို့တန်ခိုးနှင့်ဖန်ဆင်း ကာ သန္ဓေယူ၏။ သူမခန္ဓာကိုယ်မှ ကိုယ်ပွားအဖြစ် ခံယူလေ ၏။ မွေးဖွားလာသူသည်ကား ''Mars'' ''မားစ်'' မည်၏။ အင်္ဂါဂြိုဟ်မင်းမည်၏။ ''God Of War'' စစ်နတ်ဘုရား ဖြစ်၏။ အထက်မြက် ဆုံးမဓာတ်သဘာဝတို့၏ ဆန့်ကျင် ဘက် အထူးမြတ်ဆုံးသော အဖိုဓာတ်အလုံးစုံ ခိုအောင်းနေ သော ''Mars'' ''မားစ်'' သည်ကား ရက်စက်ကြမ်း ကြုတ်၏။ ရက်စက်၏။ သွေးဆာ၏။ တိုက်ပွဲဆာ၏။ အညှာ အတာကင်းမဲ့၏။ ကြင်နာသနားစိတ် လုံးဝမရှိ။ မိုက်ရိုင်း၏။ ကြမ်းတမ်း၏။ စိမ်းကား၏။ တိုက်ပွဲအလုံးစုံကို စိန်ခေါ်၏။ ရက်ရက်စက်စက် ပြတ်ပြတ်သားသား ရန်သူကို ချေမှုန်း တတ်၏။ မိုလ်မထား ထင်ရာစိုင်း၏။ မည်သူ့သြဝါဒကိုမှ ခံယူခြင်းမရှိ။ ဆတ်ဆတ်ထိမခံ။ ရဲမာန်ကြီးသည်။ နတ် ဒေဝတာတို့ အပါအဝင် လူသားအားလုံးတို့က ရွံ့ကြောက် ရသောအဆင့်ကိုရောက်၏။ ''ဟီရာ'' သည် အေသီနာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်ဆန့် ကျင်နိုင်သောအင်အားတစ်ခုကို ဖန်တီးနိုင်သည်။ စွမ်းအင်ချိန်ခွင်လျှာ "Power Balance" ရယူနိုင်ပေရာ သားရတနာဖြစ်သော "Mars"အား အိုလံပီယာအုပ်ချုပ်ရေးနတ်တစ်ပါးအဖြစ် ခန့်အပ်၍ဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းနေသော "မားစ်"ကို "ဇု"နတ်မင်းကြီးနှင့် အေသီနာတို့ ကပင် ခပ်ရွံရွံဖြစ်လေတော့၏။ ထိုသောအခါ "ဇု"နတ်မင်းကြီးသည် နတ်တို့ဌာနေ၌ လက်နက်တို့ကို ဖန်တီးသော ပန်းပဲနတ်မင်း ဘော်လကန်ထံချဉ်းကပ်ကာ "သားတော်မွေးဖွားစဉ်ကာလ သင့်အားကန် ကြောက်ကာ ခြေကျိုးဒုက္ခိတ ဖြစ်အောင်ပြုသော ငါ့အား ခွင့်လွှတ်လေတော့။ အလွန်ကြမ်းတမ်း လှသည့် "မားစ်"အား လက်နက်တစ်စုံတစ်ရာ ဖန်တီးတီထွင်ပေးခြင်းကို မပြုလေနှင့်။ သင်လိုရာ ဆန္ဒတို့အား တောင်းဆိုပါ" ဟူ၍ ဆိုကာ အပေးအယူပြု၏။ ထိုသော အခါ ဘော်လကန်သည် "အဖ ဇုနတ်မင်း နတ်ဒေဝီအေသီနာအား လက်ထပ်ခွင့်ပြုပါလော့" ဤကား ကျွန်ုပ်၏ တစ်ခုတည်းသော တောင်းဆိုချက်တည်း။

ပန်းပဲနတ်ဘုရား "Vulcan" ဘော်လကန်သည် "ဇု" နတ်မင်းကြီး ဦးခေါင်းအား ခွဲစိတ်ရန် ပုဆိန်တီထွင်၍ အေသီနာအား မွေးဖွားပေးစဉ်ကာလကပင် သူမအား မေတ္တာသက်ဝင် ချစ်ခင်လေသည်။ အလွန်တင့်တယ်သော အေသီနာနှင့် ဘော်လကန်တို့၏ ဘဝသည် အလွန်ခြားနားလှသည်။ နတ်တို့ဘုံ၌ အရုပ်ဆိုး၊ အကျည်းတန်ဆုံးနှင့် ခြေကျိုးမသန်မစွမ်းဖြစ်သူသည် ဘော်လကန်တစ်ပါးတည်းဖြစ်၏။ နတ်တို့တိုင်းပြည်တွင် ရုပ်ဆိုးမှုနှင့် အကျည်း တန်မှုတွင် စံချိန်တင်ဗိုလ်စွဲထားသူ ဖြစ်သည်၊ အခွင့်ရ၍ မြင်မြင်ချင်း စွဲလမ်းမိသည့်အေသီနာအား လက်ထပ်ရန်တောင်းဆိုခြင်းပေတည်း။ ထိုသောအခါ "ဇု"နတ် မင်းကြီးက အေသီနာသည် အပျိုစင်အဖြစ်ဆုပန်သော နတ်ဒေဝီ ဖြစ်သည်။ လက်ထပ်အိမ်ထောင် ပြုခြင်းငှာ မဖြစ်နိုင်။ နတ်တို့တိုင်းပြည်၌ အလှပဆုံးသူနှင့် သင့်အားလက်ထပ်ပေးမည်ဟုဆိုကာ "Venus""ဗီးနပ်စ်" နှင့် လက်ထပ်ရန် ဆောင်ရွက်စီမံလေတော့သည်။

"Venus" "ဗီးနပ်စ်"သည် သောကြာဂြိုဟ်ကို ပိုင်စိုးသည်၊ "Godess of Beauty" အလှနတ်ဒေဝီ ဖြစ်သည်၊ အနှိုင်းမဲ့သော အလှကိုပိုင်၏။ နတ်တို့တိုင်းပြည်မှ အရုပ်ဆိုးဆုံးသူ ဘော်လကန်နှင့် လက်ထပ်ရလေသော် နတ်တိုင်းဌာနေတွင် "အရုပ်ဆိုးသူသည် အလှဆုံးသူနှင့် လက်ထပ်ရသည်ဟူ သောစကားစာဖွဲ့ကာပြောဆို ဝေဖန်ကြကုန်သတည်း။ "ဇု" နတ်မင်းကြီးအား မလွန်ဆန်နိုင်၍ လက်ခံရသော "Venus"သည် "ဘော်လကန်" အား မေတ္တာထား၍မရ။ အေသီနာမှ အေသီနာဖြစ်နေသော ဘော်လကန်သည်လည်း အလှဆုံး "ဗီးနပ်စ်" ကို ပိုင်ဆိုင်လင့်ကစား အချစ်ကိုမရရှိ၍ စိတ်တိုင်းမကျ။ နှစ်ဦးပေါင်းစည်းမှုသည်ကား အချစ်မဲ့အိမ်ထောင် ဖြစ်လေသတည်း။

အလှနတ်ဒေဝီ "Venus" "ဗီးနပ်စ်"သည် အေသီနာအပေါ်၌ မကျေမချမ်းဖြစ်သည်။ အေသီနာရောက်ရှိမည့် ရုပ်ဆိုးဒုက္ခိတ၏ ဇနီးနေရာကို သူမမှအစားထိုးရောက်ရှိသည့်အပေါ် တန့်နှံ့ခံစားနေရသည့်အပြင် နတ်တို့၏ရယ်ပွဲဖွဲ့ လှောင်ပြောင်ခံရသောသူ့ဘဝကို အေသီနာကြောင့် ရောက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည် ဟူ၍ ခံစားရ၏။ အေသီနာကလည်း မကြာခဏဆို သလို သူမကိုတွေ့က သရော်ခြင်း၊ ခနဲ့ခြင်းပြုသည့်အပေါ် ပိုမိုမကျေနပ်ဖြစ်ရလေတော့သည်။ အနိုင်ကျင့်စိုးမိုးလှသော အေသီနာအား တိုက်ခိုက်ချေမှုန်းရန် အားကိုးရှာသောအခါ ''မားစ်'' ကိုတွေ့လေ၏။

အချစ်နှလုံးသားမဲ့သော ''Mars''ကို သိမ်းသွင်းရန် ကြံစည်နေသော နတ်ဒေဝီတစ်ပါးရှိ၏။ အီးရစ်အမည်ရှိ၏။ ကမောက်ကမ ဒေဝီ ''Godess Of Discord'' ဖြစ်၏။ နတ်ဒေဝတာနှင့် လူသားတို့ အဆင်မပြေ၊ သဘောကွဲလွဲ၊ စည်းဝါးမကိုက်အောင် ဖန်တီးသော နတ်ဒေဝီဖြစ်သည်။ တွဲသားတွဲလာပြုသည်။ ''Mars''ကို တစ်ဖက်သတ်ကြိုက် သည်။ ''Mars'' ''မားစ်''အား ဖိုသဘာဝလိုလား ချက် အား ဖြည့်စွက်ရင်း အချစ်ကိုငံ့လင့်နေသူဖြစ်သည်။ သူမ လက်မှ ''ဗီးနပ်စ်''က လုယူသည်။ အီးရစ် ထက်ပိုလွန်ကဲ သော သာယာမှုအပေါင်းနှင့် ပေးဆပ်နှောင်ဖွဲ့ကာ မေ့မူးနေ သော ''Mars''အား ချစ်တတ်ခြင်း၊ အချစ်ဇာတ်သွင်း၊ အချစ်စိတ်အား နှလုံးသားမှခံစားနိုင်အောင် ဖန်တီးလေ တော့သည်။

အမှန်တကယ်ချစ်ခြင်း မဟုတ်ဘဲ အေသီနာအား တိုက်ခိုက်ရန် သိမ်းသွင်းဖြားယောင်းခြင်း ဖြစ်သည်။ ထိုသော အခါ အချစ်မဲ့ကြမ်းတမ်းလှသော ''မားစ်''သည် အချစ် တတ်ဆုံးသောသူတစ်ဦး ဖြစ်လာသည်။ ''Venus'' ''ဗီးနပ်စ်'' သည်လည်း ''မားစ်''အပေါ်အမှန်တကယ်ချစ် မိသွားသည်။ ''Venus'' ''ဗီးနပ်စ်''နှင့် ''Mars'' ''မားစ်'' တို့၏ အချစ်ဇာတ်လမ်းသည် ကမ္ဘာတည်သရွေ့ တဖွဖွ ပြောနေရသော ဒဏ္ဍာရီတစ်ပုဒ်ဖြစ်လေတော့သည်။

(၉)ဂဏန်းသမားတို့သည် ''မားစ်''ကို ကိုယ်စားပြု သည်။ အချစ်မဲ့ကြမ်းတမ်းသော ''မားစ်'' ၏ ပထမဘဝ ပုံရိပ်ကဲ့သို့ အချစ်မရှိ၊ သံယောဇဉ်လည်းမထား။ ထင်ရာစိုင်း၊ ခေါင်းမာသောသူများ ဖြစ်သည်။

အီးရစ်ကဲ့သို့ အဖြည့်ခံအပြန်အလှန်သွားလာ တွဲဖက် သူကို တွေ့လင့်ကစား (၉)ဂဏန်းသမားတို့သည် နှစ်နှစ်ကာ ကာ မချစ်လင့်ကစား အတူသွားအတူလာ သံယောဇဉ် နှောင်ဖွဲ့သူနှင့် ဦးစွာတွေ့မည်။ ထိုချစ်ဦးသူသည် မနာလို တတ်၊ သဝန်ကြောင်တတ်သည်။ ပြဿနာအမြဲရှာတတ် သည်။ ကိုယ်နှင့် မိသားစုကိုလည်းကောင်း၊ ပတ်ဝန်းကျင် နှင့်လည်းကောင်း သဘောကွဲအောင် ပဋိပက္ခဖြစ်အောင် ဖန်တီးသူဖြစ်သည်။

''Venus'' ''ဗီးနပ်စ်''၏ အသုံးချရန် သိမ်းသွင်းခံရ သကဲ့သို့ မိမိကိုတစ်စုံတစ်ရာအသုံးချရန် နွယ်ယှက်လာသူ များနှင့် ချစ်သူဘဝရောက်မည်။ တစ်စုံတစ်ရာအား လက်စား ချေရန်၊ အရှုံ့တိုက်ရန်၊ ချစ်သူကြင်သူရှိလျက် မိမိအား အသုံးချရန် ညှို့ငင်သူများနှင့်တွေ့မည်။ အမှန်တကယ် အပြန် အလှန် ချစ်ကျွမ်းဝင်သွားလိမ့်မည်။

မိခင် ''ဟီရာ''၏ စကားကိုသော်လည်းကောင်း၊ စိတ်မှုအလုံးစုံကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်အလုံး စုံကိုသော်လည်းကောင်း ဆန့်ကျင်ကာ ''ဗီးနပ်စ်'' နှင့် လက်တွဲသကဲ့သို့ (၉) ဂဏန်းသမားတို့သည် မိမိဂုဏ် သိက္ခာ၊ မိဘဝန်းကျင်တို့ကိုဆန့်ကျင်ကာ ချစ်သူနောက် တကောက်ကောက်ပါတတ်သည့် အချစ်ရူးဆုံးသော ပေး


www.burmeseclassic.com



ဆပ်တတ်သော အချစ်ပိုင်ရှင်များ ဖြစ်ပေသည်။

အရာရာကိုစွန့်လွှတ်၍ အချစ်တတ်ဆုံးသော (၉) ဂဏန်းသမား အားလုံးတို့၏အချစ်ဘဝ ချောမွေ့စေရန် အင်္ဂါဂြိုဟ် ''မားစ်'' ၏ သင်္ကေတကို ဆောင်ယူသင့်သည်။

စက်ဝိုင်းတစ်ခုမှ မြှားတစ်စင်း ထွက်နေသောပုံသည်ကား ''မားစ်'' ၏ အမှတ်သင်္ကေတဖြစ်သည်။




အထက်ပါ''မားစ်''၏ သင်္ကေတကို မင်နီဖြင့် ရေးဆွဲဆောင်ယူခြင်းဖြင့် အချစ်လမ်းကြောင်း ချောမွေ့ခြင်းကို (၉)ဂဏန်းသမားများ ရရှိပေမည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ဂန္ထဝင်ဆန်တဲ့ အချစ်ရာဇဝင်

ကိုယ်ခံစားနေရတဲ့ အချစ်အကြောင်း

သင့်အချစ်ရေးနဲ့ အချစ်ကံကြမ္မာ

စံ–ဇဏိစို

www.burmeseclassic.com